


www.burmeseclassic.com
အောင်မြင်စာပေ
မြဝတ
နှုတ်သာရမ်
www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃
ဒေဝတာ
နှစ်ဘဝစံ/ဒေဝတာ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၄။
၁၆၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) ဒေဝတာ

ပုံနှိပ်မှတ်တမ်း
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် ဦးအောင်မြင့်၊ အောင်မြင့်ပုံနှိပ်တိုက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။
ဖြန့်ချိရေး အောင်မြင်စာပေ၊ ပထမအကြိမ် ၂၀၁၄ ခုနှစ်၊ (နိုဝင်ဘာလ) အုပ်ရေ(၅၀၀)။



# ဒေဝတာ

## နှစ်ဘဝစံ



www.burmeseclassic.com

www.burmeseclassic.com







# အခန်း (၁)

ညက အရွယ်မတိုင်မီမှာပင် ပိန်းပိတ်အောင် မှောင်နေခဲ့ပြီ။ မိုးအနည်းငယ်ရွာနေသောကြောင့် လမ်းပေါ်တွင် လူသွားလူလာ ကျဲပါးလို့နေ၏။ အများစုက အခန်းအောင်းနေကြလေပြီ။ ရန်ကုန်မြို့၏ လူစည်ကားရာ ကြည့်မြင်တိုင်တွင်လည်း မိုးကြောင့် အရောင်းအဝယ်၊ အသွားအလာတွေ ပျက်ကုန်၏။ စည်းကားသော ညဈေးတန်းမှာလည်း ရုတ်တရက် ခြောက်ကပ်လို့ သွားတော့၏။ ဈေးသည်များလည်း . မိုးကြောင့် ပေါ်မလာတော့မည့်



www.burmeseclassic.com

www.burmeseclassic.com



ဖောက်သည်များကို မျှော်မနေတော့ဘဲ ခင်းကျင်းထားသည်များအား ဝရုန်းသုန်းကား သိမ်းဆည်းနေကြတော့သည်။ ညအလှကား မိုးကြောင့် အကျည်းတန်သွားခဲ့လေပြီ။

မိုးတစ်ပြိုက်နှစ်ပြိုက်ကျပြီး လေကလေးသုတ်ဖြူးလိုက်သည်နှင့် ဓာတ်ကြိုးတွေ လှုပ်ခါရမ်းနေပုံက အသည်းထိတ်စရာပင်ကောင်းနေ၏။ မကြာမီမှာပင် မီးပြတ်သွားပြီး ရပ်ကွက်တစ်ခုလုံး မှောင်အတိကျသွားတော့သည်။ ခန္တီပါရမီနှင့် ပြည့်စုံနေကြပြီဖြစ်သည့် ပြည်သူများ ကိုယ့်အဆင့်နှင့်ကိုယ် မီးစက်နှိုးသူနှိုး၊ အင်ဗာတာသုံးသူသုံး၊ ဘက်ထရီထွန်းသူထွန်း၊ ဖယောင်းတိုင်မီး ညှိသူညှိနှင့် အလုပ်ပိုတွေ လုပ်နေကြရပြီဖြစ်သည်။

ထိုစဉ် အဆိုပါမြို့နယ်မှ မကြီးကြီးလမ်းအတွင်းရှိ အိမ်တစ်ဆောင်မှာလည်း မှောင်အတိကျသွားပြီး အော်ဟစ်သံများ ဆူညံသွားတော့၏။

"အား!. . . အောင်မလေး!. . ."

သုံးမိနစ်ခန့်ကြာတော့မှ ပြန်လင်းလာသည်။

အင်ဗာတာ ဖွင့်လိုက်သည့် အိခိုင်က. . .

"နင်တို့ကလည်းဟာ. . မီးပျက်တာများ ဒီလောက်တောင် အော်ရသလား"

"ဟဲ့. . သရဲခေါ်နေတုန်း မှောင်သွားတာလေ၊ ကြောက်တာပေါ့. ."

"တခန်းလုံးမှောင်မည်းသွားပြီး ဘာမှကိုမမြင်ရတော့တာဟ၊ ဒီမှာ လန့်လို့သေလိမ့်မယ်"

စာစုကျက်မည်ဆိုသည့် အကြောင်းပြချက်ဖြင့် အိခိုင်ထံ





ရောက်နေသည့် အိမ်နီးချင်းသူငယ်ချင်းများဖြစ်ကြသော ယုမိစံနှင့် မိုးမခ၏ အကဲပိုကြောက်လန့်မှုကို အိခိုင်က အပြစ်တင်သလို ပြောလိုက်သဖြင့် အသီးသီးဆင်ခြေပေးလိုက်ကြသည်။

"ကဲ. . ပြော၊ သရဲခေါ်တာကို ဆက်လုပ်မှာလား"

"လုပ်မှာပေါ့ဟဲ့"

"နေပါဦး. . နင့်ဟာက ဟုတ်ရောဟုတ်ရဲ့လား ဘယ်ကရတဲ့နည်းလဲ"

မယုံသလိုမေးလာသည့် ယုမိစံစကားကြောင့် အိခိုင် နည်းနည်းဒေါသထွက်သွားသည်။

"နင်ကများ ငါ့ကိုမယုံသက်ကနဲ့၊ ဒါ တကယ့်ရှေးအစီရင်တွေ သိရဲ့လား"

"ငါတို့ အဲဒီတစ္ဆေသရဲတွေကို မြင်ရမှာလားဟင်"

အိခိုင်က ခေါင်းခါပြပြီး. . .

"ဒါတော့ အသေအချာ မပြောတတ်သေးဘူး၊ သေချာတာကတော့. . ငါတို့သိချင်တာကို မေးလို့တော့ရလိမ့်မယ်"

"ဘာတွေမေးမှာလဲ အိခိုင်ရဲ့"

ယုမိစံက မျက်နှာငယ်လေးနှင့် မေးလေ၏။ မိုးမခက. .

"ငါတို့စာမေးပွဲမှာ ဘာတွေမေးမယ်ဆိုတာ မေးကြည့်လို့ရမှာလား"

ယုမိစံက မိုးမခလက်မောင်းကို လှမ်းပုတ်ရင်း. .

"ဟယ်. . နင်ကလဲ၊ သရဲက ဘယ်လိုလုပ် သိနိုင်မှာလဲဟဲ့"

"သူတို့က သရဲတွေပဲ၊ မေးခွန်းတွေ သွားခိုးကြည့်လို့ ရချင်ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း လုပ်ပေါ့ အိခိုင်ရာ"

"ကြောက်ပေမယ့် ဟုတ်မဟုတ်တော့ သိချင်တယ်"

နှစ်ယောက်လုံးက ဝိုင်းပြီးထောက်ခံကြသဖြင့်. . . အိခိုင် လုပ်စရာရှိတာတွေ ဆက်လုပ်သည်။ ထမင်းဖြူ ခုနစ်ဆုပ်,ဆုပ်၍ ငှက်ပျောဖက်ပေါ် ပုံသည်။ ရေခဲသေတ္တာထဲထည့်ထားသည့် အသား စိမ်းထည့် ပလပ်စတစ်ဘူးကိုထုတ်ယူကာ အမဲသားစိမ်း ခတ်ပါးပါး ခုနစ်လွှာလှီးယူကာ ထမင်းဆုပ်များပေါ် တစ်လွှာစီတင်ထားလိုက် သည်။

ထိုထမင်းဆုပ်များပါသည့် ငှက်ပျောဖက်အား မီးဖိုချောင် သုံး ဝါးစကာခုံး တစ်ခုထဲသို့ ထည့်၏။ ပြီးတော့ ဘုရားမှဆောင်းတန်း မှ ဝယ်လာသော တံခွန်ကုက္ကားနှစ်ခုကို ဇကာအပေါက်ထဲ ထိုးသွင်း ကာ စိုက်လိုက်သည်။

နောက်ဆုံးအဆင့်အဖြစ်. . ထမင်းဆုပ်များအလယ်တွင် ဖယောင်းတိုင်တစ်တိုင်စိုက်ပြီး မီးညှိလိုက်သည်။ ထိုဇကာကို အိခိုင် ကိုင်မြှောက်ကာ အရပ်လေးမျက်နှာသို့ တင်မြှောက်ဦးတိုက် လိုက် ပြန်သည်။

"ဤအရပ် ဒေသဝန်းကျင်တစ်ဝိုက်တွင် မကျွတ်လွတ်သေး သော ဝိညာဉ်များရှိနေပါက. . ဒီခေါစာခွက်အား လာရောက်သုံး ဆောင်ရန် ဖိတ်ခေါ်ပါသည်. . ."

အိခိုင်က ထိုအတိုင်း သုံးကြိမ်သုံးခါ ရွတ်ဆိုသည်။ ယုမိစံနှင့် မိုးမခတို့ကတော့ အိခိုင်အိပ်ခန်းကြမ်းပြင်ပေါ်မှ ခေါစာခွက်အား မမှိတ်မသုန် ကြည့်ရင်း. .

"သရဲဝင်လာတာတယ်ဆိုတာ ငါတို့ ဘယ်လိုသိရမလဲ"





"ရှူး. . ငါလုပ်တာကို သေချာကြည့်"

ပြောပြီး အိခိုင်က ခေါစာခွက်ဘေး ချထားသော အကြွေစေ့ နှစ်စေ့ကို လှမ်းယူလိုက်သည်။ ပြီးနောက်. .

"တစ္ဆေသရဲများ ဒီအခန်းထဲ ရောက်နေပြီဆိုလျှင် ခေါင်းကျ ပါစေ၊ အကယ်၍ မရောက်သေးပါက ပန်းကျစေသား"

ထိုသို့ပြောပြီး အကြွေစေ့ကိုထောင်ကာ. . အိခိုင် တောက် လိုက်၏။ ခဏကြာတော့. . အကြွေစေ့လေး လည်နေရာက လဲကျ သွား၏။ အဖြေကတော့ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းပုံကို ပြနေသော ပြီ။

"ဟင်!. ."

"အမလေး. . ရောက်နေပြီပေါ့. ."

အားလုံး ကြက်သီးထသွားကြသည်။ ဘယ်သူမှမလှုပ်ရဲကြ။

အတန်ကြာသည်အထိ ဘာမှထူးခြားမှု မတွေ့သဖြင့် ယုမိစံ က. . .

"ဟဲ့!. . သရဲက ဘယ်မှာလဲ၊ ဘာမှလည်း မတွေ့ရပါလား"

အိခိုင် ဘော(လ်)ပင်တစ်ချောင်း ထပ်ထုတ်လာပြန်သည်။

ထို့နောက် ဘော(လ်)ပင်ကို ကြမ်းပြင်ပေါ်ချပြီး လှည့်ကာ ပါးစပ်မှလည်း. .

"ဒီအခန်းထဲမှာ ရောက်နေတယ်ဆို. . သင် အခု ဘယ်နေ ရာမှာလဲ. . ဘော(လ်)ပင်နှင့် ညွှန်ပြပါ"

"အမလေး. . ဘာတွေမေးနေတာလဲ အိခိုင်ရယ်၊ ငါကြက် သီးထလာပြီဟဲ့. ."

ယုမိစံ. . မိုးမခအနားတိုးကပ်ကာ ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘော(လ်)ပင်လည်နေတာ ရပ်သွားသည်နှင့် ဘော(လ်)ပင် ဦးချွန်က ယုမိစံနှင့် မိုးမခတို့၏ နှစ်ယောက်ကြားသို့ ညွှန်ပြနေ၏။

"ဟယ်. . ဟယ်. . တို့. . တို့ဘက်မှာ. . ."

နှစ်ဦးသား ကြောက်ကြောက်နှင့် နောက်လှည့်ကြည့်ကြသည်။ ဘာမှမတွေ့မှ ရင်ကိုဖိကာ အမောဖြေကြ၏။

ထိုအခိုက်မှာပင် ခေါ်စာခွက်ထဲမှ ဖယောင်းတိုင်က လေမတိုက်ဘဲ ဟုတ်ခနဲ ငြိမ်းသွားသည်။ အိခိုင်တို့တစ်သိုက် ခေါင်းထောင်သွားကြ၏။

"ဟင်!. . ဘာဖြစ်တာလဲ ဖယောင်းတိုင်မီး ငြိမ်းသွားပြီ"

"အေး. . အခန်းထဲမှာလည်း လေမတိုက်ဘဲနဲ့"

ထိုစဉ်. . .

"ကျွီ!. . ."

အခန်းတံခါးဖွင့်သံ ကြားလိုက်ရသည့်အတွက်. . အားလုံး သွေးနားထင် ဆောင့်တက်ကုန်၏။ အသံလာရာဆီ လှမ်းကြည့်မိသည်တွင် တဖြည်းဖြည်းပွင့်လာသည့် မှောင်နေသည့် တံခါးနောက်ကွယ်မှ. . ဆံပင်ဖားလျားနှင့် ဖြူဖြူဖွေးဖွေး လူသဏ္ဌာန်တစ်ခုအား တွေ့လိုက်ကြရ၏။

"ဟင်!. . ဒါ. . ဒါ. ."

"အမလေး!. . သရဲ. . သရဲ. ."

ယုမိစံနှင့်မိုးမခ တစ်ယောက်ကိုတစ်ယောက်ဖက်ပြီး အလန့်တကြား အော်ကြတော့သည်။ ကြောက်သော်လည်း မကြည့်ဘဲ မနေနိုင်သဖြင့် မျက်လွှာပင့်ကာ ခိုးကြည့်ကြသေး၏။

အပေါက်ဝမှ ဝင်လာသည့် ထိုဖြူဖြူကြီးက သူတို့အုပ်စုထံ





ဦးတည်လို့ လာနေလေပြီ။ တဖြည်းဖြည်းနှင့် နီးလာသည်မို့ သူတို့အားလုံး. . နောက်သို့ တရွေ့ရွေ့ ဆုတ်နေကြ၏။

"ဟဲ့!. . နင်တို့ ဘာတွေလုပ်နေတာလဲ"

"ဟင်!. . မမ၊ ဘာ. . ဘာမှမလုပ်ပါဘူး မမရဲ့"

သရဲနှင့် အိခိုင်တို့ အပြန်အလှန် စကားပြောသံကိုကြားမှ ယုမိစံနှင့်မိုးမခတို့ မော့ကြည့်ကြသည်။

"နင်တို့ စာမကျက်ဘဲ ပေါက်ကရတွေ လုပ်နေတယ်ပေါ့ ဟုတ်လား"

"အိပ်ချင်ပြေလေး ခဏဆော့နေတာပါ မမရယ်"

"တော်စမ်း. ."

ထိုအခါမှပဲ ယုမိစံတို့ သရဲထင်ပြီး ကြောက်မိတာ အိခိုင်အစ်မ 'ပိုးအိ'မှန်းသိပြီး ကြောက်စိတ်တွေ ပြေသွားကြ၏။

"ကြည့်စမ်း ဒါကဘာတွေလဲ၊ နင့်ကိုနင် စုန်းမများ အောင့်မေ့နေလား"

သရဲခေါ် ခေါ်စာခွက်ကို လက်ညှိုးညွှန်ပြီး ပိုးအိက မေးသည်။ အိခိုင် စပ်ဖြဲဖြဲနှင့်. . .

"သူတို့က သရဲမြင်ဖူးချင်တယ်ဆိုလို့ ခေါ်ပေးနေတာပါ မမရဲ့. . သူတို့. . သူတို့. . ဟီးဟီး. ."

"တိတ်စမ်း. . စာကျက်ဖို့ ခေါင်းစဉ်တပ်ပြီး မလုပ်ကောင်းတာတွေ လျှောက်လုပ်နေကြတယ်ပေါ့လေ၊ စာမေးပွဲက. . နေ့တော့ အပတ်ပဲ စစ်တော့မယ်၊ အမေ့ကိုနိုးပြီး တိုင်လိုက်ရမလား"

"မတိုင်ပါနဲ့ မမရယ်"

"ဒါတွေသိမ်းလိုက်၊ မီးပျက်နေတော့ စာလည်းကျက်မနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



တော့. . အားလုံးအိပ်ကြတော့ ကြားလား"

"ဟုတ်. . ဟုတ်ကဲ့ မမ"

မိုးမခနှင့် ယုမိစံကတော့ ကြောက်ကြောက်နှင့် အိပ်ရာပေါ် ပြေးတက်သွားကြသည်။ ပိုးအိထွက်သွားသည်နှင့် ယုမိစံက. .

"နင့်အစ်မပိုးအိကလည်း ဒေါသကြီးပဲ. ."

"အဲဒါကြောင့် အခုထိ နာမည်ခံရည်းစားတောင် မရသေးတာကြည့်ပေါ့"

မိုးမခကလည်း မေတ္တာပို့လျှက်. .

"သူ့ကို သရဲခြောက်ပါစေတော်. ."

"ကဲ. . ငါတို့ ထပ်လုပ်ကြမလား"

အိခိုင်က ထမလာသေးဘဲ ပြောနေသေး၍. .

"လာပါဟာ. . နင့်အစ်မ ထပ်ရောက်လာပါဦးမယ်"

"ဟဲ့!. . တစ္ဆေသရဲတွေကို ခေါ်တုန်းကခေါ်ပြီး မပြန်ခိုင်းဘဲထားအုံးမလို့လား၊ မပြန်ခိုင်းရင် နင်တို့ အိပ်နေတုန်း လည်ပင်းလာညှစ်နေအုံးမယ်နော်"

ထိုသို့ပြောပြီး. . အိခိုင်ကိုယ်တိုင်ကလည်း ဘာမှမသိမ်းဘဲ အိပ်ရာထဲ ပြေးဝင်သွားတော့၏။

ဒီလိုနှင့် ညသည် လုံးဝဥဿုံ တိတ်ဆိတ်သွားတော့သည်။

သို့သော် ထူးခြားမှုကတော့ စတင်ဖြစ်ပေါ်လေပြီ။ အားလုံးအိပ်ပျော်နေကြပြီမို့ ဘယ်သူမှ မသိလိုက်ကြ။

မျက်နှာကျက်တွင် တွဲလောင်းချိတ်ဆွဲထားသော ဆွဲလည်းလေး လှုပ်ခတ်ကာ တိုးတိုးညှင်သာစွာ အသံထွက်လာ၏။ အိခိုင်မသိမ်းဆည်းခဲ့သော ဘော(လ်)ပင်လေးမှာလည်း သူ့အလိုလို ကြမ်းပြင်ပေါ်တွင် စလည်လာလေပြီ။ လည်တာမှ မွတ်နေအောင် လည်နေ၏။

ခဏကြာတော့ အရှိန်လျော့ကာ လည်နေတာ ရပ်သွား၏။ သို့သော် ဘော(လ်)ပင်၏ ဦးချွန်က ပွင့်နေသော အခန်းတံခါးဆီ ညွှန်ပြနေ၏။ မိန်းမတစ်ယောက်နှင့် သဏ္ဍာန်တူသော အရိပ်တစ်ခု ထိုတံခါးဝမှ ထွက်သွားသည်ကို ဘယ်သူမှ မသိလိုက်ကြတော့. .။

ထိုအခိုက် အိမ်ထဲရှိ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသူတစ်ဦး၏ အိပ်မက်နယ်ပယ်တွင် ခြောက်ခြားစရာအဖြစ်တစ်ခု လုံးထွေးရှုပ်ပတ်လာတော့သည်။ အိပ်မက်၏သားကောင်မှာ ပိုးအိ ဖြစ်၏။

ပိုးအိတစ်ယောက် ကမ်းမမြင်လမ်းမမြင် ပင်လယ်ကြီးအတွင်း ရောက်နေရှာသည်။ ရေကလည်း မကူးတတ်သဖြင့် အခက်တွေ့နေ၏။ ကြားဖူးနားဝအတိုင်း ရေထဲစက်ဘီးစီးသလို ကိုယ်ဖော့တာ လုပ်ကြည့်သည်။

အောက်သို့မြုပ်မသွားဘဲ ပေါ်လိုက်မြုပ်လိုက် ဖြစ်နေချိန်တွင် ခြေထောက်အား တစ်စုံတစ်ယောက်က ဆောင့်ဆွဲလိုက်သလို အောက်သို့ပါသွားတော့၏။

ပိုးအိ ထိတ်လန့်သွားသည်။ ငါးမန်းလိုအကောင်မျိုး ကိုက်ဆွဲတာများလားအထင်နှင့်. . သေဖို့သာ တွေးထားလိုက်မိတော့သည်။

ကြည်လင်နေသောရေအောက်အရောက် သူမအားဆွဲသွားသောအရာကို ကြည့်မိသည်။ ငါးမန်းတစ်ကောင်မဟုတ်ဘဲ မိန်းမတစ်ယောက် ဖြစ်နေသောကြောင့် တုန်လှုပ်ချောက်ချားသွားသည်။

ပိုးအိ အထိတ်တလန့်နှင့် ဆောင့်ရုန်းကာ ရေပြင်ထက်သို့ ပြန်တက်၏။






www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းမက လုံးဝအလွတ်မပေး၊ အားစိုက်ဆောင့်ဆွဲလိုက်သည့်အတွက် ရေအောက်တစ်လံအထိ ပါသွားပြန်သည်။

ရေအောက်မှာ အချိန်ကြာလာသည်မို့ ပိုးအိ အဆုတ်ထဲ၌လည်း အောက်စီဂျင်လက်ကျန်က မရှိသလောက် နည်းနေပြီဖြစ်သည်။

ခြေထောက်အား ဆွဲထားသောလက်ကို ကန်ကျောက်ရင်းနှင့် အိပ်မက်မက်နေရာမှ လန့်နိုးသွားလေသည်။

စပ်ဖျင်းဖျင်း ဖြစ်နေသည့် မျက်လုံးများအား ပွတ်သပ်ပြီးကြည့်လိုက်ချိန်တွင် သူ့အိပ်ရာထက်၌ စောင်တွေ၊ ခေါင်းအုံးတွေ တစ်ခုမှမရှိတော့။ ကန်ကျောက်ထားလို့ ခုတင်အောက်သို့ အကုန်ပြုတ်ကျနေပြီ။

"ဟူး. . တော်ပါသေးရဲ့ အိပ်မက်မို့လို့၊ မက်လိုက်တိုင်းလဲ ရေနစ်တဲ့ အိပ်မက်တွေပါပဲလားကွာ. . "

နာရီကြည့်တော့ ခြောက်နာရီ၊ ကျောင်းချိန်က ရှစ်နာရီဖြစ်၍ အေးအေးဆေးဆေး ခေါင်းလျှော်ရေချိုးဖို့ အချိန်ရသည်ဟု တွေးပြီး ခုတင်ပေါ်မှ ဆင်းခဲ့လိုက်သည်။ ညီမဖြစ်သူအိခိုင် အခန်းရှေ့အဖြတ်. . ပွင့်နေသောတံခါးမှ လှမ်းကြည့်လိုက်သည်။ အခန်းထဲ အိခိုင်တို့တစ်သိုက် ပိုးလိုးပက်လက် အိပ်နေကြဆဲ. . ။

ပိုးအိ မီးဖိုချောင်ကိုဖြတ်၍ ရေချိုးခန်းသို့ ဦးတည်လျှောက်လာခဲ့၏။ မီးဖိုချောင်ကို အဖြတ်မှာပင် ရေကျသံကို နားထဲကြားမိသဖြင့် လှည့်ကြည့်မိသည်။

အသံလာရာစူးစမ်းသည့် ပိုးအိအကြည့်က ဘေစင်မှ ဘုံဘိုင်ခေါင်းသို့ ရောက်သွားသည်။ ဘုံဘိုင်ခေါင်းမှ ရေက တစ်စက်ချင်း





စတီးဘေစင်ထဲသို့ ကျနေခြင်းဖြစ်သည်။

"တောက်. . တောက်. . တောက်. . "

ထိုအသံက တိတ်ဆိတ်နေသော မီးဖိုချောင်ထဲ ချောက်ချားဖွယ်ကောင်းလွန်းနေသည်။ ပိုးအိ ဘေစင်ဆီသို့ လျှောက်လာရင်း ရေဘားကိုလှည့်ကာ တင်းတင်းပိတ်လိုက်သည်။

ဘေစင်ထဲမှာရေက ပြည့်လုပြည့်ခင် ဖြစ်နေသည့်အပြင်. . မဆေးရသေးသော ပန်းကန်များနှင့် စားကြွင်းစားကျန်များက ရှုပ်ပွနေ ဖြစ်နေ၏။

"ဟင်း. . . ဟိုကောင်မတွေ စည်းကမ်းကိုမရှိဘူး၊ ကိုယ့်ပန်းကန်တောင် ကိုယ်မဆေးနိုင်တဲ့ ဒုက္ခိတတွေပဲ"

ဘေစင်ထဲမှ ပန်းကန်များကိုဖယ်ကာ စားကြွင်းစားကျန်များကို အမှိုက်ပုံးထဲထည့်ရသည်။ ရေဆင်းပေါက်က အစာဖတ်တွေနှင့် ပိတ်နေသဖြင့် ရေဆင်းပေါက်မှ အတွင်းဇကာအဆို့ကို ဆွဲထုတ်လိုက်၏။ အဆို့က အလွယ်တကူ ထုတ်၍မရ။

ပိုးအိ စိတ်မရှည်စွာ အားနှင့်ဆောင့်ဆွဲလိုက်ရာ အဆို့က ပြုတ်ထွက်ပြီး လက်ထဲပါလာသည်။

"ဟင်!. . ဘာ. . ဘာတွေလဲ"

အဆို့တွင် ငြိတွယ်ပါလာသည်က တစ်တောင်ခန့်ရှိမည့်ဆံပင်ရှည် အထွေးလိုက်ကြီး ဖြစ်နေသည်။

"ဒါ. . ဒါ. . ဆံပင်အထွေးကြီးပါလား"

ပိုးအိ ရွံလွန်းသည်မို့ လက်ထဲမှဇကာအဆို့အား လွှင့်ပစ်လိုက်သည်။ ထိုအချိန်တွင်. . .

"ကျွီ!. . ကျွီ!. . "



www.burmeseclassic.com

www.burmeseclassic.com



ဘေစင်ဘုံဘိုင်ခေါင်းကို တစ်ယောက်ယောက်လှည့်ဖွင့်နေသလို အသံထွက်ပေါ်လာ၏။ သူသေချာလှည့်ပိတ်ခဲ့သော ဘုံဘိုင်ခေါင်း လည်နေသော်လည်း လှည့်ဖွင့်နေသူကို မတွေ့ရ။

ပဟေဠိတွေနှင့် ဝေခွဲမရဖြစ်နေစဉ် ရေတွေပွက်ပွက်ထလာသံကိုပါ ကြားလိုက်ရ၍ ပိုးအိ လန့်သွားရသည်။

ရေဆင်းပေါက်ပွင့်သွား၍ ဘေစင်ထဲမှရေတွေ ဆင်းသွားရည့်အစား ထိုအပေါက်မှပင် ရေတွေပြန်ထွက်လာသည်ကို မြင်လိုက်ရသည်မို့ ပိုးအိ ခြေမကိုင်မိ လက်မကိုင်မိဖြစ်အောင် အံ့သြရသလို ကြောက်စိတ်တွေလည်း တဖွားဖွားဖြစ်ပေါ်လာ၏။ ခဏအတွင်းမှာပင် ဘေစင်ထဲရေပြည့်လျှံသွားကာ အောက်သို့စီးကျလာတော့သည်။

ဘုံဘိုင်ခေါင်းမှ ရေတွေကျနေသလို ရေဆင်းပေါက်ထဲက ရေတွေပြန်လျှံ တက်လာတာကလည်း ရပ်မသွားသည့်အတွက်. . မီးဖိုချောင် အခင်းကြွေပြားပေါ် ရေကွက်ကြီးတစ်ခု ဖြစ်သွားကာ. . ရေစီးကြောင်းကြီးတစ်ခု ဖြစ်သွားသည်။

ထိုရေစီးကြောင်းက ပိုးအိခြေထောက်ဆီသို့ ဦးတည်စီးဆင်းလာတော့၏။ ရေက ခြေထောက်ကိုထိသည်နှင့် ပိုးအိကိုယ်ထဲ စိမ့်ဝင်သွားတော့သည်။ မယုံနိုင်စရာ ထိုအဖြစ်ကို ပိုးအိ မခံစားနိုင်တော့ဘဲ. . အကြီးအကျယ်ကြောက်လန့်ကာ မီးဖိုချောင်ထဲမှ ထွက်ပြေးဖို့ ခြေလှမ်းပြင်လိုက်သည်။

သို့သော် သူမခြေထောက်တစ်ဖက်က ကျောက်တုံးကြီးဆွဲထားသလို လှုပ်လို့မရအောင် လေးလံနေ၏။ ခြေထောက်ကို အားစိုက်ဆွဲယူကာ တံခါးဆီရောက်အောင် တရွတ်ဆွဲသွားနေမိသည်။

မီးဖိုခန်းတံခါးပေါက်နားအရောက်တွင်. . .





"ကျွီ!. . ဝုန်း!. . "

တံခါးက ဝုန်းခနဲ အလိုလိုပိတ်သွား၏။ ပိုးအိ ရေချိုးခန်းဘက် ပြန်လှည့်ပြေးဖို့ ကြံစည်လိုက်စဉ်မှာပင်. . ကြမ်းပြင်ပေါ်ရှိ ရေအိုင်ထဲမှ တစ်စုံတစ်ယောက် တိုးထွက်လာတာ တွေ့လိုက်ရသည်။

"ဟင်!. . ."

ရေစိုအဝတ်အစားနှင့် မိန်းမတစ်ယောက်. . ၊ ရဲရဲတောက်နီနေသည့် မျက်ဝန်းများဖြင့် သူမအားစိုက်ကြည့်နေသည်။

"ဟင်!. . နင်. . နင်. . ပ. . ပ. . "

သူဘယ်သူလဲဆိုတာ ပိုးအိ သိလိုက်သည်။ ရေစိုအမျိုးသမီးကတော့ သူမထံတရွေ့ရွေ့ တိုးကပ်လာနေ၏။

နောက်ဆုံး. . .


"အား!. . ."

ပိုးအိ အော်လိုက်သော အသံနက်ကြီးက အိပ်ပျော်နေသူအားလုံးကို လန့်နိုးသွားစေတော့၏။





www.burmeseclassic.com



www.burmeseclassic.com





# အခန်း (၂)

နံနက်ခင်း၏ ပြင်းအားနုနု နေခြည်အောက်တွင် သက်ရှိတို့ လှုးလွန့်လှုပ်ရှား နိုးထလာကြပြီဖြစ်သည်။ နေရာအနှံ့အပြားမှ ထွက်လာကြသောလူတို့ သူတို့အလိုရှိရာ အရပ်ဌာနဆီသို့ ဦးတည်သွားနေကြသည်။

အလုပ်သွားမည့်သူအားလုံး လမ်းပေါ်သို့ မရောက်ခင်မှာပင်. . လမ်းပေါ်မှာ ကားတွေလူတွေ ပြည့်လုမတတ် ပိတ်ကြပ်နေပြီဖြစ်သည်။ ကားသံလူသံတွေ ဆူညံပြီး နံနက်ခင်းကို အသက်သွင်း

www.burmeseclassic.com



နေသလိုရှိ၏။

သို့သော်. . နေရာအနှံ့ ဆွေညံ့ပွက်လောရိုက်နေသည်တော့ မဟုတ်၊ ဣန္ဒြေကြီးကြီးနှင့် တိတ်ဆိတ်ငြိမ်သက်နေသော နေရာများလည်း ရှိနေသေးသည်။ ထိုအထဲတွင် အလုံမြို့နယ်အတွင်းမှ အိမ်ကြီးတစ်ဆောင်လည်း အပါအဝင်ဖြစ်သည်။

အလုံမြို့နယ်ရှိ ဗဟိုအမျိုးသမီးဆေးရုံကြီးနှင့် မနီးမဝေးခြံကျယ်ကြီးအတွင်းမှ ခေတ်မီနှစ်ထပ်တိုက်တစ်လုံးကတော့ လှုပ်ရှားသက်ဝင်နေသည့်ဝန်းကျင်နှင့် ဘာမှမသက်ဆိုင်သလို ငြိမ်သက်နေဆဲပင်ဖြစ်သည်။

ထိုတိုက်ကြီးအတွင်း ခမ်းနားထည်ဝါသော အိပ်ခန်းထဲမှ စိမ်ခုတင်ကြီးပေါ်တွင် မိန်းမလှလေးတစ်ယောက် ပက်လက်အနေအထားနှင့် အိပ်ပျော်နေသည်။ လိုက်ကာခန်းဆီးများကြားမှ နေရောင်ခြည်က မဝှံမရဲလေးသာ တိုးဝင်နေရသဖြင့်. . အခန်းတွင်း၌ အမှောင်က အားကောင်းနေဆဲပင်ဖြစ်သည်။

တိတ်ဆိတ်ငြိမ်သက်နေသော ထိုအခန်းအတွင်း ရေကျသံတစ်ပေါက်ပေါက် ထွက်နေ၏။ မျက်နှာကျက်မှ စိမ့်ကျလာသည့်ရေစက်များက မိန်းမပျို၏ မျက်နှာပေါ်သို့ ကွက်တိပင် ကျနေသည်။

ပက်လက်အိပ်နေခြင်းဖြစ်သည်မို့ ကျလာသည့် ရေစက်များနှာခေါင်းထဲဝင်သွားသဖြင့် ရေမွန်းသလိုဖြစ်ပြီး ထိုမိန်းမပျိုလေးလန့်နိုးသွားကာ ထထိုင်လိုက်၏။ ထိုင်လိုက်သည့်အတွက် နှာခေါင်းထဲမှ ရေစက်တချို့ ပြန်ထွက်လာသည်။ သို့သော်. . ရေမဟုတ်တော့သွေးတွေဖြစ်နေပြီ။

"ဟင်. . သွေးတွေပါလား"





ပယင်း နှာခေါင်းသွေးလျှံသည်အထင်နှင့်. . နှာခေါင်းကိုလက်ခုံနှင့် သုတ်လိုက်၏။ ထိုစဉ်. . သူမ ခေါင်းပေါ်သို့ ရေတစ်စက်ကျလာပြန်သည်။

သူမ အလန့်တကြား မော့ကြည့်လိုက်၏။ အလှဆင်ထားသည့်မျက်နှာကျက်တွင် ရေစိုကွက်မရှိဘဲ ရေတစက်စက် ကျနေသည့်အတွက်လည်း အံ့သြမဆုံးဖြစ်နေလေသည်။

ခုတင်ပေါ် ရပ်၍ မျက်နှာကျက်အား အသေအချာမော့ကြည့်လိုက်ချိန်တွင် ရေကျတာမတွေ့တော့၍ ဇဝေဇဝါဖြစ်သွားလေသည်။ ထိုစဉ်. . .

"တီ. . တီ. . တီ. . . တီ. . "

နိုးစက်မှ အချက်ပေးသံမြည်လာ၏။

နာရီကြည့်တော့ ခုနစ်နာရီပင်ရှိနေပြီ။ ဒီနေ့သွားစရာတွေများတာ သတိရပြီး ရေကျသည့်ကိစ္စကို မေ့ပစ်လိုက်ကာ အပြင်ထွက်ဖို့ ပြင်ဆင်တော့သည်။ ရေမိုးချိုးအဝတ်အစားလဲကာ အိမ်ပေါ်ထပ်မှ သူမပြေးဆင်းလာခဲ့၏။

လှေကားမှပြေးဆင်းလာသည့်ခြေသံကို ကြား၍ မေမေတာ လှမ်းခေါ်ရင်း. .

"သမီး. . သမီး. . ပယင်းရေ. . မနက်စာ စားသွားဦးလေ"

"ဟုတ်. . အမေ"

ပယင်း ထမင်းစားခန်းထဲ အပြေးဝင်ခဲ့သည်။ မေမေ. . ခေါ်သန္တာက ကော်ဖီတွေ၊ မုန့်တွေနှင့် အသင့်စောင့်နေ၏။

"သမီး အခေါ်အဝေါ်တွေ ပြောင်းလို့ပါလား။ တစ်သက်လုံး မေမေ ခေါ်နေရာကနေ. . ဘာလို့ အမေဖြစ်သွားရတာလဲ၊ မနေ့က



www.burmeseclassic.com

www.burmeseclassic.com



သမီးမွေးနေ့မှာ သူငယ်ချင်းတွေနဲ့ပျော်ပြီး ပြန်လာကတည်းက ပုံစံအမူအရာတွေ ပြောင်းသွားလိုက်တာ. . ၊ ပြီးတော့ ပြန်ရောက်ကတည်းက နေမကောင်းဖြစ်ပြီး အိပ်ပျော်သွားတာ အခုမှထလာတယ်၊ ခုတော့ နေကောင်းသေးရဲ့လား၊ မနေ့က မွေးနေ့ပွဲအကြောင်းတွေ မေမေ့ကို ပြောပြဦးလေ. . .”

ပယင်းက ကော်ဖီခွက်ကို မော့သောက်လိုက်ပြီး သူ့မေမေကိုပြုံးပြကာ. . .

“နေကောင်းသွားပါပြီအမေ. . အဲ. . မေမေ၊ ဒါပေမယ့် အဲဒီမွေးနေ့က အဖြစ်အပျက်တွေရော၊ မွေးနေ့ရှေ့ပိုင်းက အဖြစ်အပျက်တွေရော ဘာတစ်ခုမှ သမီးမမှတ်မိတော့ဘူး”

“ဟင်. . သမီး. . မွေးနေ့ပွဲမှာ ခေါင်းတွေဘာတွေ ထိခိုက်မိခဲ့လို့ရှိလား၊ ဘာတွေလျှောက်သောက်သေးလဲ. . မေမေ သေချာမှာလိုက်တယ်မဟုတ်လား”

“ဘာမှမသောက်ပါဘူးအမေ. . အဲ. . မေမေ၊ အင်း. . မနေ့က အဖျားကြီးလို့ သတိမေ့သွားတာထင်တယ်. . ဟင်းဟင်း. . ခဏနေသတိရသွားမှာပါ၊ ဒါ မုန့်ဟင်းခါးမဟုတ်လား မေမေ”

ပယင်း သူ့ရှေ့မှပန်းကန်ကို လက်ညှိုးထိုးကာပြော၏။

“ဟုတ်တယ်လေ. . . သမီးစားဖို့ မေမေ အစောကြီးထပြီး သွားဝယ်ထားတာ”

အိမ်ဖော်နှစ်ယောက်ရှိသော်လည်း တောမှာအလှူရှိလို့ဆိုကာ ပြန်သွားကြသဖြင့် အိမ်အကြီးကြီးထဲတွင် သားအမိနှစ်ယောက်တည်းဖြစ်နေ၏။ ဒေါ်သန္တာ ယောက်ျားဆုံးသွားကတည်းက သမီးအပေါ် နှစ်ဆတိုး ချစ်နေမိသည်။ ယောက်ျားရှာခဲ့သော ပစ္စည်းများ





က သုံးမကုန်အောင်ရှိနေသည်။

“သမီးမှ မုန့်ဟင်းခါးမကြိုက်တာ၊ မေမေ့ရှေ့ကရော ဘာလဲ”

“အုန်းနို့ခေါက်ဆွဲလေ၊ သမီးမကြိုက်ပါဘူး. . မေမေ စားဖို့ဝယ်ထားတာ”

“သမီး အုန်းနို့ခေါက်ဆွဲပဲ စားတော့မယ်နော်”

ပယင်းက ခွဲသလိုနွဲ့သလိုပြောပြီး. . သူ့မေမေ့ရှေ့မှ အုန်းနို့ခေါက်ဆွဲပန်းကန်ကို ဆွဲယူကာ ဟင်းရည်ခပ်ထည့်လိုက်၏။

ကောင်းတယ်ပြောပြီး အားရပါးရစားနေသည့် ပယင်းအား ဒေါ်သန္တာ တအံ့တဩနှင့် ကြည့်နေလေသည်။

ဒေါ်သန္တာ ဖြည်းညှင်းစွာ ခေါင်းရမ်းလိုက်သည်။

“မေမေတော့ နားမလည်တော့ဘူး၊ သမီးအရင်က အုန်းနို့ခေါက်ဆွဲစားရင် ခေါင်းကိုက်တယ်ဆို၊ မုန့်ဟင်းခါးမှ မုန့်ဟင်းခါးပဲ သမီးစားခဲ့တာ. . အခုဟာက ဘယ်လိုဖြစ်ရတာတုန်း”

အားရပါးရစားနေသည့် ပယင်း အရှိန်ပျက်သွားသည်။

သူအရင်က မုန့်ဟင်းခါးပဲ စားခဲ့သည်တဲ့လား၊ အခုဘာလို့ အုန်းနို့ခေါက်ဆွဲ ကြိုက်နေရတာလဲ။ သူ့ကိုယ်သူပင် နားမလည်နိုင်တော့. . .။ မေမေ ခေါင်းနောက်နေမှာစိုး၍. . .

“မုန့်ဟင်းခါးပဲစားတာကြာတော့ အပြောင်းအလဲ စားကြည့်တာပါ မေမေရယ်”

ပြောပြီးသည်နှင့် လက်စသတ်ကာ ရေတစ်ခွက်သောက်လိုက်သည်။

“ကဲ. . သမီးသွားတော့မယ် မေမေ”



www.burmeseclassic.com

www.burmeseclassic.com



ပယင်းက ဒေါ်သန္တာပါးကို ချစ်စနိုးလိမ်ဆွဲကာ ထမင်းစားခန်းထဲမှ သွက်လက်စွာ ပြေးထွက်သွားတော့၏။ ဒေါ်သန္တာမှာ သမီးဖြစ်သူ ပယင်းအား နားမလည်နိုင်စွာငေးကြည့်ရင်း သက်ပြင်းကိုသာ ရှိုက်လိုက်မိတော့သည်။

"ဟဲ့. . သမီး နေအုံး၊ ခုပေါ်မှာ အိမ်သော့နဲ့ကားသော့ ကျန်ခဲ့ပြီ"

အိမ်အပေါက်ဝရောက်နေသောပယင်း အထဲပြန်ပြေးလာကာ သော့တွေယူပြီး ပြန်ထွက်သွား၏။ ခြံထဲရပ်ထားသော. . Lexus ဆလွန်းကားလေးကို တွေ့ရသည်။

ပယင်း ကားသော့ကိုင်ထားသော်လည်း ရီမုဒ်ကို ဘယ်လိုဖွင့်ရမှန်းမသိ. .။ ကားသော့ကိုင်ထားရင်း သူဘယ်လို ကားမောင်းတတ်သလဲဆိုတာ တွေးနေမိသည်။ သော့ပုံလေးပါသော ခလုတ်ကို သူမ နှိပ်ကြည့်လိုက်သည်။

"ကျွိ!. . ကျွိ!. . ဂျိတ်!. . "

တံခါးလော့ပွင့်သွား၏။

"အလဲ့. . ငါ တံခါးတော့ဖွင့်တတ်သားပဲ"

ကားထဲ ဝင်ထိုင်လိုက်သည်နှင့် ကားဘယ်လိုမောင်းရမလဲ သူမ မသိတော့။ ကားထဲ သူမယာဉ်မောင်းလိုင်စင်ကို တွေ့သည်။ (၂)နှစ်သက်တမ်း ရှိပြီဖြစ်သည့် ယာဉ်မောင်းလိုင်စင်က သူ့ကို ကားမောင်းတတ်ကြောင်း ပြောနေ၏။

ခက်နေသည်က သူ့အတိတ်ကာလ အဖြစ်အပျက်တွေကို ကွဲကွဲပြာပြား မမှတ်မိခြင်းပင်ဖြစ်သည်။ သူ့မွေးနေ့မှာ သူဘာဖြစ်ခဲ့လို့လဲ. . .၊ မွေးနေ့ရှေ့ပိုင်း အဖြစ်အပျက်တွေကို သူဘာကြောင့်





မမှတ်မိရတာလဲ. . .

မေမေက သူ့ကို ပယင်းဟုခေါ်နေ၍သာ သူ့ကိုယ်သူ ပယင်းဟု ယုံကြည့်နေရခြင်းဖြစ်၏။ ထိုစဉ်. . သူမဖုန်း အသံမြည်လာ၏။

"တီတလီ. . တီတလီ. . . "

"ဟလို. . "

"ဟဲ့. . ဘာလုပ်နေတာလည်း၊ ငါ နင့်ခြံရှေ့မှာရောက်နေပြီ၊ ဒီနေ့ ငါလာခေါ်မယ်ပြောထားတယ်လေကွာ"

ခြံရှေ့မှာရောက်နေပြီတဲ့. . . သူက ဘယ်သူလဲ၊ ပယင်း ခေါင်းကုပ်ရင်း ကားထဲမှထွက်ကာ တံခါးပိတ် လော့ချလိုက်၏။

သူ့တွင် အိမ်သော့တစ်စုံပါလာ၍ ခြံတံခါးပြန်ပိတ်ကာ. . သော့ခတ်လိုက်၏။

ခြံရှေ့တွင် Cadillac SRX ကားနက်တစ်စီး ရပ်နေ၏။ ထိုကားမှလွဲ၍ အခြားဘယ်ကားမှမရှိ မှန်အနက်တွေကပ်ထားသော ထိုကားနားသို့ သူလျှောက်လာသည်။ ကားနားအရောက် မယောင်မလည်နှင့် ကားကိုကြည့်နေမိသည်။

ထိုစဉ်. . ရှေ့ခန်း ကားမောင်းသူနေရာမှ မှန်တံခါးကျလာသည်။ ရုပ်ရည်သန့်ပြန့်သော သူနှင့်ရွယ်တူကောင်လေးတစ်ယောက်ကိုတွေ့သည်။

"ပယင်း. . ဘာလုပ်နေတာလဲ တက်လေ"

သူ အယောင်ယောင်အမှားမှားနှင့် နောက်ခန်းတံခါးကို ဆွဲဖွင့်သည်။

"ပယင်း ဘာလို့ နောက်ကထိုင်မှာလည်း၊ အမြဲတမ်း ရှေ့မှာ ထိုင်နေကျဟာကို. . "



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပြောလာတော့လည်း နောက်ခန်းတံခါးကိုပိတ်ကာ ရှေ့ခန်းတွင် သွားထိုင်ပေးလိုက်သည်။ သူမအတွက် အထူးအဆန်းတွေဖြစ်နေသလို ထိုသူကလည်း ပယင်းကို အထူးအဆန်းသဖွယ် ကြည့်ရင်း. . .

“ပယင်း. . ဘာတွေဖြစ်နေတာလဲ”

ပယင်း ထိုသူကို သေချာစိုက်ကြည့်ကာ. . .

“ရှင်က ဘယ်သူလဲ”

“ငါ ရဲမိုးလေဟာ နင်ကလည်း. . ဘာတွေလာကြောင်နေတာလဲ”

ပယင်း ဘာမှထပ်မမေးတော့သဖြင့် ကားက တက္ကသိုလ်ရေကူးကန်သို့ ဆိုက်ရောက်လာသည်။ ပါကင်တွင် ကားထိုးပြီးသည်နှင့်. . ကြောင်ကြည့်နေသောသူ့ကို ရဲမိုးဆိုသူက. . .

“ဘာကြည့်နေတာလဲ ဆင်းလေ၊ နင်ပဲ ရေကူးသင်မယ်ဆို”

“ဩော်. . .”

ရေကူးကန်သို့ လာရသည့်အကြောင်းအရင်းကို သူသဘောပေါက်သွားသည်။

သူမလုံးဝရေမကူးတတ်၊ အလိုလိုနေရင်း ရေကြောက်သလိုလို စိတ်မလုံခြုံသလို ခံစားနေရသည့်အတွက်. . သူငယ်ချင်းဖြစ်သူ ရဲမိုးနှင့်အတူ သင်တန်းတက်ဖို့ စာရင်းသွင်းခဲ့ကြခြင်းဖြစ်သည်ဟု သိရသည်။

တကယ်တမ်း သင်တန်းစတက်သည့်နေ့မှာ ပယင်းအတော်ကျွမ်းကျွမ်းကျင်ကျင် ရေကူးတတ်နေတာကို အံ့ဩဖွယ်ရာ သိခဲ့ရသည်။ ရဲမိုးကတော့ လုံးဝရေမကူးတတ်သည့်အတွက် ကန်ဘောင်





ကို လက်မလွှတ်နိုင်သေး. . ။ ကန်ဘောင်ကို အားပြုကိုင်ကာခြေထောက်ခတ် လေ့ကျင့်နေတုန်းပဲဖြစ်သည်။

ပယင်းလည်း ရေကူးအလိုလိုတတ်နေခြင်းကို သူ့ကိုယ်သူ အံ့ဩနေမိသည်။ စောသေး၍လားမသိ. . ရေကူးကျင့်သူ အနည်းအကျဉ်းကိုသာ တွေ့ရသည်။

ပယင်းက သင်စရာမလိုဘဲ လက်ပစ်ကူးနှင့် လိပ်ပြာကူးနည်းများကို အသုံးပြုကာ ကန်ကို အလျားလိုက်ဖြတ်၍ အသွားအပြန်ကူးနေလေ၏။ ဒါကို ရဲမိုးကြည့်ကာ ပါးစပ်အဟောင်းသားဖြစ်နေသည်။

ကူးလို့ဝတော့မှ ကန်ပေါ်ပြန်တက်လာ၏။ ရဲမိုး အဝတ်လဲပြီး၍ အဝတ်လဲခန်းမှ ထွက်လာလေပြီ။ သူလည်း ပယင်းကို ရှာနေသည့်ပုံပေါ်သည်။ ပယင်း ကန်ပေါ်ပြန်တက်လာသည်ကို ကျောပေးထားသည့် ရဲမိုး မမြင်. . ။ သဘက်ကို ခေါင်းမြီးခြုံ၍ ရဲမိုးရှိရာသို့ ပယင်း ချဉ်းကပ်သွား၏။

ရဲမိုးကိုကြည့်ပြီး ပယင်း နောက်ချင်လာသည်။ စိတ်ထဲယားတို့ယားတို့ ဖြစ်လာသည်မို့ ကန်ဘေးကပ်လျှောက်နေသော ရဲမိုး၏ကျောပြင်အား နောက်မှ တွန်းပစ်လိုက်တော့သည်။

“အား!. . အောင်မလေးဗျ”

“ဝုန်း!!. . .”

မကူးတတ်ကူးတတ်နှင့် ရေကူးကန်ပေါ်ပြန်တက်လာသော ရဲမိုးက. .

“ပယင်း နင်သိပ်လွန်တယ်ကွာ. . ငါအခုမှ အကျီလဲပြီးတာသား နင်ဘယ်လိုဖြစ်နေတာလဲ. . အရင်ကနဲ့ မတူပါလား”



www.burmeseclassic.com

www.burmeseclassic.com



"ဟီးဟီ. . ငါနောက်တာပါဟယ်"

"နင်အရင်က ခပ်တည်တည်ပဲ နေလာတာပါ၊ ဘာလို့. . ခုနောက်ချင်တဲ့စိတ်တွေ ပေါ်နေရတာလဲ၊ ကံကောင်းလို့ဒုက္ခမရောက်တယ်"

"အဟင်းဟင်း. . ရေကြောက်ရင် ရေလာမကူးနဲ့ပေါ့"

"ငါက နင့်လို ကူးတတ်ရဲ့သားနဲ့ လာတက်တာမဟုတ်ဘူး၊ တကယ်မကူးတတ်လို့ ရောက်လာတာ"

"ပယင်းလည်း. . အစက လုံးဝရေမကူးတတ်ဘူးလို့ပဲ ထင်ထားတာ၊ အင်း. . ပယင်း နောက်ကြောင်းတွေကို သိပ်မမှတ်မိတော့ဘူး ရဲမိုးရဲ့. . ."

"နင်ကလည်းဟာ မဖြစ်နိုင်တာ၊ ကဲ. . ကျောင်းဆက်သွားရဦးမယ်၊ အဝတ်အစားလဲကျစို့"

ရဲမိုးကတော့ အဝတ်စားကို နှစ်ခါလဲလိုက်ရသည်။ သူ့ကားထဲ အဝတ်တစ်စုံ အပိုပါလာ၍ တော်သေးသည်။ သို့နှင့် နှစ်ယောက်သား စကားပြောရင်း ကားပါကင်သို့ လျှောက်လာခဲ့ကြ၏။ ခဏလေးအတွင်းမှာပင် အခုမှမြင်ဖူးသော ရဲမိုးကို ပယင်းတအားခင်သွားမိသည်။

"ဟဲ့. . အရင်က ငါကားမောင်းတတ်လား"

"မောင်းတတ်သမ. . . မောင်းတတ်လွန်းလို့ တစ်ချိန်လုံးဖမ်းလို့ကိုမမီဘူး"

ပြောရင်း ရဲမိုး ကားကိုမောင်းထွက်လိုက်၏။ ရဲမိုးက ပယင်းအား ခဏခဏလှည့်ကြည့်နေသဖြင့်. . .

"ကဲပါ. . . ရှေ့ကိုကြည့်ပြီး ကားကိုဂရုစိုက်မောင်းပါ ရဲမိုးရယ်"

ဒီတော့မှ ရဲမိုး ရှက်သွားကာ ရှေ့ကြည့်မောင်းတော့သည်။

သူစိတ်ဝင်စားငြိတွယ်နေသော ကောင်မလေးက အတိတ်ကာလအကြောင်းတွေကိုပြောတိုင်း တစ်ခုမှသတိမရဟု တွင်တွင်ပြောနေ၏။ သူ့ကိုနောက်နေသည်ထင်၍ သတိထားကြည့်တော့. . ပယင်းပုံစံက တစ်ကယ်ပင် သတိမေ့နေသူတစ်ယောက်လို ဖြစ်နေတာအမှန်ပင်။

ရဲမိုးနှင့် ပယင်းက ဒဂုံတက္ကသိုလ် ဖလော်ဆော်ဖီ အထူးပြုဒုတိယနှစ် အတူတူဖြစ်၏။ ရဲမိုးက ကျောင်းတွင် သူငယ်ချင်းအပေါင်းအသင်း သိပ်မရှိ။ အခန်းထဲ အဖော်မဲ့စွာ အတန်းတက်ရင်း ပယင်းနှင့်တွေ့ကာ ခင်မင်မှုရခဲ့ကြသည်။ ခင်မင်တာမကြာသေး၍လည်း ပယင်း၏ မိန်းကလေးသူငယ်ချင်းများနှင့် သူ မရင်းနှီး. . ။

ရင်းနှီးမှုသက်တမ်းက မကြာသေးပေမယ့် ပယင်းကို ချစ်ခွင့်ဝန်ရန် သူကြိုးစားမိသည်။ သို့သော်. . ပြောဖို့အခွင့်အရေးက သူ့ကိုမပေးသေး. . . ။

ကျောင်းရောက်တော့ လက်ချာတစ်ချိန် လွတ်သွားပြီဖြစ်သည်။ သူတို့နေရာယူပြီး သိပ်မကြာခင်မှာပင် ဆရာတစ်ယောက်ဝင်လာသည်။ ဖလော်အထူးပြုတို့ထုံးစံအတိုင်း စစ်စစ်ပေါက်ပေါက်တွေးခေါ်ကြရသည်။ စာအုပ်တစ်အုပ်ကို လှန်ချင်သလိုလှန်ကြသည်တွင် စာမျက်နှာနံပါတ် (၁၀၀)အား အကြိမ်မည်မျှ လှန်နိုင်သလဲဆိုတာမျိုး တွေးခေါ်စဉ်းစားကြရ၏။

ဒါကြောင့်ပဲ အတွေးလွန်ပြီး ပယင်းတစ်ယောက် အတိတ်ပျောက်သွားတာပဲလားမသိ။ ဆရာက စသင်နေပြီမို့ ရဲမိုး အာရုံစိုက်




ရွှေအာင်မြင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နားထောင်နေလိုက်သည်။ ပယင်းကတော့ သိပ်စိတ်ဝင်စားဟန်မပြဘဲ တွေတွေငေးငေးလေး ဖြစ်နေ၏။

"ပထမနှစ်တုန်းက မီးသွေးသည် မည်း၏၊ ကျီးကန်းသည် မည်း၏၊ ထို့ကြောင့် မီးသွေးသည် ကျီးကန်းဖြစ်၏ ဆိုတာမျိုး တွေးခဲ့ကြတယ်၊ အခုတော့ ဆရာတို့ နည်းနည်းလောက်ထပ်မြှင့်ပြီး တွေးကြည့်ကြရအောင်"

ပယင်းကတော့ ဆရာဘာတွေပြောနေတာလဲဆိုပြီး မျက်နှာရှုံ့တွသွား၏။ ဆရာ့ဆီ မကြည့်တော့ဘဲ အကြည့်က သူ့လက်ဆီ ရောက်သွား၏။

သူမညာဘက်လက်ဖျံတွင် အစင်းကြောင်းကြီးနှစ်ကြောင်း တွေ့ကာ လန့်ဖျပ်သွားမိသည်။ ဒီဒဏ်ရာအမာရွတ်နှစ်ခု သူဘယ်လိုရခဲ့သလဲဆိုတာ စဉ်းစားရင်း အတိတ်ကိုတူးဆွနေလေ၏။ ဒဏ်ရာက လက်သည်းနှင့် ကုတ်ဆွဲခံထားရသည့် ပုံစံမျိုး. . .

"ကျွဲဟာမည်းတယ်၊ ဒီလိုပဲကမ္ဘာကျော် ဘောလုံးသမား ဘာလော့တယ်လီနဲ့ ယာယာတိုရေးတို့လည်း အသားမည်းတယ်၊ ဒါဆိုရင် ယာယာတိုရေးနဲ့ ဘာလော့တယ်လီတို့ဟာ ကျွဲဖြစ်နိုင်မလား. . စဉ်းစားကြည့်ရအောင်. . ."

ဆရာ့စကားကို ရဲမိုး အာရုံစိုက်နေစဉ် ပယင်းက အကြောဆန့်ရင်း အမှတ်မထင် အပြင်သို့ငေးကြည့်လိုက်သည်။ သူ့မြင်ကွင်းထဲ မိန်းကလေးတစ်ယောက်ဝင်လာ၏။ ကျောင်းဆောင်အပြင်ဘက် စိန်ပန်းပင်ကြီးအောက်မှနေ၍ ပယင်းအား လှမ်းကြည့်နေသည်။

ပြတင်းပေါက်နား ကပ်ထိုင်နေသော ပယင်းလည်း. . ပြန်လည်စိုက်ကြည့်နေမိသည်။ ထိုမိန်းကလေး. . ဒီနေ့ကျောင်းရောက်





ကတည်းက ပယင်းရှေ့သို့ မကြာခဏဆိုသလို ရောက်လာလေ့ရှိသည်မို့ မျက်မှန်းတန်းနေမိပြီ ဖြစ်သည်။

သို့သော် သူမကို ပယင်းမသိ၊ သူ့မှတ်ဉာဏ်ထဲ ရှာဖွေကြည့်တော့လည်း သူငယ်ချင်းမဟုတ်မှန်း သူကောင်းကောင်းသိသည်။

ဒါနှင့်များ ဘာကြောင့် ပယင်းရှေ့ကို ခဏခဏရောက်လာရတာလဲမသိ။ မိန်းကလေးချင်း လာကြည့်နေစရာအကြောင်းလည်း မရှိသဖြင့် ရဲမိုးကို လာငမ်းနေတာများလားဟု တွေးမိပြီး. . အတည်ပြုနိုင်ရန် ရဲမိုးဘက်လှည့်၍ လက်ကုတ်လိုက်၏။ ဆရာရှိနေသဖြင့် ရဲမိုး လှည့်ကြည့်ပြီး အသံမထွက်ဘဲ မျက်ခုံးပင့်၍သာ မေးခွန်းထုတ်သည်။

ပယင်းလည်း မေးဆတ်ပြီး ပြတင်းအပြင်သို့ လက်ညှိုးညွှန်ပြလိုက်သည်။ ရဲမိုး လှမ်းကြည့်ပြီး. . ပယင်းအား ခေါင်းရမ်းပြ၏။ ပယင်းပါ လှည့်ကြည့်လိုက်တော့. . စောစောကကောင်မလေးကို မတွေ့ရတော့။ ပယင်း အံ့ဩပြီး ပြတင်းပေါက်မြင်ကွင်းတဆုံး လှမ်းကြည့်ရှာဖွေမိသည်။ အစအနကိုပင် မမြင်ရတော့. . .

ဘာလဲဟုမေးနေသည့် ရဲမိုး၏ အသံတိတ်မေးခွန်းကို ပယင်းခေါင်းရမ်း၍သာ အဖြေပေးလိုက်ရတော့၏။ ထိုစဉ်. . .


"ဟိတ်. . ဟိုနားကနှစ်ယောက် ဆရာပြောတာ စိတ်မဝင်စားဘူးလား"

ထိုအသံကြားမှ နှစ်ယောက်လုံးခေါင်းပုသွားကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







# အခန်း (၃)

ဒီဂုံတက္ကသိုလ်ကြီးသည် နေပူကျဲကျဲအောက်၌ ထီးထီးကြီး တည်ရှိနေ၏။ နိုင်ငံတကာအဆင့်အတန်းနှင့် ဘယ်လိုမှ လိုက်မမီသော တက္ကသိုလ်ဝင်းအတွင်း ကျိုးတို့ကျဲတဲအပင်နှင့် မြက်ခင်းများက တမျှော်တခေါ် ရှိနေသည်။ ဧရိယာအကျယ်အဝန်းသာ စံချိန်မီသည့်တက္ကသိုလ်ထဲ နွားတွေသာ မြက်စားနေကြတာများ၏။ အနီးအနားရွာများမှ နွားလာကျောင်းသည့် ကလေးများလည်း လေးခွ တိုယ်စီနှင့် စစ်တိုက်တမ်း ကစားနေကြတာလည်း တွေ့နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



အခိုင်အမာဆောက်ထားခြင်းမဟုတ်သည့် စားသောက်ဆိုင်တန်းတွင် အနာဂါတ်ဝေဝါးနေသော ကျောင်းသားများ မိဘပိုက်ဆံဖြုန်းသည့်အနေနှင့် ပျော်ပျော်ပါးပါးစားသောက်ကာ အချိန်ဖြုန်းနေကြသည်။ ထိုအုပ်စုထဲ ရဲမိုးနှင့် ပယင်းလည်း ပါဝင်နေသည်။

"ဟဲ့. . ရဲမိုး အဲလောက်ထိကြိုးစားဖို့ လိုလို့လား"

ရဲမိုးက စာကြည့်မပျက် မော့မကြည့်ဘဲ ဖြေသည်။

"Roll Number ကောင်းအောင် ကြိုးစားရမယ်လေ ပယင်းရယ်"

"စကားပြောရင် ပယင်းကိုကြည့်ပြီး ပြောစမ်းပါ"

"ဟင်း. . ဟင်း. . "

ရဲမိုး ရယ်သွမ်းသွေးလိုက်ရင်း. . စာအုပ်ကိုပိတ်၍ ကျောပိုးအိတ်ထဲ ထည့်လိုက်သည်။ ပြီးမှ ပယင်းအား စိုက်ကြည့်ရင်း. .

"ကဲ Face to Face ပြောချင်လည်းရတယ်၊ Eyes to Eyes ပြောချင်လဲရတယ်၊ ပြော. . ဘာပြောချင်လဲ"

"ဘာလို့. . ဒီလောက်တောင် ကြိုးစားနေရတာလဲလို မေးတာ"

"ဘွဲ့ရရုံလောက်နဲ့တော့ ငါမကျေနပ်ဘူး ပယင်း၊ ကိုယ့်နယ်ပယ်မှာနှံ့နှံ့စပ်စပ် သိမြင်တဲ့သူ ဖြစ်ချင်တယ်"

"အင်းပေါ့လေ ယောကျ်ားတစ်ယောက် ရည်မှန်းချက်ကြီးတာ ကောင်းတော့ကောင်းပါတယ်"

"ပယင်းလည်း ကျောင်းစာကို စိတ်ဝင်စားစေချင်တယ်"

"ပယင်း စိတ်မဝင်စားတာ မဟုတ်ပါဘူး. . စိတ်ဝင်စားလို့ရတာ၊ ပယင်း ဘာလို့ ဒီလိုင်းယူခဲ့သလဲဆိုတာ. . နားမလည်နိုင်





အောင်ပါပဲ. . . "

"ပယင်းရယ် နင့်ကိုကြည့်ရတာ ဘေးကလူတောင် ရင်မောရပြီ၊ အိမ်ရောက်ရင် အေးအေးဆေးဆေး အနားယူလိုက်ဦး"

ကျောင်းဆင်းတော့ ရဲမိုး လိုက်ပို့ပေးသည်။ ရဲမိုးနှင့် ပယင်းက ကိုယ့်ကားသူ့ကား တစ်ရက်စီအလှည့်ကျစီးကာ ကြိုပို့လုပ်သည်ဟု ရဲမိုးပြော၍ သိရသည်။ လက်ရှိ ပယင်းက ကားမမောင်းတတ်၍ ပယင်း အခက်တွေ့နေသည်။

"လောလောဆယ် ဒီရက်ပိုင်းတော့ နင်ပဲ ငါ့ကိုလာခေါ်ပေးဟာ. . ဖြစ်တယ်မဟုတ်လား"

"ရပါတယ်ဟ. . ငါ့အတွက်အပန်းမကြီးပါဘူး"

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



ပယင်း ခြံတံခါးဖွင့်ဝင်လိုက်သည်နှင့် တိတ်ဆိတ်နေသော သူ့အိမ်ကြီးကို လှမ်းမြင်နေရသည်။ ဆီးကြိုနှုတ်ဆက်မည့်သူ မရှိ၊ ဖျင်းရိုငြီးငွေ့စရာကောင်းလှသော သားအမိနှစ်ယောက်တည်းရှိနေသည့်အိမ်ကြီးက သူမအား သူ့စိမ်းပြင်ပြင် ကြည့်နေသလို ခံစားနေရသည်။

အိမ်ထဲအရောက် ဒေါ်သန္တာ၏ တဟွတ်ဟွတ် ချောင်းဆိုးသံကို ကြားလိုက်ရသည်။ ဓါတ်ပုံမှန်ဘောင်ကို ရင်ဝယ်ပိုက်ပြီး ချောင်းဆိုးနေသည့်မေမေ့ကို ဧည့်ခန်းထဲထိုင်နေတာ တွေ့လိုက်ရသည်။ ဒေါ်သန္တာ့ဘေး ပယင်းထိုင်လိုက်သည်နှင့်. .

"မေမေ့လက်ထဲက ဘယ်သူ့ဓာတ်ပုံလဲဟင်"

ဒေါ်သန္တာ သူ့ကို စိမ်းစိမ်းကြီးစိုက်ကြည့်နေပြီးမှ. . .

"မေမေက ဘယ်သူ့ပုံကြည့်ရမှာလည်း သမီးရယ်၊ သမီး





အဖေပုံလေ. . ."

ကိုယ့်အဖေပုံတောင် မမှတ်မိတော့သော ပယင်းအကြောင်းကိုလည်း ဆိုးလှသည်မို့ ခေါင်းသာငုံ့ထားလိုက်မိတော့သည်။

ဒေါ်သန္တာက ဓာတ်ပုံအား စားပွဲခုံပေါ်တင်လိုက်ရင်း. .

"မေမေ အမြဲမှာခဲ့တာတွေ ဘာလို့မေ့နေတာလဲ၊ မေမေ့စကားကို အလေးအနက်မထားတာလား. . ."

ပယင်း ကြောင်သွား၏။

"မေမေ. . သမီးကို ဘာမှာလို့လဲ"

"တတ်နိုင်သမျှ အိမ်ကိုစောစောပြန်ခဲ့ပါဆိုတာလေ. .၊ ဒီလောက်အိမ်အကျယ်ကြီးထဲမှာ မေမေတစ်ယောက်တည်း ဘယ်လောက်အထီးကျန်သလဲ. . အဟွတ်ဟွတ်ဟွတ်"

ပယင်း သူ့မေမေကိုကြည့်ကာ စိတ်မကောင်းဖြစ်သွား၏။

"နောက်မဖြစ်စေရတော့ပါဘူး မေမေရယ်"

ပယင်း၏ တောင်းပန်စကားကြောင့် ဒေါ်သန္တာ ဘာမှဆက်မပြောတော့ဘဲ သမီးမျက်နှာကိုသာ ကျေကွဲစွာ စိုက်ကြည့်နေ၏။ ပြီးတော့. . ဝမ်းနည်းသလိုရှိုက်လိုက်ရင်း တစ်ဆက်တည်းပင် မရပ်မနား ချောင်းဆိုးနေပြန်သည်။

"အဟွတ်ဟွတ်. . မေမေ့ကို ချောင်းဆိုးပျောက်ဆေး သွားယူပေးပါအုံး သမီးရယ်"

ပယင်း မေမေ့အခန်းထဲဝင်ခဲ့ပြီး ဆေးပုလင်းလိုက်ရှာသည်။ မြင်သာသည့် နေရာအနှံ့မှာ ဘာဆေးပုလင်းမှမတွေ့၊ အချိန်ကြာမှာဆိုး၍ ပယင်း လှမ်းအော်မေးလိုက်၏။

"မေမေ ဆေးပုလင်းက ဘယ်နားမှာထားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အော်. . ဒီတလေးမ ဘာဖြစ်နေမှန်းကို မသိဘူး၊ အရင်လဲ လူပေးနေကြတာကို. . ခုတင်ဘေးက စားပွဲရဲ့အံဆွဲထဲမှာလေ. . အတွတ်တွတ်"

နေရာအတိအကျပြောတော့မှဘဲ ရှာလို့တွေ့သည်။

ဆေးသောက်လိုက်မှ ဒေါ်သန္တာ သက်သာသွားဟန်တူ၏။

"ကဲ. . သမီးလဲ သွားနားချည်တော့. . "

"မေမေ ဖြစ်ရဲ့လား"

ပယင်း သူ့အမေကိုကြည့်တာ စိတ်မချနိုင်သေး. . .

"ဖြစ်ပါတယ် သမီးရယ်. . သွားသွား. . "

ဒေါ်သန္တာ ဖွတ်နှင်နေသဖြင့် ပယင်း သူ့အခန်းဆီထွက်လာခဲ့သည်။ အိပ်ခန်းထဲရောက်သည်နှင့် တွဲလျက်ရှိနေသော ရေချိုးခန်းထဲ ဝင်လိုက်သည်။

ဘေစင်တွင်ရေဖြည့်ပြီး အားပါးတရ မျက်နှာသစ်လိုက်မှ စိတ်ထဲ အနည်းငယ် လန်းဆန်းသွားသလိုရှိ၏။ ဂယက်ထနေသည့် ရေပြင်တွင် သူမမျက်နှာပုံရိပ်က တည်ငြိမ်ခြင်းမရှိ လှုးလွန့်လှုပ်ရှားနေသည်။ ရေထဲမှ ကိုယ့်ပုံရိပ်ကိုကြည့်ရင်း. . အဖြစ်အပျက်အချို့ အတွေးထဲပေါ်လာ၏။

သူမနှင့်အတူ မိန်းကလေးသုံးယောက်ကို. . တစ်ယောက်သောသူက ဓာတ်ပုံရိုက်ပေးနေ၏။ ဓာတ်ပုံရိုက်ပေးသူကလည်း မိန်းကလေးပဲဖြစ်၏။ သူတို့အားလုံး သူငယ်ချင်းများ ဖြစ်ဟန်တူ၏။ သို့သော် သူနှင့် ဖက်လဲတကင်းတွဲနေသည့် သုံးယောက်ကို မသိသလို. . ဓါတ်ပုံရိုက်ပေးနေသည့်တစ်ယောက်ကိုလည်း ပယင်း မသိပေ. . ။



အတိတ်ဖြစ်စဉ်တစ်ခု မှတ်ဉာဏ်ထဲပေါ်လာခိုက် တစ်ခုခု သတိရအောင် ဖြစ်ညှစ်တွေးကြည့်တော့. . တစ်ယောက်တို့ မှတ်မိသွားကာ ပယင်းအထိတ်အလန့် ဖြစ်သွားသည်။

"ဟင်!. . သူ. . သူ. . ဟိုတစ်ယောက်ထဲ ကျောင်းမှာ. . ငါ ခဏခဏတွေ့နေတဲ့သူပဲ"

အစပေါ်လာသော်လည်း အဆုံးထိစဉ်းစားမရ၍ ပယင်း အလိုမကျဖြစ်ကာ ဒေါ်ပွလာတော့၏။ တစ်နေကုန် စိတ်ဝင်ပန်းရသဖြင့် အိပ်ရာပေါ် ဗိုင်းခနဲ ပစ်လှဲချလိုက်သည်။

မျက်စိကိုမှိတ်ထားရင်း အနားယူနေစဉ် သူမနားရွက်အနားသို့ တစ်စုံတစ်ယောက်က ကပ်ပြောလိုက်သလို အသံကို ကြားလိုက်ရသည်။

"ငါ့ခန္ဓာကိုယ်နဲ့ နေနေတာတောင် နင်က အလိုမကျနိုင်သေးဘူးလား. . . "

အသံကြောင့် ပယင်း ဇာတ်ခနဲ မျက်လုံးပွင့်သွားပြီး ငေါက်ခနဲ ထထိုင်မိလျက်သား ဖြစ်သွား၏။

အခန်းထဲလှည့်ပတ်ကြည့်တော့ ဘယ်သူမှမတွေ့။

အိပ်မက်မဟုတ်သော စောစောကအသံကတော့. . သူမ သေသေချာချာ ကြားလိုက်ရတာဖြစ်၏။

www.burmeseclassic.com





# အခန်း (၄)

ရဲမိုးကားနှင့်လိုက်လာရင်း အတွေးတွေ ရှက်လွင့်နေမိ၏။ ပယင်းစဉ်းစားတိုင်း. . . သူမလက်သည်းကို ကိုက်နေမိတာလဲ အကျင့်လို ဖြစ်နေသည်။

"ပယင်း ဘာလို့လက်သည်းကိုက်နေတာလဲ၊ လက်သည်းကိုက်လို့ ရနိုင်တဲ့ကောင်းကျိုး ဘာမှမရှိဘူး၊ ရောဂါဖြစ်တာဘဲ အဖတ်တင်လိမ့်မယ်"

"အင်း. . ပယင်းလည်း ဘယ်လိုအကျင့်ပါပြီး ကိုက်မိနေလဲ



www.burmeseclassic.com

www.burmeseclassic.com



သိပါဘူး. .၊ မေမေလည်း ပယင်းကိုပြောတယ် ဘာလို့ကိုက်နေတာလဲလို့. . .”

စကားတပြောပြောနှင့် သူတို့ ရေကူးကန်သို့ရောက်ခဲ့ကြသည်။ အဝတ်လဲခန်းများသို့ ဝင်တာ အဝတ်အစားလဲသည်။ ပယင်း သဘက်ခြုံကာ ထွက်လာခဲ့သော်လည်း ဒီနေ့ရေကူးရမှာ စိတ်မပါသလို ဖြစ်နေသည်။ ရေကူးကန်ဆီသို့ လေးပင်စွာ လျှောက်လာခဲ့စဉ် ရဲမိုး ဒိုင်ဗင်ထိုးခုန်ဆင်းသွားတာ လှမ်းတွေ့လိုက်၏။ ရဲမိုးလည်း ရေကူးတာ အတော်တိုးတက်နေပြီဖြစ်သည်။

ထို့နောက် ပယင်း စိတ်မပါ့တပါနှင့် ရေဆင်းကူးပြီး ရဲမိုးပြန်တက်သွားတာမြင်မှ သူမလည်းအဝတ်လဲခန်းဆီသို့ လျှောက်လာခဲ့သည်။

ခြုံသဘက်နှင့် ရေစိုဆံပင်ကိုသုတ်ရင်း အဝတ်လဲဖို့ လော့တာတံခါးကို ဆွဲဖွင့်လိုက်သည်။

“ကလစ်!. .”

“အမလေး!. . .”

သူ့ဘီဒိုထဲ ကလေးမလေးတစ်ယောက် ဝင်ထိုင်နေတာ. . တွေ့လိုက်၍ ပယင်း လန့်အော်လိုက်ခြင်းဖြစ်သည်။

“သမီးလေး ဒီထဲဘာဝင်လုပ်နေတာလဲ”

“တူတူပုန်းတမ်း ကစားနေတာ၊ တံခါးပြန်ပိတ်လိုက်ပါ. . သမီးကို မိသွားလိမ့်မယ်”

ကလေးမလေးစကားကြောင့်. . ပယင်းလည်း အယောင်ယောင်အမှားမှားနှင့် ပြန်ပိတ်ပေးလိုက်၏။ နောက်မှ ကိုယ့်ဘာသာ ငှဲကြည့်ရင်း ရေကူးဝတ်စုံနှင့်ဖြစ်နေတာ သတိရ၍ အင်္ကျီအဝတ်အစားတွေထုတ်ယူဖို့ ဘီရိုကို အသာပြန်ဖွင့်လိုက်သည်။

“ဟင်!. .”

စောစောက ကလေးမလေး မရှိတော့. . .။

သူမအဝတ်အစားတွေ ကမန်းကတန်းဆွဲယူတာ လော့တာများကြားမှ ပြေးထွက်ခဲ့သည်။ အဝတ်လဲခန်းအထွက် တံခါးအတွယ်မှာပင် အဝတ်များကို အမြန်ချွတ်လဲလိုက်ရ၏။

ထို့နောက် ကားပါကင်သို့ အပြေးတစ်ပိုင်းနှင့် လျှောက်လာခဲ့သည်။ ခဏကြာမှ ရဲမိုးရောက်လာပြီး ကားတံခါး ဖွင့်ပေးလိုက်၏။ ပြူးပြူးပျာပျာနှင့် ကားပေါ်အမြန်တက်လိုက်သည့် ပယင်းကိုကြည့်ပြီး. .

“ဘာဖြစ်လာတာလဲ ပယင်း”

“ဟူး. . . မြန်မြန်မောင်းပါတော့ ရဲမိုးရယ်”

“နင့်ကြည့်ရတာလဲ ချွေးသီးချွေးပေါက်တွေတောင် ကျနေတာပဲ”

“သရဲခြောက်ခံရလို့ဟဲ့”

ပယင်းက ဖြစ်ကြောင်းကုန်စင်ကို ရှင်းပြသည်။

“ကလေးဆိုလို့ ဒီနေ့သူငယ်ချင်းတွေပြောနေတဲ့အသံတော့ ကြားလိုက်တယ်၊ မနေ့က တက္ကသိုလ်က ကျောင်းဆရာလင်မယားနဲ့ သူတို့သမီးလေး ရေကူးလာသင်တာ သူတို့သမီးလေး ရေနစ်ပြီး ဆုံးသွားလို့တဲ့လေ”

“ဆရာတွေက ဆင်းမကယ်ဖူးလား”

“သူတို့က ဘယ်သူမှ မရောက်သေးတဲ့အချိန် ဆင်းသွားကြတာနဲ့ ရေနက်ပိုင်းထဲရောက်သွားတဲ့ သူ့သမီးလေးကို ရေကူးတတ်





www.burmeseclassic.com

www.burmeseclassic.com



ကြည့်. . မကယ်နိုင်လိုက်ဘူးလေ"

သို့နှင့်တစ်နာရီလောက် မောင်းလာခဲ့ပြီးနောက် ကျောင်းဝင်းထဲသို့ ရောက်လာသည်။

ရေကူးထားကြသည့်အတွက် ဝမ်းဟာနေသည်မို့ ကင်(န်)တင်းသို့ အရင်လာခဲ့ကြသည်။ ထိုစဉ်မှာပင် ပယင်းရှေ့ မကြာခဏပေါ်ပေါ်လာတတ်သော အမျိုးသမီးနှင့် ပက်ပင်းတိုးတော့သည်။ သူတို့အလာကို တမင်လာစောင့်နေသလားဟု ထင်ရ၏။ ရဲမိုးလဲ ထိုအမျိုးသမီးကိုမြင်ပြီး ပယင်းအား တီးတိုးမေးလာသည်။

"ပယင်းနဲ့ အသိတွေလား"

ပယင်း ဘာမှအဖြေမပေး. . .

"ကျွန်မ ပယင်းနဲ့ နှစ်ယောက်တည်း စကားပြောချင်ပါတယ်ရှင်"

ထိုသို့ပြောလာ၍ ရဲမိုး ခဏရှောင်ပေးလိုက်ရသည်။ အနီးရှိ ခုံတန်းလေးတစ်ခုတွင် ထိုင်မိသည်နှင့် အမျိုးသမီးက. . .

"နင့်ကို မသေဘဲပြန်တွေ့ရလို့ ဝမ်းသာပါတယ်"

"ရှင်က ဘယ်သူလဲ"

"ငါ. . နင့်သူငယ်ချင်း ယမုံလေ"

ပယင်း ခေါင်းခါပြရင်း. .

"ကျွန်မ မမှတ်မိဘူး"

"နင်ကတော့ အရာအားလုံးကို မေ့နိုင်မှာပေါ့၊ ငါတို့တွေကတော့ မမေ့နိုင်ဘူး ပယင်း"

ယမုံက ဘေးလွယ်အိတ်ထဲမှ စာအုပ်တစ်အုပ် ထုတ်ယူကာ စာအုပ်ကြားမှ ဆင်တူဓါတ်ပုံနှစ်ပုံထဲမှ တစ်ပုံယူ၍ ပယင်းအားပေး





သည်။

"နင့်မွေးနေ့မှာ ငါတို့ရိုက်ခဲ့တဲ့ပုံလေ"

ဓါတ်ပုံကိုယူကြည့်ပြီး ပယင်းအံ့အားသင့်သွားသည်။ ဓာတ်ပုံက မိန်းကလေး,လေးယောက် တွဲရိုက်ထားသောပုံဖြစ်၏။

သူ့အတွေးမှာ ပေါ်လာဖူးသည့်သူများဖြစ်ပြီး သူမနှင့်သာမုံပါ ပုံထဲတွင်ပါနေသည်။ ဒါ ပျောက်ဆုံးသွားသော အတိတ်ကိုရှာဖွေနေသည့် ပယင်းအတွက် အခွင့်အရေးတစ်ရပ်ပင် ဖြစ်သည်။

"တို့. . တို့တွေက သူငယ်ချင်းတွေပေါ့၊ အဲ့ဒီပုံကို ဘယ်မှာရိုက်ခဲ့တာလဲ"

"အင်းလျားကန်က ကြက်ကျွန်းမှာ၊ ဒီဓာတ်ပုံထဲမှာပါတဲ့ ပိုးအိ သေသွားပြီ"

"ဟင်. . ဟုတ်လား၊ ပိုးအိဆိုတာ ဘယ်သူလဲဟင်"

ပယင်း၏ မေးခွန်းကြောင့် ယမုံ မကျေမနပ်ဖြစ်ကာ. .

"နင်. . တကယ်မမှတ်မိတာလား"

"ပယင်း တကယ်မမှတ်မိတာပါ"

ပယင်းအား ယမုံနားမလည်သလိုကြည့်ရင်း. . .

"နင်သိထားရအောင် ငါလာပြောတာ၊ ရှေ့လျှောက် ငါတို့အလှည့်တွေပဲ ကျန်တော့တယ်၊ ပြီးတော့ ငါအမြဲခြောက်လှန့်တာခံနေရတယ်၊ ငါ့အိပ်မက်ထဲကိုလည်း နင်အမြဲလာလေ့ရှိတယ်. .၊ ရောက်လာရင်လည်း နင့်တစ်ကိုယ်လုံး ရေတွေစိုရွှဲနေတာပဲ၊ နင်ဒုက္ခရောက်မှာစိုးလို့ ငါလာပြောတာ"

သူ့အကြောင်းပြောနေ၍ ပယင်း မျက်လုံးပြူးသွား၏။ ယမုံပြောရင်း ချောက်ချားလာဟန်နှင့် တောင်ကြည့်မြောက်ကြည့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကာ ပြေးထွက်သွားတော့သည်။

"ဟော့. . ဟော့. . နေဦးလေ. . နေဦး"

ပယင်းလှမ်းခေါ်သော်လည်း. . ယမုံက လုံးဝလှည့်မကြည့်တော့ဘဲ ကျောင်းဆောင်နောက်သို့ ပြေးဝင်ပျောက်ကွယ်သွားသည်။ အနားသို့ရောက်လာတာက ရဲမိုးသာဖြစ်၏။ စိတ်ရှုပ်ထွေးသလို ဖြစ်နေသည့် ပယင်း၏ပခုံးကို ဖြစ်ညှစ်၍ အားပေးသည်။

"သူငယ်ချင်းတွေလား. . သူ ဘာတွေပြောသွားတာလဲ"

မေးရင်း ပယင်းလက်ထဲက ဓါတ်ပုံကိုမြင်သွားကာ သေချာကြည့်သည်။

"ထင်သားဘဲ သူငယ်ချင်းတွေဆိုတာ၊ ပုံထဲမှာ စောစောက ကောင်မလေးလဲပါတယ်နော်. . သူကဘယ်သူတဲ့လဲ"

"ယမုံလို့ပြောတာပဲ ပယင်းတော့မသိဘူး"

"ဟင်. . မသိဘူး!. . "

"ဟုတ်တယ် အတိတ်ကာလက ပယင်းတို့ သိခဲ့ကြတယ်ဆိုတာ ဓါတ်ပုံကတော့ သက်သေပဲ၊ ဒါပေမယ့်. . သူဘယ်သူလဲဆိုတာ စဉ်းစားလို့မရဘူး"

ရဲမိုး ပယင်းအား ဂရုဏာသက်စွာ ကြည့်နေမိတော့သည်။

၅ ၅ ၅ ၅





**အင်း**ယားကန်ဘောင်၌ ထုံးစံအတိုင်း စည်ကားလို့နေသည်။ စုံတွဲတွေ၊ မိသားစုတွေ၊ သူငယ်ချင်းအပေါင်းအသင်းတွေ တိုယ့်အုပ်စုနှင့်ကိုယ် အနားယူအပန်းဖြေနေကြ၏။ ရာသီဥတုကလည်း တိမ်ထူပြီး မိုးအုံ့နေသဖြင့်. . အပူဒဏ်ကို မခံစားရဘဲ သက်သောင့်သက်သာ ရှိနေကြသည်။

ကလေးတွေ လေမှုတ်ဘောလုံးကန်နေကြသလို ကြိုးခုန်နေသည့် မြီးကောင်ပေါက်မလေးတွေလည်း မရှား၊ ဖင်လိမ်ကွင်းတွေ ခုံပေါ် တင်ပြီး အုပ်စုလိုက် အပြိုင်လှည့်ရင်း အကြိမ်အများဆုံးလှည့်နိုင်သူကို ရွေးချယ်နေကြသည်ကလည်း ပျော်စရာပင် ကောင်းနေသေးသည်။ အများစုက ပျော်နေကြသော်လည်း မပျော်နိုင်သူအချို့ ယောက်တော့ ရှိသည်။

ထိုသူမှာ ယမုံဖြစ်၏။ ယမုံကြောက်နေသည့် ပုံးအိလိုဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မှာ ဝိုးရိုမ်နေသည်။ အခု သူ ကြောက်စရာအိပ်မက်တွေ၊ မသိုးမသန့် ခံစားမှုတွေ ကြုံတွေ့နေရပြီဖြစ်သည်။ ထို့အတွက် မအိပ်နိုင်မစားနိုင် ဖြစ်နေရသည်။ အိမ်ကိုလည်း မပြန်ချင်သေး၊ တစ်ယောက်တည်း လည်း မနေရဲသဖြင့် လူစည်ကားရာနေရာဖြစ်သော အင်းယားကန် ဘောင်ကို ရောက်လာခြင်းဖြစ်သည်။

ထိုစဉ်မှာပင် မိုးဖွဲဖွဲ စတင်ရွာသွန်းလာ၏။ ခိုနားစရာမရှိ ထိုင်စရာမရှိအောင် လူတွေများနေသည်မို့ ထီးဖွင့်ဆောင်းရင်း ဟိုဒီ ငေးကာ ယမုံ ဆက်လျှောက်လာခဲ့သည်။

မိုးကြောင့် ကန်စပ်မှခုံတန်းတစ်ခု လွတ်သွားရာ ထီးဆောင်း ရင်း သူမ ဝင်ထိုင်လိုက်သည်။ အောက်ပိုင်းတစ်ပိုင်းလုံး ရေစိုရွှဲနေပြီ ဖြစ်သော်လည်း ယမုံ့ပုံစံက ဘာခံစားမှုမှမရှိသလို ဖြစ်နေသည်။

သူမ ရေကူးတတ်ပါလျက် ရေနစ်နေသူကို မကယ်နိုင်ခဲ့၍ နောင်တရနေမိသည်။ လွန်ခဲ့ပြီမို့ ပြန်ပြင်၍မရသည့်အတွက်လည်း နောင်တရမဆုံး ဖြစ်နေရသည်။

ထိုအချိန်တွင် တဖြည်းဖြည်းလူသူကင်းရှင်းသွားသည့်အ တွက် မိုးသံမှ ပ ဘာကိုမှမကြားရတော့။ ယမုံ သူ့ရှေ့မှရေပြင်ကို ငေးကြည့်နေသည်။ အတွေးတွေက. . လွန်ခဲ့သော ကာလတစ်ခုဆီ သို့ လွင့်မြောရောက်ရှိနေ၏။ တကယ်ဆို. . ပယင်းရဲ့မွေးနေ့ကို သူလိုက်မသွားသင့်. . .။ ထိုစဉ်. . .

"အား. . ဖူး. . ဖလူး. . ကယ်. . ကယ်ကြပါ"

အတွေးအာရုံထဲ မြောပါနေခိုက် အကူအညီတောင်းသံကို ပီသပြတ်သားစွာ ကြားလိုက်ရသည်။ အသံလာရာ စူးစမ်းကြည့်မိရာ ရေနစ်နေသူတစ်ယောက်အား တွေ့ရ၏။





မြုပ်ချည်ပေါ်ချီမို့ ယောကျ်ားလား မိန်းမလားဆိုတာ တွဲတွဲ ပြားပြား မသိရ။ ယမုံ တွေးပူသွားပြီး တခြားကယ်ဆယ်မည့်သူ ရှိသ လားဆိုတာ လှည့်ပတ်ကြည့်မိ၏။

ထိုနေရာတွင် သူမကလွဲပြီး ဘယ်သူမှမရှိ ရေနစ်သူကိုပြန် ကြည့်တော့လည်း လက်နှစ်ဖက်သာ ပေါ်တော့သည်။ ထိုလက်များ ကလည်း ရရာကိုအားကိုးတကြီးဆွဲကိုင်ကာ အသက်ရှင်ဖို့ ကြိုးစား နေရှာသည်။

ဒီလူကို သူကယ်မှဖြစ်လိမ့်မည်။ ယမုံ ထီးကိုပိတ် ချော်ဖိုး အိတ်ကိုချွတ်ကာ ခုံပေါ်တင်လိုက်၏။ လှမ်းမြင်နေရသည့် ရေထဲမှလူ ဆီသို့ ဒိုင်ဗင်ထိုး ခုန်ချလိုက်တော့၏။

ဒိုင်ဗင်ပစ်လိုက်တာ အတော်ဝေးဝေးရောက်ခဲ့သည်မို့ လက် ပစ်ကူးလိုက်သည်နှင့် ရေနစ်သူထံရောက်သွားသည်။ အသက်ကယ် ချင်ဇောနှင့် ထိုလူ့လက်ကို လှမ်းဆွဲလိုက်၏။ ကိုယ်ဖော့ထားရင်း. . ရေနစ်သူ၏မျက်နှာကိုစမ်းကာ မေးစေ့ကို လက်မောင်းနှင့်ချိတ်ပြီး ဆွဲခေါ်ဖို့ကြိုးစားသည်။

ထိုစဉ်မှာပင်. . သူမကို ရေအောက်သို့ဆွဲချတာ ခံလိုက်ရ သည်။ ရုတ်တရက်တော့ ယမုံ စိုးထိတ်သွား၏။ ဒီလိုရေနစ်သူတွေ က ကြောက်အားလန့်အားနှင့် တွယ်မိတွယ်ရာကို အတင်းဖက်တွယ် ဆွဲထားတတ်ကြသည့်သဘောကို သိထားသည်မို့ ထိုလူကို မလွှတ် တမ်းဆွဲခေါ်ပြီး ကမ်းဘက်သို့ပြန်ကူးရန် ကြိုးစားလိုက်သည်။

သို့သော် ရေနစ်နေသူက သူ့ခါးကိုဖက်ပြီး ရေအောက်သို့ အတင်းဆွဲခေါ်နေ၏။ အားချင်းမမျှသဖြင့် ယမုံပါ ရေအောက်သို့ ရောက်သွားသည်။ ကယ်မိတာ မှားပြီလားအတွေးနှင့်လတ်လျှော့စိုး



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ပြီး ခါးကိုသိုင်းဖက်ထားသည့် ထိုလူ့လက်ကို ဖြည်ထုတ်နေရသည်။ အသက်လုပွဲ ဖြစ်နေပြီမို့ ဘယ်ကခွန်အားတွေ ပေါ်လာသည်မသိ။ ချုပ်နှောင်ထားသည့်လက်များကို ဖယ်လိုက်နိုင်သည်။ ယမုံ အားတက်သွားပြီး ကူးခတ်ရင်း ရေပေါ်ပြန်တက်လိုက်၏။

ရေပြင်ထက် ခေါင်းပြူစမှာပင် ခြေထောက်ကိုဆောင့်ဆွဲတာ ခံလိုက်ရကာ ယမုံ ရေထဲပြန်မြုပ်သွားရလေသည်။ ယမုံ တအားကြောက်လန့်သွားပြီး အားစိုက်ရုန်းကန်ကူးခတ်နေမိသည်။ သို့သော် ရေပေါ်လုံးဝပြန်မပေါ်တော့ဘဲ ရေထဲဆွဲချသူနှင့် မျက်နှာချင်းဆိုင် အနေအထား ဖြစ်သွားသည်။

ကြည်လင်နေသော ကန်ရေပြင်ကြောင့် ရေနစ်သူ၏ မျက်နှာကို သေချာမြင်လိုက်ရ၏။ အကြီးအကျယ် တုန်လှုပ်သွားသည်။ ဒီနေ့ပဲ တွေ့ဆုံခဲ့သောပယင်းက သူမကိုသတ်ဖို့ ကြိုးစားနေပြီ။

"ပယင်း. . ဖူး. . ဖလူး. . "

နာမည်ခေါ်လိုက်သည်နှင့် ပါးစပ်ထဲမှ လေပလုံစီများထွက်သွားကာ အဆုတ်ထဲထိ ရေများတိုးဝင်သွားတော့သည်။

ထိုအခိုက်မှာပင် ရေနစ်ချင်ယောင်ဆောင်သူက. . ယမုံ့ပန်းနှစ်ဖက်အား အတင်းဖိကာ နှစ်သတ်တော့၏။

ရေနှစ်သတ်သည့် သိကျွမ်းခင်မင်ခဲ့သူပယင်း၏ နှုတ်ခမ်းများတွင်တော့ ကျေနပ်အားရသည့်အပြုံးကို. . ယမုံ နောက်ဆုံးမြင်တွေ့လိုက်ရတော့သည်။





# အခန်း (၅)

မိုးစဲစမှာပင် ပယင်း အိမ်သို့ပြန်ရောက်၏။ ကျောင်းတ
ဖြန် Junction square ဝင်နေသဖြင့် မိုးချုပ်သွားသည်။ အိမ်ရ
တော့ ထုံးစံအတိုင်း တိတ်ဆိတ်ငြိမ်သက်လျက်ပင်ရှိ၏။ ပယင်း ကား
ါမှဆင်းခါနီးတွင်. .

"ပယင်း. . ကိုယ် အိမ်ထဲလိုက်ပို့ပေးရမလား"

ပြောပြီး. . ရဲမိုး ကားပေါ်မှအရင်ဆင်းသွား၏။ အိမ်ထဲအ
ည်ခေါ်ဖို့ တောင်းဆိုလာတော့ ပယင်းစိတ်လေးသွားရ၏။ အားနာ

www.burmeseclassic.com

www.burmeseclassic.com



နာနှင့် ငြင်းရမည်ဟုတွေးပြီး တားပေါ်မှဆင်းသည်။ ဒီအချိန်မှာ ယောကျ်ားလေးတစ်ယောက်ကို သူငယ်ချင်းအဖြစ်နှင့်. . မေမေ့ကို မိတ်ဆက်မပေးချင်၊ မေမေ၏ စစ်စစ်ပေါက်ပေါက်အမေးတွေကို ပယင်း မဖြေချင်သေး. . ။

"ရပါတယ် ရဲမိုး. . "

"ပယင်း ကြည့်ရတာ မလန်းသလိုဘဲ၊ ဖြစ်နိုင်ရင် အမှတ်မရသေးတဲ့ အတိတ်အကြောင်းကို ပြန်မတွေးပါနဲ့လားကွာ"

အကြင်နာတရားပြည့်ဝပြီး နွေးထွေးသည့်လေသံနှင့် ပြောလာသည့် စကားကြောင့် ရဲမိုးအား ကြည့်မိသည်။ သူ့မျက်နှာက တည်ငြိမ်နေသလို မျက်ဝန်းတွေကလည်း နွေးထွေးနေ၏။ ရဲမိုးက လတ်ဆတ်သည့် အပြုံးတစ်ပွင့် ပြုံးလိုက်ရင်း အိတ်ထဲမှ တစ်စုံတရာကိုဆွဲထုတ်ပြီး ပယင်းမျက်နှာရှေ့မှာ မြှောက်ပြ၏။

ပလက်တီနန် ဆွဲကြိုးလေးတစ်ကုံး. . .

"ဒါ. . ဒါက. . "

"ပယင်းအတွက် မွေးနေ့လက်ဆောင်၊ မွေးနေ့မှာ မပေးရလို့ အခုမှပေးတာလေ"

ပြောပြောဆိုဆိုပင် ရဲမိုးက ပယင်းလည်တိုင်တွင် ကိုယ်တိုင်ဆွဲပေး၏။

"ဟာ. . ပယင်းနဲ့ တကယ်လိုက်တာပဲ ကြည့်ပါအုံး"

ပယင်း သူ့ရင်ဘတ်မှ ဆွဲကြိုးကို ငုံ့ကြည့်ရင်း ရင်ထဲကြည်နူးရှိန်းမြသွားသည်။ ရဲမိုးအားစိုက်ကြည့်ပြီး. . .

"နင်ဘာလို့ ငါ့အပေါ် ဒီလောက်ဂရုစိုက်နေရတာလဲ"

"နင်က ငါ့ရဲ့အချစ်ဆုံး သူငယ်ချင်းပဲဟာ"





ပြောပြီး ရဲမိုး သွက်လက်တက်ကြွစွာ ကားပေါ်တက်သွား၏။ ယပင်းလည်း ရဲမိုးကားမီးရောင် ပျောက်သွားသည်အထိ စောင့်ကြည့်ပြီးမှ ခြံတံခါးဖွင့်ကာ ဝင်ခဲ့တော့သည်။

အိမ်ကြီးတစ်ခုလုံး မီးတစ်ပွင့်သာထွန်းထားရှိ မှောင်မည်းနေ၏။ မေမေ အိပ်နေပြီထင်သည်။ သူကလည်းသူပင် အိမ်ပြန်ရောက်မှပဲ မေမေ စောစောပြန်လာခဲ့ဖို့မှာတာကို သတိရသွား၏။ အခန်းထဲဝင်ဖို့ ဟန်ပြင်စဉ်မှာပင်. . .

"ဒီလောက်ညဉ့်နက်မှ ပြန်လာရလား ပယင်း။ ဒါ. . မိန်းကလေးတစ်ယောက်ရဲ့ အိမ်ပြန်ချိန်မဟုတ်ဘူး"

ရုတ်တရက် မေမေ့အသံကြားလိုက်ရ၍ ပယင်း လန့်သွားသည်။ ဒေါ်သန္တာ မအိပ်သေးဘဲ သူ့ကိုအမြဲစောင့်နေတတ်၏။

"ဘယ်တွေသွားနေလို့လဲ သမီး၊ ဖုန်းခေါ်လို့လည်းမရဘူး"

"ဖုန်းကအားကုန်သွားလို့ပါမေမေ၊ ဟို. . သူငယ်ချင်းတစ်ယောက်ရဲ့အမေ ဆေးရုံတင်ထားလို့ သတင်းသွားမေးရင်း ကြာသွားတာပါ။ ညစာဝင်စားပြီး သူတို့ အိမ်ထိပြန်လိုက်ပို့ပေးပါတယ်"

မလိမ်စဖူး လိမ်ပြောလိုက်၏။ ဘာကြောင့်ပဲဖြစ်ဖြစ် မေမေ့ကို စိတ်မပူစေချင်တာတော့ အမှန်ပဲဖြစ်သည်။

"ကဲ. . ဒါဆို သမီးပင်ပန်းလာတာပေါ့၊ သွား. . သွား. . နားလိုက်တော့. . ဒီည အိပ်ရေးဝဝအိပ်"

"ဟုတ်. . မေမေ"

ဒေါ်သန္တာက ပယင်းကိုထားခဲ့ပြီး သူ့အခန်းထဲပြန်ဝင်သွားသည်။ ပယင်း သက်ပြင်းရှိုက်ကာ သူမအခန်းထဲဝင်ခဲ့လိုက်သည်။

ရာသီဥတုက အနည်းငယ်အေးနေသည်မို့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ခြေလှတ်မျက်နှာ ဆေးကြောပြီး အဝတ်အစားတွေလဲလိုက်သည်။ အားဆေးသောက်ပြီး အိပ်ရာထဲလှဲလိုက်၏။ ထိုစဉ်. . .

"တီတလီ. . တီတလီ. ."

အချိန်အခါမဟုတ် ဖုန်းခေါ်သံကြောင့် သူမ စိတ်ပျက်သွားမိသည်။ ခုတင်ဘေးခုံပေါ်မှ အားသွင်းထားသော သူမဟန်းဖုန်းကို လှမ်းယူကာကြည့်တော့ နံပါတ်က (No Number) ဖြစ်နေတာတွေ့ရသည်။

"ဟလို. ."

"နင့်ကိုနင် ဟုတ်လှပြီ အောင်းမေ့နေတယ်ပေါ့"

တဖက်မှ အသံကြောင့် ပယင်း အနည်းငယ်ကြောင်အသွားသည်။ ပြီးမှ. .

"ဖုန်းမှားနေပါတယ်"

"မမှားပါဘူး နင်ကိုင်ထားတာ ငါ့ဖုန်းလေ. . တိမ်လွှာ"

"ရှင်. . ကျွန်မ တိမ်လွှာမဟုတ်ဘူး. . ဖုန်းမှားနေတယ်"

"ငါမမှားဘူး တိမ်လွှာ"

သူ့ကို တိမ်လွှာလို့ ခေါ်နေ၍ ပယင်း အံ့ဩသွားရသည်။

"ရှင်. . ရှင်. . ဘယ်သူလဲ"

"ဟား. . ဟား. . ဟား. ."

ထိုရယ်သံကြီးနှင့်အတူ ဖုန်းလိုင်းပြတ်တောက်သွားလေတော့သည်။

၅ ၅ ၅ ၅





နံနက်ခင်းသည် နေမင်းကိုလက်ဆွဲလျက် လောကထဲသို့ ချဉ်းနင်းဝင်ရောက်လာ၏။ ဝီရိယအားနည်းသူတို့အတွက် ထောက်ကူပစ္စည်းဖြစ်သည့် နှိုးစက်မြည်သံကြောင့် ပယင်း အိပ်ရာမှ နိုးသွားသည်။

စိတ်ပျက်ငြီးငွေ့ဖွယ်ကောင်းသော နိစ္စဓူဝကိစ္စများကို ဖယ် စက်သလိုလုပ်ရင်း တစ်နေ့တာကို ကျော်ဖြတ်ရဦးမည်။ ပယင်း လုပ်စရာရှိတာတွေ သွက်သွက်လုပ်ကာ၊ အဝတ်အစားလဲ ပြင်ဆင်ပြီး အခန်းထဲမှ ထွက်လာခဲ့သည်။ ထမင်းစားခန်းရောက်သည်နှင့် ဟင်းနံ့ပေါင်းစုံ၏အနံ့များကို ရှူရှိုက်လိုက်ရ၏။

ဟင်းနံ့ကြောင့် ဗိုက်ဆာသလိုဖြစ်လာ၍ ထမင်းစားခန်းထဲ တောက်လျှောက်ဝင်လာခဲ့သည်။ မေမေက စားပွဲအပြည့်ထမင်းဟင်းတွေပြင်ဆင်ပြီး အသင့်စောင့်နေ၏။ ဟင်းတွေကိုကြည့်ပြီး ပယင်း



www.burmeseclassic.com

www.burmeseclassic.com



အုံးဖြူသွားသည်။ လေးမျိုးတောင်မှလေ. . .

"မေမေချက်ထားတဲ့ ဟင်းတွေကလည်း အများကြီးပါလား"

"သမီးကလည်း မေမေ့ကို နောက်နေပြန်ပါပြီ၊ သမီးပဲ အစောကြီးထလာပြီး မေမေ့ကို ကူချက်ပေးနေပြီးတော့. . မေမေတစ်ယောက်တည်း ချက်ထားတာမှမဟုတ်တာ၊ ကဲ. . ဒီမှာ. . သမီးပဲ စားချင်လို့ဆိုပြီး သမီးကိုယ်တိုင်ချက်ထားတဲ့ အမဲသားစွပ်ပြုတ်"

ပယင်း မျက်မှောင်ကြုတ် ခေါင်းကုပ်ရင်း. .

"မေမေ ဘာတွေပြောနေတာလဲ၊ သမီး အခုမှနိုးတာလေ မေမေရဲ့"

ဒေါ်သန္တာ သူ့သမီးကို သေချာစွာစိုက်ကြည့်ပြီး. . .

"သမီးက မေမေ့ကို ကူချက်ပေးပြီး ပြန်အိပ်သွားတာလေ၊ သမီးကလည်း အခုလေးတင်ဟာကို. . မေ့သွားပြန်ပြီလား"

ပြောရင်း အမဲသားစွပ်ပြုတ်ကို ပယင်းရှေ့ တိုးပေးလေ၏။ ပယင်း သူကိုယ်တိုင်ချက်ထားသည်ဆိုသော အမဲသားစွပ်ပြုတ်ခွက်ကိုကြည့်ပြီး ဖျို့တက်ချင်လာသည်။

"မေမေ သမီးမစားချင်ဘူး"

ဒေါ်သန္တာက စိတ်မရှည်ဟန်နှင့်. .

"သမီးပဲ အမဲသားစွပ်ပြုတ် သောက်ချင်လို့ဆိုပြီး. . ရေခဲသေတ္တာထဲက အမေဝယ်ထားတဲ့ အမဲသားတွေ ထုတ်လာပြီး ကိုယ်တိုင်ချက်သွားတာ မဟုတ်ဘူးလား"

"သမီးမှမချက်တာ. . ."

ကျောင်းကလည်း သွားရအုံးမည်မို့ မေမေနှင့် ဆက်အငြင်းမပွားချင်တော့. .





မေမေက အဖုံးအုပ်ထားသော ချဉ်ရည်တင်းပန်းကန်ကို ဖွင့်လိုက်၏။ ငါးနံ့တထောင်းထောင်း ထလာ၍. .

"မေမေ သမီးဒီဟင်းနဲ့ပဲ စားသွားတော့မယ်"

ဟင်းက ငါးရံ့နှင့်မုန်လာဥ ချဉ်ရည်ဟင်း ဖြစ်သည်။

"ဒါ မေမေစားဖို့ ချက်ထားတာလေ သမီးရဲ့၊ ဒီဟင်းမျိုးကို သမီး ဘယ်တုန်းကစားလို့လဲ၊ ငါးဟင်းဆို တအားမုန်းတယ်ဆို. . သမီးပဲပြောပြီးတော့"

ပယင်း ဘာမှပြောမနေတော့ဘဲ မေမေ့ရှေ့မှ ငါးရံ့နှင့်မုန်လာဥချဉ်ရည်ဟင်းကို တစ်ဇွန်းခတ်သောက်လိုက်၏။

"အား. . မေမေ့လက်ရာ အရမ်းကောင်းတာပဲ၊ အရင်က မကြိုက်ပေမယ့် အခုကြိုက်သွားပြီမေမေရယ်"

ထိုသို့ပြောပြီး ပယင်း ဘောစင်တွင် လက်သွားဆေး၏။ ပြီးမှ ထမင်းဝိုင်းသို့ ပြန်လာကာထိုင်သည်။ ပယင်း လုပ်သမျှကို မေမေ လိုက်ကြည့်နေ၏။ ငါးရံ့ဖတ်များနှင့် မုန်လာဥများကို သူ့ထမင်းပန်းကန်ထဲ ခပ်ထည့်ကာ နယ်၍ ပလုပ်မလောင်းစားလေတော့သည်။

ကြည့်နေသော ဒေါ်သန္တာ မနေနိုင်တော့. .

"ဟဲ့. . ဟဲ့. . သမီး ဘယ်လိုဖြစ်တာလဲ. . ဇွန်းနဲ့စားလေ၊ ဘာလို့ လက်ကြီးနဲ့စားတာလဲ၊ ရောဂါပိုးတွေဝင်ကုန်မှဖြင့်. . "

သူ့ထမင်းပန်းကန်ထဲမှ ဇွန်းခရင်းကိုလှမ်းပေးရင်း ဒေါ်သန္တာ ပြောလိုက်၏။

"ရတယ် မေမေ၊ သမီး ဇွန်းမလိုတော့ဘူး၊ ဒီအတိုင်း လက်နဲ့တာ ပိုစားလို့ကောင်းတယ် မေမေရဲ့"

"ငါ့သမီး တရေးပြန်အိပ်ပြီး ထလာမှပဲ အထူးအဆန်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတော့တာပါပဲ”

ဒေါ်သန္တာ စောစောထကာ ချက်ပြုတ်ပြင်ဆင်ထားရသော်လည်း ဖီးလိမ်းချယ်သထားသည်မို့ ကြည့်ရတာ အဆုတ်ဝေဒနာရှင်ရောဂါသည်တစ်ဦးဟု လုံးဝမထင်ရ။

စကားဆက်မပြောဖြစ်ဘဲ. . သားအမိနှစ်ယောက် ထမင်းဆက်စားနေကြသည်။ စားပြီးသည်နှင့်. .

“မေမေလည်း ကျန်းမာရေး ဂရုစိုက်အုံးနော်”

“မေမေ့အတွက် မစိုးရိမ်ပါနဲ့ သမီးရယ်”

“ဟုတ်ပါပြီ၊ ကဲ. . သမီးကျောင်းသွားတော့မယ်နော်”

ဒေါ်သန္တာကို နှုတ်ဆက်ပြီး ကျောပိုးအိတ်လွယ်ကာ မြူးကြွစွာဖြင့် ပယင်းထွက်လာခဲ့၏။

ဒီနေ့ ရဲမိုးလာခေါ်မည်တဲ့. . ၊ ပယင်း ခြံပြင်ထွက်ပြီး အုတ်တံတိုင်းအကွယ်က ရပ်စောင့်နေလိုက်သည်။ သိပ်ကြာကြာမစောင့်ရ၊ ရှစ်နာရီလေးဆယ်လောက်မှာ ရဲမိုး ရောက်လာသည်။ ပြုံးပြနှုတ်ဆက်ပြီး ကားပေါ်သို့ ပယင်း တက်လိုက်သည်။

ပယင်း အဝေးသို့ကြည့်ကာ. . . လက်သည်းခွံကိုကိုက်ရင်းလိုက်ပါသွားသည်။

“ပယင်း. . အဲဒီအကျင့်တွေ ဘယ်ကတတ်လာတာလဲ”

“ဘာဖြစ်လို့လဲ ရဲမိုး”

“လက်သည်းခွံကိုက်တဲ့ အကျင့်လေ”

“ဪ. . မသိဘူး၊ ကိုက်ချင်လာလို့”

“ရောဂါရလိမ့်မယ်နော်”

ပယင်းလှည့်ကြည့်တော့. . နောက်ခုံပေါ်မှ သူမအတွက်





ဝယ်လာသော အအေးဘူးကို ရဲမိုးလှမ်းယူပေးသည်။

“ငါတို့ ရုပ်ရှင်သွားကြည့်ကြမလား၊ မကြည့်တာကြာပြီ”

“ကောင်းသားပဲ”

ရုံးဖွင့်ရက်နှင့် အလုပ်ချိန်ဖြစ်နေ၍ ရုပ်ရှင်ရုံထဲ လူရှင်းနေသည်။ မြန်မာသရုပ်ဆောင်များလည်း အတော်ရိုက်လာ၏။ အခုလည်း သူတို့ကြည့်နေသော သရဲကားက သွေးစုပ်ဖုတ်ကောင်ကား ဖြစ်၏။ နေတိုးပါးစပ်တွင် သွေးတွေပေကျံနေတာကြည့်ပြီး ရင်ထဲ အော်ဂလီဆန်လာ၍ မကြည့်တော့ဘဲ မျက်နှာလွှဲထားလိုက်၏။

ထို့နောက်. . ကျင့်သားရမျက်လုံးများနှင့် အမှောင်ထဲ ဟိုဒီလျှောက်ကြည့်နေမိသည်။

(EXIT) မီးနီဆိုင်းဘုတ်အောက်မှ ဆံပင်ဖားလျားနှင့် မိန်းမတစ်ယောက် ရပ်နေတာကိုတွေ့ပြီး ဘာရယ်မဟုတ်ကြည့်လိုက်၏။ ပိတ်ကားပေါ်က အလင်းရောင်ဖြင့် ဆံပင်ဖားလျားနှင့် မိန်းမမျက်နှာကို ဖျတ်ခနဲ တွေ့လိုက်ရသည်။

ထိုမိန်းမက လမ်းမလျှောက်ဘဲ တရွေ့ရွေ့ ရွေ့လာနေ၏။

“ဟင်!. . ”

မှန်ကြည့်နေရသလို သူမကိုယ်သူမ ပြန်မြင်နေ၏။ သို့သော် ထိုပယင်းပုံစံက အမှောင်ထဲမှာ ကြောက်စရာကြီးမို့ လန့်သွားတာ အကြည့်လွှဲလိုက်ရသည်။ သို့သော်. . မနေနိုင်၊ ခဏနေတော့ ရှိနေသေးသလားဆိုတာ သိချင်လာ၍ ပြန်လှည့်ကြည့်မိသည်။

ထွက်ပေါက်နားမှာ ဘယ်သူမှမရှိတော့. . ။ ဘေးမှ ရဲမိုးကိုကြည့်တော့လည်း ပိတ်ကားဆီ အကြည့်မပျက်။ အလိုလိုနေရင်း. . ကြောက်လာသဖြင့် ကြောက်စရာ သွေးစုပ်ဖုတ်ကောင်ဇာတ်ကားဆီ



www.burmeseclassic.com

www.burmeseclassic.com



မကြည့်တော့ဘဲ မှုန်ပျပျအလင်းရောင်အောက်မှ လူတွေကိုသာ လိုက်ကြည့်နေလိုက်သည်။

"ဟင်!. ."

ဆံပင်ဖားလျားနှင့်မိန်းမတ သူ့ရှေ့ခုံတွင် ရောက်နေလေပြီ။ စောစောက သူမခုံရှေ့တွင် ဘယ်သူမှမရှိ။ ရှေ့ကမိန်းမ၏မျက်နှာက တဖြည်းဖြည်းလှည့်လာကာ မျက်နှာချင်းဆိုင်အရောက်. . . ပယင်း သူ့ကိုယ်သူ ပြန်တွေ့နေရသည့် အဖြစ်မို့. . .

"အား!. . အား!. ."

တစ်ရုံလုံး တိတ်ဆိတ်ငြိမ်သက်နေခိုက် ကြားလိုက်ရသည့် ပယင်း၏ အော်ဟစ်သံကြောင့်. . အားလုံး၏အာရုံက ပယင်းထံ ရောက်လာသည်။ ရဲမိုးလည်း အထိတ်တလန့်နှင့် လှည့်ကြည့်လေ၏။

"ပယင်း. . ဘာ. . ဘာဖြစ်လို့လဲ"

"သရဲ. . သရဲ. . ရှေ့ခုံမှာ ပယင်းနဲ့ တပုံစံတည်းတူတဲ့ သရဲမ"

ပယင်းက မျက်စိစုံမှိတ်ပြီး လက်ညှိုးထိုးကာ ပြောနေ၏။ အနီးအနားခုံများမှ လူတွေလည်း ပယင်းနှင့်ရဲမိုးအား ဝိုင်းကြည့်နေကြသည်။ ရဲမိုးက ပယင်းလက်ကိုဆုပ်ကိုင်လှုပ်ရမ်းရင်း. . .

"ပယင်းကလည်းကွာ မဟုတ်တာ၊ ရှေ့ခုံမှာ ဘာမှမရှိပါဘူး"

ရဲမိုးစကားကြောင့် ပယင်း မျက်လုံးဖွင့်ကာ မရဲတရဲ ကြည့်ပြန်သည်။

ရဲမိုးပြောတာမှန်၏။ ရှေ့ခုံမှာ ဘယ်သူမှရှိမနေတော့. .

"ဟင်. . ဘယ်ရောက်သွားတာလဲ၊ ပယင်း တကယ်တွေ့





တာ. . ပယင်းဆီကို လက်တောင်လှမ်းလာနေပြီ"

"ပယင်းကလည်းကွာ အဓိပ္ပါယ်မရှိတာတွေ. .၊ ထဲ. . လာ အပြင်ထွက်ရအောင်. . ."

ရဲမိုး ဆွဲခေါ်ရာနောက်သို့ လိုက်ပါရင်း ရုံထဲမှထွက်ခဲ့ကြ၏။

"ကျောင်းသွားမလား. . ဘယ်သွားအုံးမလဲ"

"ခုမှ ဆယ်နာရီပဲရှိသေးတာ ကျောင်းကိုပဲသွားမယ်လေ"

"အိုကေ. ."



www.burmeseclassic.com

www.burmeseclassic.com







# အခန်း (၆)

မြို့တောင်ဘက်ဖျားနှင့် မြောက်ဘက်ဖျား ခရီးရှည်ကြီးကို တစ်နာရီနှင့် ရဲမိုးအရောက်မောင်းလာခဲ့သည်။ တာဝါတင် တွင်ရပ်ပြီး ကျောင်းဆောင်ဘက်သို့ လျှောက်လာကြ၏။

"ပယင်း တကယ်မြင်လိုက်တာ"

"အဲဒီအကြောင်းတွေ မေ့လိုက်ပါတော့ [illegible]"

ရဲမိုး ပယင်းကိုမကြည့်ဘဲ ပြောလိုက်သည်။ [illegible] ဆက်ဖို့ အခက်တွေ့သွား၏။ ထိုစဉ် ကျောင်းဝေါ်တ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားတစ်ယောက်က သူတို့အား လက်ညှိုးညွှန်ပြနေသည်။ သူ့အေားမှာ လူစိမ်းနှစ်ယောက်ရှိနေ၏။ ကိုယ်နှင့်မသိသည့်အတွက် ပယင်းတို့ စိတ်ကသိကအောင့်မဖြစ်ဘဲ ပုံမှန်အတိုင်း ဆက်လျှောက်လာခဲ့သည်။ သို့သော် အနားရောက်တော့ သူမကိုတွေ့ဖို့ လာတာဖြစ်ကြောင်း သိလိုက်ရ၏။

"ညီမက ပယင်း ဆိုတာလား"

"ရှင်. . ဟုတ်. . ဟုတ်ပါတယ်၊ ဘာများပါလိမ့်"

"မေးစရာလေးတွေ ရှိလို့ပါ"

လူစိမ်းနှစ်ယောက်အနက်မှ တစ်ယောက်က ရဲကတ်ပြား ထုတ်ပြလိုက်၍ ပယင်း မျက်စိသူငယ်လေးနှင့် ကြောင်အသွား၏။ ရဲမိုးလည်း အတော်အံ့အားသင့်သွားပုံရသည်။

"ယမုံကို သိပါသလား"

"ရှင်. . ."

တာဝန်ရှိသူက စိတ်မရှည်ဟန်နှင့်. . မှတ်စုစာအုပ်ကြားမှ ဓါတ်ပုံတစ်ပုံထုတ်ကာ ကောင်မလေး,လေးယောက်တွဲထဲမှ တစ်ယောက်ကို လက်ညှိုးထောက်ပြလိုက်သည်။ ဓါတ်ပုံက ရေတွေစိုနေ၏။ မနေ့က သူ့ထံလာသော ကောင်မလေးဖြစ်နေ၏။ သူ့နာမည် ယမုံဆိုတာတော့ မှန်နေသည်။

"ဒီကျောင်းကပဲလေ. . သိလား"

"နေ. . နေကြပါဦး ဘာများဖြစ်လို့လဲ"

ရဲမိုး ပယင်းရှေ့မှ မားမားရပ်၍ မေးခွန်းပြန်ထုတ်လိုက်၏။

"ယမုံ သေသွားလို့ပါ"

"ရှင်!. . " "ဗျာ!. . "





"ကျွန်မဆီကို မနေ့ကပဲ သူလာသွားသေးတယ်"

ရဲတစ်ယောက်က မှတ်စုစာအုပ်ထုတ်တာ. .

"ဒါဆို ဆုံးသွားတဲ့ ယမုံ နောက်ဆုံးတွေ့ခဲ့တာ ဒီကညီမပဲ ဖြစ်ဖို့များနေပြီ၊ ညီမနဲ့တွေ့တုန်းက သူကြိမ်းခြောက်ခံနေရတယ်လို့များ ပြောသွားသေးလား၊ တခြားရော. . ဘာထူးခြားတာတွေ ပြောသေးလဲ"

ပယင်းမျက်နှာမှာ ဖွေးဖွေးဆုတ်အောင် ထိတ်လန့်နေလေပြီဆိုတာသိ၍ ရဲမိုးက. . .

"တာဝန်အရ မေးတယ်ဆိုတာကို လက်ခံပါတယ်၊ သူသေတာ ကျုပ်တို့နဲ့ ဘာမှမဆိုင်ဘူးထင်တယ်၊ နောက်ပြီး သူက ဘယ်လိုသေတာလဲ. . "

မေးနေသည့်ရဲက စကားမပြောဘဲ ခပ်တည်တည်ကြီးကြည့်ကာ. . .

"ယမုံက ရေနစ်သေတာပါ၊ မျက်မြင်သက်သေတွေ ပြောအရဆိုရင် ထိုင်နေရာကနေ ဝုန်းခနဲထပြီး အင်းယားကန်ထဲ ဒိုင်ဗင်ထိုးချသွားတယ်လို့ ပြောကြတယ်၊ ရေထဲရောက်ပြီး သိပ်မကြာဘူး ချက်ချင်းမြုပ်သွားတာတဲ့. . ၊ အလောင်းက ရှာလို့တော့တွေ့ပါပြီ. . ထူးဆန်းနေတာက သူ့မှာကုတ်ဆွဲခံထားရတဲ့ ဒဏ်ရာဒဏ်ချက်တွေ အမြောက်အများ တွေ့နေရတယ်"

"ရှင်!. . "

ပယင်း မူးဝေပြာမိုက်သွားသဖြင့် ယိုင်တိုင်တိုင်ဖြစ်[illegible] ရဲမိုး အချိန်မီ ဖမ်းထိန်းထားလိုက်ရသည်။

ရဲမိုးက ပယင်းအား ဖက်သိုင်းဖေးမထားရင်း အငြိုအငြ



www.burmeseclassic.com

www.burmeseclassic.com



ကို အကဲခတ်နေသည်။

"ခဏလေးဟျာ. . သူ နားမှဖြစ်တော့မှာ"

ရဲတွေခေါင်းညိတ်ခွင့်ပြုသဖြင့် စာသင်ခန်းထဲ ပယင်းကို ခေါ်သွားကာ ထိုင်ခိုင်းထားလိုက်ရ၏။ သူ ရဲတွေဆီပြန်သွားကာ. . သိလိုသည်များကိုမေးသည်။ ပယင်းမှာတော့ စာသင်ဆောင် ခုံတန်းပေါ် မှောက်အိပ်လိုက်၊ ပြန်ထလိုက်နှင့် ဆောက်တည်ရာမရ ဖြစ်နေရှာသည်။ ကျောင်းသူကျောင်းသားတွေကလည်း သူမကို ကွက်ကြည့်ကွက်ကြည့် လုပ်နေကြ၏။

ထိုအုပ်စုများကို ပယင်း လှမ်းကြည့်ရင်း. . တစ်နေရာ အရောက်တွင် ကောင်မလေး,လေးယောက်တွဲအုပ်စု ရယ်ရယ်မောမော ပြောဆိုနေသည်ကို တွေ့ရသည်။ သုံးယောက်က ပယင်းဘက် မျက်နှာမူထားပြီး ကျန်တစ်ယောက်က ကျောပေးထား၏။ မျက်နှာမူထားသော ထိုသုံးယောက်ကို ပယင်း မြင်ဖူးသလိုလိုရှိနေ၏။ သေချာကြည့်မှ. . .

"ဟင်. . သူတို့ထဲကတစ်ယောက်က ယမုံပါလား၊ ဘယ်လိုဖြစ်တာပါလိမ့်. . သူသေပြီဆို"

သူကြည့်နေတာကို ယမုံလည်းမြင်သွား၏။ ယမုံ လက်တို့အသိပေးလိုက်သဖြင့် သူတို့အုပ်စု ပယင်းကို အားလုံးဝိုင်းကြည့်လာသည်။ ကျောပေးထားသည့် ကောင်မလေးလည်း လှည့်ကြည့်လာ၏။ သို့သော်. . ထိုကောင်မလေးက ပယင်းကိုယ်တိုင်ပင် ဖြစ်နေလေသည်။

"အို. . ဘုရား. . ဘုရား လှည့်ကြည့်တဲ့ ကောင်မလေးက ငါပါလား. .၊ ဒါ. . ဒါ. . ဘယ်လိုဖြစ်ရတာလဲ"





မြင်နေရသည့် သူ့အပါအဝင် ကောင်မလေး,လေးယောက်က ပုံစံအမျိုးမျိုးလုပ်ပြ၍ သူ့ကိုလှောင်ပြောင်နေကြသည်။ အသံတွေကလည်း. . .

"မုဆိုးမ သမီး၊ ငါးစိမ်းသည်မ သမီး"

"ထမင်းချိုင့်ထဲ ငါးအပုပ်ပဲ ထည့်လာတတ်တဲ့ကောင်မ"

စသည်ဖြင့်. . သူ့နားထဲ ကြားနေရ၏။ သူတို့ပြောတာတွေ ပယင်း ဘာမှနားမလည်။ ဒီကြားထဲ သူ့ဘက်လှည့်ကြည့်လာသော ပယင်းဆိုသူက သူမအား လက်ညှိုးငေါက်ငေါက်ထိုးကာ. .

"နင်က. . ငါ့ခန္ဓာကိုယ်နဲ့ လူလုပ်နေတာလေ. . နင်မရှက်ဘူးလား၊ ငါ့ခန္ဓာကိုယ်ကို အခုပေး. . အခုပြန်ပေး"

ထိုအချိန်တွင် ရဲမိုးပြန်ရောက်လာကာ. . ကြောင်တောင်တောင်ဖြစ်နေသော ပယင်းအား ပခုံးပုတ်လှုပ်ရမ်းလိုက်၏။

"အမလေး. . လန့်လိုက်တာ"

"ဘာတွေ ဒီလောက်တောင် ကြောက်နေရတာလဲ"

ထိုအခါမှ ပယင်းသတိပြန်ဝင်လာသည်။ ရဲမိုးကို တွေ့လိုက်ရသဖြင့် အားတက်သွား၏။ ကောင်မလေးတသိုက် သူ့ကို လှောင်ပြောင်ကြကြောင်း၊ ထိုအထဲတွင် ပယင်းကိုယ်တိုင်လည်းပါကြောင်း ရဲမိုး ရောက်လာ၍ ထိုအုပ်စုကိုမတွေ့ရတော့ကြောင်း ပယင်း ပြောပြ၏။

"ပယင်း. . ပယင်း. . စိတ်ကိုမှန်မှန်ထားစမ်းပါ၊ နင် ဘာတွေဖြစ်နေတာလဲ သတိထားစမ်းပါအုံး ပယင်းရဲ့"

ကြောင်စီစီဖြစ်နေသော ပယင်းအား ရဲမိုး ပခုံးနှစ်ဖက်ဆုပ်ကိုင်ပြီး ခပ်ကြမ်းကြမ်းလှုပ်ရမ်းကာ သတိပေးသည်။ ပယင်း ငြိမ်သွား



www.burmeseclassic.com

www.burmeseclassic.com



တာ ရဲရိုးတိုကြည့်နေမှ. .

"ရဲတွေပြန်သွားပါပြီ ပယင်းရယ်"

"ဟုတ်. . ဟုတ်လား၊ သူတို့ ဘာတွေပြောသွားကြသေးလဲ"

"မနေ့ညနေလောက်က ယမုံ ရေနစ်ပြီး ဆုံးတာလို့ပြောသွားတယ်၊ သွေးရိုးသားရိုးပါပဲ၊ ပယင်းကိုလာမေးတာကလည်း ဓာတ်ပုံထဲက သူငယ်ချင်းနှစ်ယောက်သေပြီး. . ဓာတ်ပုံထဲမပါတဲ့ သူငယ်ချင်းတစ်ယောက်လည်း လူပျောက်တိုင်ထားတယ်. . အခုထိ ရှာမတွေ့သေးဘူးတဲ့၊ ပယင်းဆီက ဘာတွေများသိရမလဲဆိုပြီး လာမေးတာပါ၊ မသက်ာလို့တော့ မဟုတ်ပါဘူး ပယင်းရယ်"

"နှစ်ယောက်သေပြီး တစ်ယောက်ပျောက်တယ် ဟုတ်လား"

"အင်း. . ပိုးအိနဲ့ ယမုံက ရေနစ်သေခဲ့တာ၊ နောက်တော့ တိမ်လွှာဆိုလား မသိဘူး. . သူက ပျောက်နေတာကြာပြီတဲ့"

တိမ်လွှာ. . ။

ထိုနာမည်ကို သူမ ရင်းရင်းနှီးနှီး ကြားဖူးနေ၏။

"သူတို့ကို ပယင်း ဘာလို့မသိရတာလဲ၊ ပယင်း သူငယ်ချင်းတွေဆိုပြီး ဘာလို့မမှတ်မိရတာလဲ"

"ပယင်း အရင်ကတွဲနေတဲ့ သူငယ်ချင်းတွေကတော့ အများကြီးပဲ. . ငါလည်း မစပ်စုချင်တာနဲ့ မမေးမိတာ. . ၊ ကဲပါပယင်းရယ် စဉ်းစားလို့မရရင် မစဉ်းစားပါနဲ့. . နေမကောင်းဖြစ်နေလိမ့်မယ်"

"ယမုံ တကယ်ရေနစ်သေတာပါနော်"

"သေချာပါတယ် ပယင်းရယ်. . သွေးရိုးသားရိုး ရေနစ်သေတာပါ၊ ကဲ. . အဲဒါတွေ အသာထား ဒီနေ့ အတန်းတက်မှာလား. . ဆရာဝင်လာတော့မှာ"





"ဟင့်အင်း မတက်ချင်တော့ဘူး"

"ဒါဆို ကင်(န်)တီးမှာ သွားနားနေလိုက်၊ ငါလတ်ချာလိုက်ကူးထားမယ်၊ နောက်မှ ပယင်း ပြန်ကူးပေါ့"

"အင်း. . . အဲဒါကောင်းမယ်ထင်တယ် ဒီတစ်ချိန်ပြီးရင်တော့ ပြန်မယ်နော်"

"အင်းပါ"

ပယင်း စာသင်ဆောင်ထဲမှ ခပ်သွက်သွက်ထွက်လာခဲ့၏။ ဆရာနှင့် အဝင်အထွက် သီသီလေးမို့ ပယင်းသက်ပြင်းရှိုက်မိသည်။ ကျောင်းဆောင်ပေါ်မှဆင်းပြီး. . . ကင်(န်)တင်းသို့ တစ်လှမ်းချင်း လျှောက်လာခဲ့သည်။

ကင်(န်)တင်းရောက်တော့ ဒီအတိုင်းထိုင်ရမှာ မကောင်းသဖြင့် သီးစုံဖျော်ရည်တစ်ခွက် မှာလိုက်သည်။ စာသင်ချိန်ဖြစ်သော်လည်း စားသောက်ဆိုင်တန်းမှာ ကျောင်းသူကျောင်းသားတွေ အနည်းအကျဉ်းတော့ ရှိနေသည်။ အနီးအနားက အုပ်စုတွေကို အကဲခတ်ကြည့်ရသလောက် သူမလို သောကရောက်နေသူ တစ်ယောက်မှမရှိ။

ကျောင်းသားပီသစွာ လွတ်လပ်ပေါ့ပါး ပျော်ရွှင်နေကြတာ သတိပြုမိသည်။ ခတ်လှမ်းလှမ်း စားပွဲတစ်ခုဆီ အကြည့်ရောက်သွားချိန်မှာတော့ ပယင်း အံ့ဩထိတ်လန့်သွားသည်။ စောစောက သူမကိုယ်တိုင်ပါဝင်သော လေးယောက်တွဲအုပ်စုကို ပြန်တွေ့လိုက်ရ၍ဖြစ်သည်။

ပယင်းကိုယ်တိုင်လည်း ထိုလေးယောက်ထဲတွင် ပါနေ၍ အံ့ဩမှင်သက်မိစွာ ဆက်ကြည့်နေခိုက်မှာပင် ထမင်းဘူးလေးတိုင်



www.burmeseclassic.com

www.burmeseclassic.com



တာ လျှောက်လာသော ကောင်မလေးနောက်တစ်ယောက်ကို ထပ်တွေ့လိုက်ရသည်။

ထိုတစ်ယောက်ကို ပယင်း မမြင်ဖူးသေး. . ။ လေးယောက်အုပ်စုက လျှောက်လာသော ကောင်မလေးဆီ အကြည့်တွေအားလုံးရောက်နေကြ၏။ သူတို့စားပွဲနားအရောက်တွင်. . ပယင်း ခြေထိုးခံလိုက်တာကို ပယင်းကိုယ်တိုင် လှမ်းမြင်နေရသည်။ ကိုယ့်လုပ်ရပ်ကိုယ်ကြည့်ကာ. . .

"ဟင်. . အဲ့ဒါ ငါပဲလား၊ ငါ အဲ့လိုလုပ်ခဲ့လား. . "

မျက်နှာသစ်ကောင်မလေး ခလုတ်တိုက်ချော်လဲကာ မှောက်လျက်လဲကျသွား၏။ ထမင်းဘူးလည်း ပွင့်ထွက်လွင့်စင်သွားကာ. . တစစီပြန့်ကျဲကုန်သည်။ ပယင်းပါဝင်သည့်လေးယောက်လုံး ဟားတိုက်ရယ်လိုက်ကြ၏။

"ဟား. . ဟား. . ဟား. . "

"ဒါမှ ငါးသိုးနဲ့ ငါတို့မန်မှာဟေ့"

အနိုင်ကျင့်ခံရသူလေးက ဘာမှပြန်မပြောရှာ၊ ကြောက်လန့်နေသလို မျက်နှာငယ်လေးနှင့် ပြန့်ကျဲနေသည့် ထမင်းနှင့်ငါးကြော်လေးများကို ကောက်ယူကာ ထမင်းဘူးထဲ ပြန်ထည့်နေ၏။ မျက်ဝန်းမှာတော့ မျက်ရည်စတို့နှင့်. . .

ထိုသို့မတရားအနိုင်ကျင့်သည့်လုပ်ရပ်ကို ဦးဆောင်သူတာ သူကိုယ်တိုင်ဖြစ်နေတာ ပယင်း မယုံကြည်နိုင်အောင် မြင်နေရ၏။

"အစ်မ. . သီးစုံဖျော်ရည်ရပြီနော်"

စကားသံနှင့်အတူ စားပွဲထိုးလေး အအေးဖန်ခွက်လာချပေး၍ ပယင်း အအေးခွက်ကို လှမ်းယူလိုက်သည်။





"ဪ. . အေးအေး. . ကျေးဇူးပဲ"

စားပွဲထိုးလေး ပြန်လှည့်သွားတော့. . စောစောတစားပွဲကို လှမ်းကြည့်လိုက်သည်။

"ဟင်. . ဘယ်ရောက်သွားပါလိမ့်"

အနိုင်ကျင့်သည့် လေးယောက်ရော အနိုင်ကျင့်ခံရသူလေးပါ မရှိကြတော့။ ထိုအဖြစ်အတွက် ပယင်း မအံ့ဩဘဲမနေနိုင်၊ တစ်ခါလည်းမဟုတ်၊ နှစ်ခါဆိုတော့ အမြင်မှားတာလည်း မဖြစ်နိုင်၊ ပြန်ရှာကြည့်တော့လည်း မတွေ့သည့်အတွက်. . သူရူးနေပြီလားဟုပင် တွေးမိ၏။

သူ့မှတ်ဉာဏ်တချို့တလေ ပြန်ပေါ်လာတာ ဖြစ်လေမလားဟုတွေးမိမှ စိတ်သက်သာရာရသွားသည်။ ဆက်စပ်တွေးတောလို့ရအောင် တဖြည်းဖြည်း ပြန်မှတ်မိလာသည့်အတွက် ပယင်းအားတက်သွား၏။

နောက်ထပ်ဘာတွေများ မြင်ရဦးမလဲအတွေးနှင့် ဆိုင်အနှံ့လှမ်းကြည့်အကဲခတ်နေသော်လည်း. . ထိုအုပ်စုက ပြန်ပေါ်မလာတော့. . ။

မသောက်ချင်ဘဲ မှာထားရသည့်သီးစုံဖျော်ရည်ကို ကြိတ်မှိတ်သောက်နေရင်း ကုန်လုလုအချိန်ရောက်မှ ရဲမိုးပေါ်လာသည်။

"ပယင်း အခြေအနေကောင်းရဲ့လား"

"အင်း. . ကောင်းပါတယ်"

ရဲမိုး ထမင်းသုပ်တစ်ပွဲ လှမ်းမှာပြီး ပယင်းမျက်နှာကို အသေအချာကြည့်၏။ သူကြုံတွေ့ခဲ့ရသည့် အဖြစ်တွေကို ပယင်း ပြောပြဖို့ စိတ်မကူးမိတော့၊ ပြောပြလျှင်လည်း ယုံမှာမဟုတ်သည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ပျော်ချင်စိတ် မရှိတော့ခြင်းဖြစ်သည်။

ရဲမိုး ထမင်းသုပ်စားနေချိန်တွင် ပယင်းက. . .

"ယမ့်အသုဘကို ကျောင်းကလိုက်ပို့ကြမှာပေါ့နော်"

"ဟုတ်မှာပေါ့"

"ပယင်းလည်း လိုက်ပို့ချင်တယ်"

"ဖြစ်ပါ့မလား"

"အဲ့ဒီနာရေးခရီးက ပယင်း တူးဆွနေတဲ့ အတိတ်ရှာဖွေရေးမှာ အထောက်အကူဖြစ်လိမ့်မယ်လို့ ထင်နေတယ်"

"အင်းလေ. . ဒါဆိုလည်း လိုက်ပို့ကြတာပေါ့"

ပယင်းပြုံးလိုက်မိသည်။ ဒီနေ့တစ်နေ့လုံးအတွက် ပထမဆုံးပြုံးခြင်း ဖြစ်မည်ထင်၏။

၅ ၅ ၅ ၅





ကျောင်းဝင်းထဲသို့ (BM)Bus သုံးစီး၊ အဓိပတိယာဉ်လိုင်းမှ ဘတ်စ်ကားကြီးနှစ်စီး ဝင်လာသည်။ ကားဘေးတွင်ကပ်ထားသည့် စာရွက်များပေါ်၌. . 'မယမုံ၊ အသက်(၂၁)နှစ်၊ ရူပဗေဒ' ဟု စာလုံးမည်းကြီးများနှင့် စာစီထား၏။

ဒီနေ့ ယမုံ၏ နောက်ဆုံးခရီးကို တစ်ကျောင်းလုံး လိုက်ပါပို့ဆောင်ကြမည့်နေ့ဖြစ်သည်။

အရွယ်နုပျိုစဉ်မှာပင် သေနေ့စေ့သွားသည့် ယမုံကို သူငယ်ချင်းများ၊ တာဝန်ရှိ ဆရာ,ဆရာမများ၊ စပ်စုလိုသော ကျောင်းသားထုတို့ စိတ်ဝင်စားစွာ လိုက်ပါပို့ဆောင်ဖို့ နေရာယူကြရာ. . ကားငါးစီးလုံးပြည့်သွားတော့၏။ အမှတ်တရရှိခြင်းနှင့် ဝမ်းနည်းခြင်း လိုက်ထရပ်ကားတစ်စီးအပြည့်ဖြစ်သည်။

တချို့ကလည်း ကိုယ့်ကားနှင့်ကိုယ် လိုက်ကြ. . နေရာယူ



www.burmeseclassic.com

www.burmeseclassic.com



တန်းစီထားကြ၏။ ရဲမိုးကားက ပန်းခြင်းသယ်မည့်ကား၏နောက်တွင် နေရာဝင်ယူလိုက်သည်။

ပယင်း ဘာစကားမှမပြောဘဲ ငေးမိငေးရောငေးရင်း တွေးနေလေ၏။

ဤကျောင်းမှ ကျောင်းသူနှစ်ယောက် တစ်ပတ်ဆယ်ရက်လောက်သာခြား၍ သေသွားကြသည်။ တစ်ယောက်လည်း ပျောက်နေတာကြာပြီတဲ့။ ထိုကောင်မလေးတွေအားလုံး ပယင်း၏ သူငယ်ချင်းများ ဖြစ်ကြသတဲ့. . .။

ဒဂုံတက္ကသိုလ် ဝတ်အသင်းသူများ၏ ရွတ်ဖတ်သံက အသံချဲ့စက်မှ ထွက်ပေါ်လာချိန်တွင်. . ကားများစတင်ထွက်လာပြီဖြစ်သည်။ သင်္ဂြိုလ်မည့်သုသာန်က ရေဝေးဖြစ်သည်။

မီးသင်္ဂြိုလ်စက်ရှေ့ ကားပါကင် ကွက်လပ်ကြီးတွင် ကားရပ်ပြီးသည်နှင့် ကျောင်းသားကျောင်းသူတွေ အသုဘရှုဧည့်ခန်းဆောင်သို့ သူ့ထက်ငါ အလုအယက်ပြေးကြသည်။

ပယင်းလည်း ရဲမိုးကိုပင် မစောင့်တော့ဘဲ ပြေးဆင်းလာခဲ့၏။ နှစ်ခန်းတွဲဧည့်ခန်း ပြည့်အောင်ပင် ယမုံ၏ နောက်ဆုံးခရီးက စည်ကားလွန်းလှသည်။ မှန်ခေါင်းနှင့် ပြင်ဆင်ထားသည့် ယမုံ့ရုပ်ကလာပ်ရှိရာရောက်ဖို့ စတိတ်ရှိုးကွင်းထဲ ဝင်ရသလိုပင် တိုးဝှေ့နေရသည်။

ကျောင်းသားတွေက စည်းကမ်းရှိရှိနှင့် ယမုံ့အလောင်းကို သွားကြည့်ကြပြီး အခေါင်းကိုပတ်၍ ပြန်ထွက်သွားကြသည်။ ပယင်း အလှည့်အရောက်မှာ မှန်ခေါင်းထဲမှ ယမုံအား. . ကရုဏာသက်စွာ အသေအချာ ကြည့်မိသည်။ ပန်းပေါင်းစုံလွှမ်းခြုံထားသည့် ယမုံမှာ





သေပန်းပွင့်သည့်အလား လှပနေသည်။

ထိုစဉ်မှာပင် ယမုံ့မျက်လုံးများ ပွင့်လာလေရာ. . ပယင်း ရင်တွေ ဒိုင်းခနဲခုန်အောင် ထိတ်လန့်သွားပြီး မျက်လုံးမှိတ်လိုက်ရသည်။ မျက်လုံးဖွင့်ကာ နောက်တစ်ခါပြန်ကြည့်တော့ ယမုံ့မျက်လုံးတွေက မှိတ်လျက်သားလေး. . ။

သူ့စိတ်ကိုက ချောက်ချားနေတာဖြစ်မှာပါဟု ပယင်း ဖြေတွေး,တွေးရသည်။ ထိုစဉ်. . .

"ယုံတောင်မယုံဖူး၊ ဒီကောင်မ ဒီအထိလိုက်လာမယ်လို့"

လူတွေကြားထဲ အော်ကြီးဟစ်ကျယ် လှမ်းပြောလိုက်သောအသံကို ပယင်း ကြားနေရသည်။ အသုဘမှာ ဒီလောက်တောင် အော်ဟစ်နေတာ ဘယ်သူများလဲဟု လှည့်ကြည့်ခိုက်. . ၊ အားလုံးရဲ့ အကြည့်တွေက ပယင်းထံရောက်နေတာ တွေ့လိုက်ရသည်။

အသံပိုင်ရှင်မိန်းကလေးက လူအုပ်ကြီးကြားထဲမှ တိုးထွက်လာကာ. . .

"နင် မျက်နှာပြောင်လှချီလား၊ ဒီအထိ နင်လာရဲသေးတယ်ဟုတ်လား"

ထိုကောင်မလေး အော်ပြောရင်း ဒေါနှင့်မောနှင့် အနားရောက်လာ၏။ ရောက်ရောက်ချင်း သူမက ပယင်း၏ပါးကို ဖြန်းခနဲ ရိုက်လေတော့သည်။

"ဖြန်း!. ."

"အား!. ."

ရိုက်ချက်က အားပါကာ ပြင်းလှသောကြောင့် ပယင်း ပါးတစ်ခြမ်းလုံး ထူပူသွားကာ ချာခနဲလည်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် နည်းနည်းလေးမှ အရှက်တရား မရှိဘူးလား၊ ဒါတွေအားလုံး . . နင့်ကြောင့် ဖြစ်ရတာပဲ"

နောက်တစ်ခါ ထပ်ရိုက်မည်အလုပ် အနားမှ ကျောင်းသားများ ဝိုင်းဆွဲလိုက်ရသည်။ ရုတ်တရက်မို့ ပယင်းအံ့အားသင့်ပြီး ဘာမှ မတုန့်ပြန်နိုင်ဘဲ . . စပ်ဖျင်းဖျင်းဖြစ်သွားသည့်ပါးကိုသာ ပွတ်နေမိသည်။ ပယင်း ရှက်လည်း အတော်ရှက်သွား၏။

ထိုကောင်မလေး ဆွဲနေသည့်ကြားက . .

"အားလုံး နင့်ကြောင့်သေရတာ သိရဲ့လား . . ကောင်မရဲ့၊ ခုမှ ဘာမှမသိတဲ့ပုံစံနဲ့ လာလုပ်မနေနဲ့ . . ၊ ကျွန်မကိုလွှတ် . . ငါ့ကို လွှတ် . . ဒီကောင်မကို အခဲမကျေဘူး"

ပယင်းလည်း ဘုမသိဘမသိနှင့် အရိုက်ခံလိုက်ရသည်။ ကောင်မလေးကို အတင်းဆွဲခေါ်နေချိန်၌ လူတွေကြားထဲမှ ရဲမိုးတိုး ဝှေ့ပြီးထွက်လာသည်။

"သဲစုခိုင် တော်စမ်း . . တော်တော့၊ သူများနာရေးမှာ ရုပ်ဖျက်ဆင်းဖျက်မလုပ်နဲ့"

လူကြီးတွေ ဖျောင်းဖျနားချတာကို နားမဝင်နိုင်အောင် သဲစုခိုင် ပေါက်ကွဲနေ၏။

"ပြောမရရင် နင့်ကိုဆွဲထုတ်သွားမှာနော်"

ရင်းနှီးသူများက သဲစုခိုင်ဆိုသည့် ကောင်မလေးကို ချော့တစ်လှည့် ခြောက်တစ်လှည့်နှင့် ထိန်းသိမ်းကြရသည်။ သဲစုခိုင်အော်ဟစ်ပြောဆိုနေသည့် စကားများကြောင့် အသုဘရှုပရိသတ်၏ မျက်ဝန်းတွေက ပယင်းအပေါ် စုပုံကျလာသည်။

ပယင်း . . လုံးဝမျက်နှာမဖော်ဝံ့တော့ . . .





ထိုအချိန်မှာ ဖေးမနှစ်သိမ့်အားပေးလာသူက ရဲမိုးသာဖြစ်သည်။ ပခုံးကိုဖက် လက်မောင်းကိုကိုင်ရင်း . . .

"ပယင်း အဆင်ပြေရဲ့လား၊ ငါရှိတယ်နော် ဘာမှအားမငယ်နဲ့ . ."

ရဲမိုး ရှိနေမှန်းသိ၍ အားတက်သွားသည့်ပယင်း သူ့ရင်ခွင်ထဲ ခေါင်းတိုးဝင်ကာ ရှိုက်လိုက်သည်။ ရဲမိုးက ပယင်း၏ကျောကို ပွတ်သပ်ပြီး နှစ်သိမ့်ပေးသည်။

ထိုအချိန်တွင် ရှုပဗေဒဌာနမှူးထံမှ အမိန့်ပြန် စာတမ်းဖတ်ကြားသံကိုကြားနေရသည်။ ပယင်းစိတ်ထိန်းပြီး လှည့်ကြည့်လိုက်၏။ ဒဂုံကျောင်းတော်ကြီးနှင့် ယမုံ ဘာမှမသက်ဆိုင်တော့၍ သွားလိုရာ သွားနိုင်ပြီဖြစ်ကြောင်း၊ ကျောင်းသို့ နောက်မလာရန် နှင်ထုတ်နေပြီဖြစ်သည်။

ထိုစဉ် ယမုံ့အခေါင်းထိပ်နား၌ . . အသားဖြူဆုပ်ဆုပ်၊ မျက်ကွင်းညိုညို၊ ဆံပင်ဖါးလျားနှင့် မိန်းမတစ်ယောက်ကို ပယင်း တွေ့လိုက်ရ၏။ ရုပ်ရှင်ရုံထဲမှာ သူတွေ့ခဲ့သည့် သရဲမပင်ဖြစ်သည်။ ပယင်း သူ့ကိုယ်ပွားကို ပြန်မြင်နေရပြန်ပြီ။

"ရဲမိုး . . ဟို . . ဟိုမှာ"

အခေါင်းဆီသို့ လက်ညှိုးထိုးကာပြ၏။

"ဘာ . . ဘာလဲ . . ပယင်း ဘာတွေ့လို့လဲ"

ရဲမိုး အမေးနှင့်အတူ ဆံပင်ဖွားလျား မိန်းမလည်း ပျောက်သွားလေ၏။

"ဘာ . . ဘာမှမဟုတ်တော့ပါဘူး"

ရဲမိုး ပယင်းကိုကြည့်ကာ ခေါင်းကုတ်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ထိန်းထား ပယင်း"

အမိန့်ပြန်ပြီးသည်နှင့် မီးသင်္ဂြိုလ်ဖို့ပြင်ဆင်ကြတော့သည်။ ယမုံ၏ ခါတ်ပုံကိုင်ထားသော မိသားစုဝင်တစ်ဦးနောက်မှ ပန်းခွေ ပန်းခြင်းကိုင်ကျောင်းသူများ လိုက်ပါသွားပြီး ဆွေမျိုးတစ်စုနှင့် ကျောင်းသားလေးယောက် အခေါင်းကိုတွန်းကာ ဧည့်ခန်းဆောင်မှထွက်ခွါသွားသည်။

ပယင်းကိုပါးရိုက်ခဲ့သည့် သဲစုခိုင်က ပယင်းအား ဒေါသမျက်နှာနှင့်ကြည့်ပြီး မျက်စောင်းထိုးကာ အခေါင်းနောက်မှ ကပ်လိုက်သွားသည်။ ပယင်းလည်း သူတို့နား မကပ်ရဲတော့သဖြင့်. . . နောက်ချန်နေခဲ့ကာ အခန်းထဲလူကုန်သွားမှ ထွက်ခဲ့သည်။

"သင်္ဂြိုလ်စက်အထိ လိုက်ဦးမှာလား ပယင်း"

"ဟင့်အင်း. . ကားနားကပဲ သွားစောင့်တော့မယ်"

ရဲမိုး ပယင်း၏ပခုံးကိုဖက်ရင်း တယုတယခေါ်လာခဲ့သည်။ ကားနားကပဲစောင့်ကာ ရပ်ကြည့်နေကြ၏။ ယမုံ မီးသင်္ဂြိုလ်စက်ထဲရောက်သွားပြီး မိဘဆွေမျိုးအသိုင်းအဝိုင်းထံမှ အော်ဟစ်ငိုယိုသံများ ထွက်လာ၏။ ပယင်း ရင်ထဲလည်း ဆို့နင့်လို့သွားသည်။

သူမော့ကြည့်လိုက်တော့ ခေါင်းတိုင်ဝမှ မီးခိုးလုံးတွေ အလိပ်လိုက် တိုးထွက်လာတာမြင်ရသည်။ ယမုံ၏ အသွေးအသားတွေ လောင်မြိုက်ပြီး ပြောင်းလဲသွားသည့် အခိုးအငွေ့တွေပဲလား. . .၊ ဒါမှမဟုတ် စုပေါင်းစပ်ပေါင်း အလောင်းပေါင်းစုံ ပြာကျသွားရာမှ ထွက်လာသော အခိုးအငွေ့တွေများလားဆိုတာ ဝေခွဲဖို့ခက်နေ၏။ သေချာတာတစ်ခုကတော့ ယမုံတစ်ယောက် လောကကြီးထဲမှ အပြီးအပိုင် ထွက်ခွါသွားပြီဆိုတာပဲဖြစ်သည်။





သူတို့အရင်ဆုံး သုသာန်ဝင်းထဲမှ ထွက်လာခဲ့လိုက်၏။

"ရန်တွေ့တဲ့ ကောင်မလေးကို ပယင်း သိလား"

"ဟင့်အင်း. . မသိဘူး၊ အင်း. . သဲစုခိုင်လို့ ခေါ်သံတော့ ကြားလိုက်တယ်၊ ဓာတ်ပုံထဲမှာပါတဲ့တစ်ယောက်နဲ့ တူတယ်၊ သဲစုခိုင်ကတော့. . အားလုံး ပယင်းကြောင့်လို့ စွပ်စွဲသွားတာပဲ"

အရာအားလုံးကို ဆက်စပ်စဉ်းစား တွေးခေါ်ရင်း ပယင်း ခေါင်းခြောက်လာလေတော့၏။



www.burmeseclassic.com



www.burmeseclassic.com





# အခန်း (၇)

ညသည် ပရစ်အော်သံ၊ ခွေးဟောင်သံတို့နှင့် သက်ဝင်နေပြီဖြစ်သည်။ တစ်ခါတစ်ခါ ပေါ်ထွက်လာသည့် လက်ဖက်ရည်ဆိုင်ဘောပွဲပရိသတ်ထံမှ မချင့်မရဲအော်သံ၊ ဂိုးဝင်သဖြင့် ဝိုင်းအော်သောအသံများကြောင့် ညကပို၍ အသက်ဝင်နေသည်။

မေမေက ဆေးတွေသောက်ပြီး စောစောအိပ်ရာဝင်သွားသဖြင့် ပယင်းတစ်ယောက်ထဲ ဖျင်းကျန်ခဲ့သည်။ ဘာကိုမှ စိတ်ဝင်စား လုပ်ချင်စိတ်မရှိသည့်အတွက် ပယင်း အခန်းထဲဝင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထဲရောက်တော့လည်း ချက်ချင်းလက်ငင်း အိပ်ပျော်သည် မဟုတ် ဟိုတွေးဒီတွေးနှင့်ပင် တလူးလူးတလိမ့်လိမ့် ဖြစ်နေရှာသည်။

သဲစုခိုင် ရိုက်တာခံရသည့် ပါးပြင်ကိုပွတ်ရင်း. . . ဘယ်လို အကုသိုလ် ကျူးလွန်မိခဲ့လို့ ဒီလိုဒုက္ခတွေခံစားနေရတာလဲဟု တွေး နေမိသည်။

အိပ်မပျော်ဘဲ လှဲနေတာကြာတော့ ကျောပူလာသဖြင့် ထ ထိုင်လိုက်၏။ ထိုအချိန်တွင် အခန်းဝင်ပေါက်တံခါးအနီး မိန်းမတစ် ယောက် ရပ်နေတာတွေ့၍ အလန့်တကြားအော်လိုက်မိသည်။

"အောင်မလေး!. ."

ကြောက်စိတ်ကိုထိန်းရင်း စားပွဲတင်မီးခလုတ်ကို နှိပ်လိုက် သည်။ ထင်ထင်လင်းလင်း မီးရောင်အောက်တွင် တွေ့လိုက်ရသည် က တံခါးအနီး ချိတ်ထားသော အနွေးထည်တစ်ထည်သာ ဖြစ်နေ ၏။

"တော်ပါသေးရဲ့. . ငါက လူတစ်ယောက်ရပ်နေတယ် မှတ် လို့. . ."

ကိုယ့်ဘာသာ တွေးပြောပြောရင်း ပယင်း သက်ပြင်းချလိုက် သည်။ အလိုလို ကြောက်နေသည့် သူ့စိတ်ကိုလည်း အားမလိုအား မရ ဖြစ်လာသည်။ ပယင်း စိတ်ပျက်လက်ပျက်နှင့် အိပ်ရာပေါ် ပြန်လှဲ ချလိုက်၏။

ဘေးဘက်သို့ စောင်းလိုက်ချိန်တွင် သူ့ဘေး၌ အိပ်နေသော မိန်းမတစ်ယောက်ကိုတွေ့ရသဖြင့် ခေါင်းနားပန်းကြီးသွားရသည်။

"အို!!. ."

ထိုမိန်းမက အခြားလူတော့မဟုတ်၊ သူမကိုယ်တိုင်ပင်ဖြစ်





နေ၏။ ပက်လက်အနေအထားနှင့် မျက်နှာကျက်ကို ကြည့်နေကာ ဘေးတွင် တောင့်တောင့်ကြီး လဲလျောင်းနေ၏။

ပယင်း ဘာလုပ်ရမှန်းမသိ ကြက်သေ,သေနေမိသည်။ မြင်နေရသည့် သူ့ကိုယ်ပွားအမျိုးသမီးက ပယင်းဘက်သို့ မျက်နှာ စောင်းငဲ့ကြည့်လေရာ. . ပယင်း လိပ်ပြာလွင့်ထွက်မတတ် ကြောက် လန့်သွားပြီး. . ကြုံးအော်လိုက်သည်။

"အား!!. . ."

ထိုအခါ. . . သူမ လန့်နိုးသွားကာ ခုတင်ပေါ် ထထိုင်လိုက် မိတော့၏။ နှလုံးခုန်နှုန်းတွေ မြန်နေသဖြင့် မနည်းအမောဖြေနေရ သည်။ ပြီးမှ သူ့ဘေးသို့ မရဲတရဲစောင်းငဲ့ကြည့်ရာ. . အိပ်နေသည့် ပယင်းနောက်တစ်ယောက် ရှိမနေသဖြင့်. . .

"ဟူး. . . တော်ပါသေးရဲ့ အိပ်မက်မို့လို့. . ."

အိပ်ချင်ပြေသွားသည့်အတွက် စာကြည့်စားပွဲတွင် သွားထိုင် နေလိုက်သည်။

အံဆွဲကိုဆွဲအဖွင့် အယ်(လ်)ဘန်တစ်ခုတွေ့ရပြီး အတွင်း၌ ကျောင်းသူကျောင်းသားများ၏ Group Photo ပုံများကို တွေ့ရလေ သည်။ ဓာတ်ပုံထဲပါသူတို့ကို တစ်ယောက်ချင်း နံပါတ်တွေထိုးထား ကာ နာမည်၊ နေရပ်လိပ်စာတို့ကို စာရွက်တစ်ရွက်နှင့် ရေးထား၏။

သူ့ကို ပါးရိုက်ခဲ့သည့် သဲစုခိုင်လိပ်စာကို တွေ့သွားသည်။ သဲစုခိုင်က သူတို့အုပ်စုအကြောင်း အတော်သိထားပုံရသဖြင့် သူမနှင့် တွေ့ပြီး စကားပြောကြည့်လျှင် မိမိနောက်ကြောင်းကို သိနိုင်မည် ဟုတွေးကာ သဲစုခိုင်လိပ်စာကို ကူးထားလိုက်သည်။

ရှည်ကြာလွန်းသည့်ညတာကို ကျော်ဖြတ်နိုင်ဖို့ ဆေးအကူ

အညီလူမှုဖြစ်တော့မည်။

ပယင်း အိပ်ဆေးတစ်လုံးသောက်ပြီး အိပ်ရာပေါ် လှဲလိုက်ပြန်သည်။ ဒီတစ်ခါကော အထိတ်တလန့်ဖြစ်ရပ်တွေ ကြောက်မက်ဖွယ်အိပ်မက်တွေ ကြုံတွေ့ရဦးမှာလား..။

ပယင်း သက်ပြင်းမောကို မျှင်း၍ချလိုက်ရင်း.. မျက်ခွံများလေးလာကာ မှေးမှိတ်ချလိုက်တော့၏။



မကြီးကြီးလမ်းအတိုင်း ကားကိုလှိမ့်ဝင်လာခဲ့၏။ ခေတ်ပေါ် အထပ်မြင့်တိုက်တွေကြားထဲမှ အိမ်နံပါတ်(xx)ကိုတွေ့၍ ရဲမိုးတားကို လမ်းဘေးချကာ ရပ်လိုက်သည်။ အိမ်ရှေ့မှာ မြေပိုလေးနှင့်နှစ်ထပ်တိုက်လေးက ချစ်စရာပင်ကောင်းနေသေးသည်။

"နင် ကားထဲမှာပဲ စောင့်နေနော် ရဲမိုး"

"တစ်ယောက်တည်း ဖြစ်ရဲ့လား"

"ဖြစ်ပါတယ်"

ပယင်း မယောင်မလည်နှင့် ခြံတံခါးရှေ့ရပ်ကာ အိမ်အခြေအနေကို အကဲခတ်ကြည့်သည်။ လူရိပ်လူခြေကိုမတွေ့ရ..၊ လူခေါ်ခေါင်းလောင်းခလုတ်ကိုနှိပ်ဖို့ လက်ရွယ်လိုက်စဉ်..

"နင် ဒီမှာဘာလာလုပ်နေတာလဲ"

မာမာထန်ထန်အသံနှင့်အတူ နောက်မှရောက်လာသူက

www.burmeseclassic.com



သဲစုခိုင်ဝင် ဖြစ်သည်။ ကျောပိုးအိတ်နှင့်ဆိုတော့ ကျူရှင်က ပြန်လာတာဖြစ်လိမ့်မည်။ ပယင်း အောက်ကျို့ဆက်ဆံဖို့ ဆုံးဖြတ်ပြီးသားမို့ ဘာမှတုံ့ပြန်မပြောဖြစ်. . ၊ မျက်နှာငယ်လေးနှင့်သာ သဲစုခိုင်အား တောင်းပန်သလို ကြည့်နေလိုက်သည်။

"နင် ဘာလို့ဟန်ဆောင်နေတာလဲ၊ နင်မမှတ်မိချင်ယောင်ဝဲ ဆောင်နေတာလား"

ပယင်း မျက်နှာအောက်ချလျက်. . သဲစုခိုင်ပြောသမျှ ငြိမ်ခံသည်။ သဲစုခိုင်က ဒေါနှင့်မောနှင့်ပြောပြီး ခြံတံခါးဖွင့်ဖို့ဟန်ပြင်၏။

"ခဏ. . ခဏလေးပါ သဲစုခိုင်"

ဒေါသမျက်စောင်းများနှင့် သူမ လှည့်ကြည့်သည်။

"ငါ. . ငါ. . ဘာများလုပ်ခဲ့မိလို့လဲ"

သဲစုခိုင် သူ့ကိုကြည့်ကာ မခို့တရို့လေးပြုံးလိုက်၏။

"ငါတကယ်မသိတာပါ၊ ငါ့ရဲ့ အတိတ်ကအကြောင်းတွေကို ပြောပြပေးပါလား သူငယ်ချင်းရယ်"

သဲစုခိုင် မျက်နှာကြော အနည်းငယ်ပြေလျော့သွားပြီး ဝေခွဲမရဟန်လည်း ပေါ်လာသည်။

"နင် မကျေနပ်သေးဘူးဆိုလည်း ငါ့ကိုထပ်ရိုက်ပါဟာ"

ပယင်း မျက်နှာငယ်လေးနှင့် ပြောလာလေရာ. . သဲစုခိုင် ဘာမှပြောမနေတော့ဘဲ ခြံတံခါးဖွင့်ပြီး ဝင်သွား၏။ ဆက်ဆံရေး ပြောင်းသွားသဖြင့် ပယင်း အားတက်သွားပြီး သူမနောက်မှ လိုက်ဝင်လာ၏။ သူမက အိမ်တံခါးသော့ဖွင့်ရင်း. . .

"အဖေနဲ့အမေ အလုပ်ကပြန်မလာကြသေးဘူး"

ထိုစကားအတွက် ပယင်း ခေါင်းညိတ်ပြရင်း အိမ်ထဲသို့ဝင်လိုက်၏။ သူမက တံခါးပြန်ပိတ်ရင်း. . .

"နင့်မွေးနေ့မှာ ဖြစ်ခဲ့တာလေ၊ ငါတို့အားလုံး ရင်နှင့်တပ်ပိတ် နေခဲ့ရတယ်၊ နင်ဦးဆောင်ခေါ်သွားတဲ့နေ့၊ အဲဒီနေ့က နင့်မွေးနေ့ဆိုတာ မမှတ်မိတော့ဘူးလား"

ခုမှကြားသိရသည့်ကိစ္စတစ်ခုအလား ပယင်းအတွက် အဆန်းတကျယ်ဖြစ်နေ၏။

"အဲဒီက ပြန်လာပြီး သိပ်မကြာဘူး၊ ဆန်းကျယ်တဲ့ အဖြစ်တွေ စလာတော့တာပဲ၊ နင်လုပ်လို့ တိမ်လွှာ သေသွားရတာ"

"ဟင်!. . တိမ်. . တိမ်လွှာဆိုတာ. . ပျောက်နေတဲ့တစ်ယောက် မဟုတ်လား"

"အားလုံးကတော့ ပျောက်နေတယ်ပဲ သိထားကြတာပေါ့၊ နင်ကတော့ အသက်ရှင်နေသေးတယ်နော်"

"ငါ ဘာမှနားမလည်တော့ဘူး သဲစုခိုင်"

သဲစုခိုင်က ပယင်းအား တစ်ချက်စောင်းငဲ့ကြည့်ရင်း. . .

"မနေ့ကကိစ္စအတွက် တောင်းပန်တယ်ဟာ၊ ငါ. . အခုတလော အိပ်မက်ဆိုးတွေ အမြဲမက်နေမိတယ်၊ ထူးဆန်းတာက မက်လိုက်တိုင်း ငါ့အိပ်မက်ထဲကို နင်အမြဲရောက်လာတတ်တယ် ပယင်း၊ ညညဆို အိပ်လို့ကိုမရဘူး၊ အခု နင်နဲ့ငါ နှစ်ယောက်ပဲကျန်တော့တာ၊ သေသွားတဲ့ သူငယ်ချင်းတွေအတွက် စိတ်မကောင်းဘူး ပယင်းရယ်. . အဟီး. . ဟီး"

ပြောရင်း သဲစုခိုင် ငိုချလေတော့သည်။ ထိုအချိန်တွင်. . သဲစုခိုင်မိဘများ ပြန်ရောက်လာ၏။ ပယင်း သူ့အကြောင်းမေးမယ် ကြံကာရှိသေး သဲစုခိုင်မိဘတွေ အနားရောက်လာသဖြင့် ဘာလုပ်ရ







www.burmeseclassic.com

www.burmeseclassic.com



မှန်စသိ ဖြစ်သွားသည်။

သဲစုခိုင်ကလည်း အငိုမတိတ်သေး. . ။ နောက်မှ လာမေး စည်ဟုတွေးရင်း နှုတ်ဆက်ကာ ပြန်လာခဲ့ရတော့သည်။







# အခန်း (၈)

တက္ကသိုလ်ရေကူးကန်ဝန်းကျင်သည် စိမ်းလန်းစိုပြေသော အပင်ကြီးအပင်ငယ်များ ဝန်းရံနေသဖြင့် သာယာဖွယ်နေရာလေးတစ်ခု ဖြစ်နေ၏။ ကျောင်းသူကျောင်းသား အများစုသာ လာရောက်ကြသည့်အတွက်လည်း. . လူငယ်လူရွယ်တို့ကို ကိုယ်စားပြုသော ဒေသတစ်ခုလည်း ဖြစ်နေသည်။

ထိုနေရာသို့ ရဲမိုးနှင့်ပယင်းတို့လည်း ရောက်နေကြ၏။ အဝတ်လဲခန်းထဲရောက်တော့ လူရှင်းနေတာတွေ့သဖြင့် ပယင်းစိတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ထင့်သွား၏။ ဟိုတစ်ခါ Locker ထဲဝင်ပုန်းနေသည့် ကလေးမလေး တွေ့ရှိုးမလားအတွေးနှင့် ပိုပြီးကျောချမ်းလာသည်။

ရေကူးဝတ်စုံလဲရန် ဝတ်လာသည့် အဝတ်အစားများအား Locker ထဲ ခေတ္တထည့်သိမ်းထားဖို့ လိုအပ်သည်မို့ ဖွင့်ရန် ပယင်း လက်လှမ်းလိုက်သည်။

သို့သော် တံခါးလက်ကိုင်ကို ကိုင်ဖို့လက်တွန့်နေ၏။

အကြိမ်ကြိမ် လက်လှမ်းပြီး မဝံ့မရဲဖြစ်နေမိသည်။

သုံးလေးမိနစ်လောက် ချီတုံချတုံဖြစ်ပြီးမှ သတ္တိမနည်းမွေး ရင်း တံခါးကို ဆတ်ခနဲ ဆွဲဖွင့်လိုက်သည်။ အထဲမှာ ကလေးမလေး ရှိမနေသလို. . ဘာကိုမှလည်း မတွေ့ရ။ ဒီတော့မှ သက်ပြင်းချကာ အဝတ်အစား လဲနိုင်တော့သည်။

အပြင်ထွက်လာတော့ ကန်ထဲမှာ ရဲမိုးက ကူးခတ်နေပြီဖြစ် သည်။ ပယင်းက သီးသီးသန့်သန့်ကူးနိုင်ရန် ရေတိမ်ဘက်ကမဆင်း ဘဲ ရေနက်ပိုင်းသို့ ဒိုင်ဗင်ထိုးချလိုက်၏။ ခေါက်တုံ့ခေါက်ပြန် သုံး ခေါက်လောက် ကူးလိုက်၏။

တက္ကသိုလ်ကျောင်းပေါင်းစုံ ရေကူးပြိုင်ပွဲနီးနေပြီမို့ ကန်ထဲ တွင် ရေပေါ်ဖော့ကြိုးများ အလျားလိုက်ကြိုးတန်းကာ စည်းခြားထား သည်။

ပယင်း အသက်ဝအောင်ရှူကာ ခဏလောက်ရေထဲငုပ်ချ လိုက်၏။ ထို့နောက် တစ်မိနစ်လောက် ရေငုပ်နေပြီးမှ ကိုယ်ဖော့၍ ရေပေါ်ပြန်တက်သည်။

ထိုစဉ် သူမခြေထောက်အား တစ်စုံတစ်ခု လာရောက်ထိ တွေ့သည်ကို ခံစားလိုက်ရသည်။ ငုံ့ကြည့်တော့ ရေထဲမှာဘာမှမရှိ



သို့သော် ထိတွေ့နေမှုကတော့ ရှိနေသေး၏။ ထိုအရာက လက်နှင့် တူ၏။ ခြေမှတဆင့် အပေါ်သို့ တဖြည်းဖြည်းတက်လာနေချေပြီ။

ပယင်း ဝေခွဲမရဖြစ်နေစဉ်. . ထိုလက်၏ အထိအတွေ့က ကျောပြင်သို့ရောက်လာသည်။ ပယင်း ကျောချမ်းတာ အထိတ်တ လန့် ဖြစ်သွားသည်။ ကိုယ့်ကျောကိုယ် ပြန်မမြင်ရသဖြင့် အသည်းတ ယားယား ဖြစ်နေခိုက်မှာပင် ထိုလက်က သူ့ခါးကိုဖက်ကာ သူ့အား ရေထဲသို့ ဆွဲနှစ်လိုက်တော့သည်။

"အား. . ဖူး. . ဖလူး. . "

ပယင်း ဝူးဝူးဝါးဝါးအော်ဟစ်ရုန်းကန်ရင်း. . ရေအောက် ရောက်သွားသည်။ မမြင်ရသော ထိုလက်က ပုခုံးနှစ်ဖက်ဆီ ရောက် သွားပြန်သည်။ ပခုံးနှစ်ဖက်ကို ဖိချဆွဲနှစ်နေသည်မို့ ခြေနှင့် လက်နှစ် ဖက်က လွတ်လွတ်လပ်လပ် လှုပ်ရှားလို့ရသွားသည်။

ထို့အတွက် ပယင်း ခြေကားယား လက်ကားယားနှင့် ရုန်း တန်ရင်း ရေပေါ်ပြန်တက်ဖို့ကြိုးစားသည်။ ရုန်းကန်ရင်းနှင့်ပင် ရေထဲ ဖိချသူကို ရှာဖွေနေမိသည်။

အတင်းဆွဲကာနှစ်သတ်နေသည့် အထိအတွေ့ကို ခံစားနေ ရသော်လည်း ကာယကံရှင်ကို လုံးဝမမြင်ရ။ ထို့အတွက် ပယင်းပို၍ အသည်းအေးလာသည်။ ရေအောက်မှာ ရုန်းကန်လှုပ်ရှားနေရသ ဖြင့် ရေမွန်းပြီး အားကုန်မတတ် မောပန်းလာသည်။

ဒီအတိုင်းသာဆိုလျှင်. . ရေနစ်ပြီး အသက်ပျောက်ရတော့ မည်မို့ အားကြိုးမာန်တက်ကူးခတ်ကာ. . ရေပေါ်သို့ထိုးတက်ခဲ့ သည်။ ထိုအခါ. . မမြင်ရသည့်လက်များက ခြေအစုံကို ဆောင့်ဆွဲ၍ ရေနက်ထဲသို့ ဆွဲခေါ်သွားပြန်သည်။

www.burmeseclassic.com



ဝယင်းလည်း ခြေထောက်အချင်းချင်းပွတ်ရှန်းကာ မမြင်ရ သော လက်များကို ဖြုတ်ပစ်သည်။ ပြီးတော့ ကမူးရှူးထိုး ရေပေါ် ပြန်တက်သည်။

ကံကောင်းချင်တော့. . ပြိုင်ပွဲအတွက် ကန်ကိုဖြတ်၍ တန်း ထားသော ဖော့ကြိုးတန်းကို လက်လှမ်းလို့ မီသွား၏။ အမှီအတွယ် ရပြီမို့ မလွတ်တန်းဆုပ်ကိုင်ကာ ရေပြင်ထက် ခေါင်းဖော်လိုက်သည်။

လေငတ်နေသည့်အဆုတ်များထဲ လေတွေတစ်ဝကြီးရှိုက် သွင်းလိုက်၏။ အသက်ရှူလို့ဝတော့ အသက်ရှင်ဖို့ ဆက်ကြိုးစားရပြန် သည်။

ကြိုးတန်းကို အားပြုပြီး ကန်ဘောင်ဘက်သို့ မနားတမ်းကူး ခတ်ခဲ့ပြီး. . ကန်ဘောင်ကိုလက်ကိုင်မိသည်နှင့် အပေါ်ရောက် အောင် အတင်းတွယ်တက်လိုက်တော့သည်။

ရေထဲမှလွတ်လာပြီမို့ ပယင်း အနည်းငယ်အကြောက်ပြေ သွားသည်။ ကြည်လင်ပြာလဲ့နေသော ရေထဲပြန်ငုံ့ကြည့်တော့လည်း မသင်္ကာစရာ ဘာကိုမှမတွေ့ရ။ ဒီအတိုင်းသာဆိုလျှင် ယမုံလည်း သူ့လိုပဲ ရေနှစ်သတ်ခြင်းခံလိုက်ရတာပဲ ဖြစ်လိမ့်မည်ဟု တွေးရင်းနှင့် ပယင်း ပိုကြောက်လာ၏။

ရဲမိုးကိုရှာကြည့်သော်လည်း မတွေ့တော့. . . ။

ဒီတစ်သက် ရေမကူးတော့ဘူးဟုပင် ဆုံးဖြတ်မိပြီး အဝတ် လဲခန်းသို့ အပြေးဝင်ခဲ့၏။ နောက်ထပ်ဘာသရဲနှင့်မှ မဆုံတွေ့စေရန် ဘုရားစာတွေ မနားတမ်းရွတ်ပြီး အမြန်ဆုံးအဝတ်လဲသည်။ ဆံပင် ကို ရေခြောက်အောင်ပင် မသုတ်တော့ဘဲ ဒီအတိုင်းပြေးထွက်လာခဲ့ ၏။





ထိုအခါမှ ကော်ဖီနှစ်ခွက်ကိုင်ကာ အသင့်စောင့်ကြိုနေ သော ရဲမိုးအား တွေ့ရတော့သည်။

“နင် တော်တော်အားကိုးရတယ်နော်”

“ဟင်!. . ဘာ. . ဘာဖြစ်လို့လဲ ပယင်း”

“ငါ့ကို မမြင်ရတဲ့သရဲက ရေနှစ်သတ်နေတာလေ၊ နင် မမြင် ဘူး မဟုတ်လား”

လှမ်းပေးသည့် ကော်ဖီဘူးကိုမယူဘဲ ကားရှိရာခြေဆောင့် လျှောက်လှမ်းရင်း ပယင်းက ပွစိပွစိပြောသည်။ ရဲမိုး တကောက် ကောက်လိုက်လာရင်း အဖြစ်ကိုမေးမြန်းရှာသည်။

“သေချာရှင်းအောင်ပြောပါဦး ပယင်းရယ်”

“တော်ပါပြီ ကိစ္စမရှိပါဘူး ပြီးသွားပြီပဲ၊ ငါမသေလို့ နင်ငါ့ကို တွေ့နေရတာ”

“ငါတကယ်မမြင်လို့ပါ ပယင်းရယ်၊ မြင်ရင် နင့်ကိုလာကယ် မှာပေါ့”

ဒီတော့မှ အချော့ကြိုက်သောပယင်း စိတ်ပြေသွား၏။

“ငါ ကားမောင်းချင်တယ်”

“ရော့လေ. . နင်မောင်းလေ”

ကားသော့လှမ်းပေးရင်း ရဲမိုးပြော၏။

“ငါမှ ကားမမောင်းတတ်တာ. . ၊ မောင်းတတ်ချင်တာကို ပြောတာ”

“နင်မောင်းတတ်တာပဲဟာ”

“အခုမေ့သွားပြီဟ”

ရဲမိုး ရီမုဒ်နှိပ်ကာ တံခါးဆွဲဖွင့်ရင်း. .



www.burmeseclassic.com

www.burmeseclassic.com



"အရှင်နှင်မောင်းနေကျပဲဟာ. . ."

"ဟုတ်တယ်. . ခုမမောင်းတတ်တော့ဘူး၊ အိမ်မှာကားက ဒီအတိုင်းကြီးပဲ ဖြစ်နေတယ်၊ မမေကတောင် ကားယူမသွားဘူး လားတဲ့၊ ငါ့မှာ လိုင်စင်လည်းရှိနေပြီးသားဆိုတော့. . နင် ငါ့ကို ကားမောင်းသင်ပေးဟာ ရဲမိုး"

ရဲမိုးက ရယ်လျှက်. .

"အေး. . ဒါဆို ငါတို့ လူရှင်းတဲ့နေရာမှာ သွားသင်မယ်လေ"

ပယင်း ရေမကူးတော့ဘဲ ကားမောင်းဖို့ကိုသာ စိတ်ကူးမိတော့သည်။

၅ ၅ ၅ ၅





အိပ်ရာထဲလဲနေသည့် မေမေ့ကိုကြည့်ရင်း ပယင်း ကိုယ့်မျက်စိကိုယ် မယုံချင်သလိုပင် ဖြစ်နေ၏။ ထိတ်လန့်စရာတွေ ဆက်တိုက်ကြုံတွေ့ပြီး စိတ်ပန်းလူပန်းဖြစ်ခဲ့ရသည့်. . လေးငါးရက်တာ ကာလအတွင်း မေမေ့ကို လုံးဝဂရုမစိုက်မိ. . .။

ပိန်ချုံးချိနဲ့သွားကာ အိပ်ရာထဲလဲရလောက်အောင် မေမေ့ရောဂါအခြေအနေ ဆိုးနေပြီဖြစ်သည်။ ဆရာဝန် အိမ်ပင့်ပြသော်လည်း ဆရာဝန်က ဆေးရုံတင်ဖို့သာ ပြောနေ၏။

"မေမေရယ် ဒီလောက်ထိဖြစ်နေတာ သမီးတို့ ဘာလို့မပြောတာလဲ၊ လာ. . ဆေးရုံသွားကြမယ်"

မေမေ ခေါင်းရမ်းပြ၏။

"ဆေးရုံမသွားလို့ရမလား. . ထပါ မေမေရယ် [illegible] ပါနော်"

"အဟင်း. . ဟင်းဟင်း. . မေမေ တိုင်[illegible]"



www.burmeseclassic.com

www.burmeseclassic.com



နေတာလေ၊ ပိန်သွားတာက ရောဂါနဲ့ ဆေးတွေ့သွားလို့ပါ။ ခု. . . နေသာနေတာပဲဟာ၊ မကြာခင်ကောင်းသွားမှာပါ"

"ပြောရဆိုရခက်လိုက်တာ မေမေရယ်"

မေမေက ပယင်းလက်ကိုဆုပ်ကိုင်ထားရင်း. . .

"မေမေပြောထားတာ မမှတ်မိဘူးလား. . ၊ သမီးကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်အောင်ပဲ ကြိုးစားပါလို့၊ မေမေ့အတွက် မပူနဲ့တော့ သမီးရယ်"

ခေါင်းမာလွန်းလှသည့် မေမေ့အတွက် စိတ်မကောင်းဖြစ်မိသည်။ အိပ်ရာထက် အတူလှဲရင်း ဖက်ထားလိုက်သည်။ မေမေ့ကိုယ်ငွေ့က နွေးထွေးနေ၏။

ထိုနေ့တစ်နေ့လုံး မေမေ့အတွက် အချိန်ပေးဖြစ်သည်။ ရေမိုးချိုး အဝတ်အစားလဲပေးကာ သန့်သန့်ရှင်းရှင်း လုပ်ပေးသည်။ အခန်းတွင်း ရှင်းလင်းသိမ်းဆည်းပေးသည်။ ပယင်း၏ အပြုအစုအယုယများကြောင့် မေမေ့မျက်နှာ လန်းဆန်းလာ၏။

မကြာမကြာ ချောင်းဆိုးတတ်သော်လည်း သိပ်အဆိုးဝါးကြီးမဟုတ်၍ ပယင်း စိတ်အေးသွားသည်။ သူတိုင်းရင်းဆေးကိုသာ ယုံယုံကြည်ကြည်သောက်နေသည့် မေမေ့အတွက် ဆုတောင်းပေးရန်သာရှိတော့၏။

ထိုအတောအတွင်း ရဲမိုး နှစ်ကြိမ်ဖုန်းဆက်ပြီး သုံးခါ မက်ဆေ့ချ်ပို့ထားသည်။ ရဲမိုးဆီ ဖုန်းပြန်ခေါ်ဖို့ ဖုန်းကောက်ကိုင်လိုက်စဉ်. . .

"တီတလီ. . တီတလီ. ."

"ဟလို. ."





တဖက်မှ အသံပိုင်ရှင်က. .

"ဒီနေ့. . ဘာနေ့လဲ"

ပယင်း ပြန်မဖြေသေးဘဲ ဖုန်းနံပါတ်ကြည့်လိုက်၏။ နံပါတ်ကမပေါ်. . ထို့ကြောင့်. .

"ဘယ်သူလဲ"

"ဒီနေ့. . တနင်္ဂနွေနေ့၊ (၅)ရက်နေ့လေ"

ဟိုတစ်ခေါက်က သူမဆီဆက်သည့် မိန်းမအသံပင်ဖြစ်သည်။

"(၁၉၉၄)၊ နိုဝင်ဘာ(၅)၊ တနင်္ဂနွေက နင့်မွေးနေ့မဟုတ်လား တိမ်လွှာ"

"ဟင်!. ."

သူ့ကို တိမ်လွှာလို့ ခေါ်နေပြန်ပြီ။

သူ တိမ်လွှာမဟုတ်. .

"တိမ်လွှာမဟုတ်ပါဘူး၊ ကျွန်မက ပယင်းပါ"

"ဟား. . ဟား. . ဟား. . သူ့ကိုသူ ပယင်းတဲ့"

တစ်ဖက်မှ အားပါးတရ ရယ်လိုက်သံကြီး ဖုန်းထဲအတိုင်းသား ကြားနေရသည်။

"ဒါဆို ပယင်းရဲ့မွေးနေ့ကို ပြောပါဦး"

ပယင်း အလွတ်မရ၊ သူ့မှတ်ပုံတင်ရှာရန် အိတ်ကိုလှမ်းဆွဲယူလိုက်သည်။

"ရှာမနေပါနဲ့. . နင်ပယင်း မဟုတ်ပါဘူး၊ ပယင်းမွေးနေ့သာ (၁၉၉၄)၊ ဩဂုတ်(၂၃)၊ ဗုဒ္ဓဟူးနေ့လေ"

ပယင်း အိတ်ထဲမှ မှတ်ပုံတင်တွေ့သွားကာ တိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



သည်။ တုတ်နေ၍ သူမ အံ့ဩသွားရသည်။

"ရှင်. . ရှင်. . ဘယ်သူလဲ"

"ငါပြောပြီးပြီပဲ. . ငါ. . ပယင်းလေ"

"မဟုတ်ဘူး. . ငါကမှ ပယင်း"

နှစ်ယောက်သား ဖုန်းထဲတွင် အငြင်းပွားနေကြသည်။

တဖက်မှ. . .

"ဒါဆိုလည်း နင့်ကိုငါ ပယင်းဖြစ်ကြောင်း သက်သေပြရ တာပေါ့။ နင် အခု ငါ့အခန်းထဲမှာ မဟုတ်လား၊ ငါနံရံမှာ ပန်းချီပုံ တစ်ပုံ ဆွဲထားတယ်"

ပယင်း ပတ်ပတ်လည် နံရံတွေကိုလိုက်ကြည့်သည် ပိုစတာ တွေကပ်ထားတာက လွဲပြီး၊ ဘာပန်းချီမှမရှိ. .။

"Justin Bieber ပေါ်ပိုစတာရဲ့နောက်မှာ. . "

ထိုသို့ပြောပြီး တစ်ဖက်မှ ဖုန်းချသွား၏။

ပယင်း ချက်ချင်းပင် Justin Bieber ကို ဆွဲခွာကာ ကြည့် လိုက်၏။

"ဟင်!. . "

အနီရောင် ဆေးပင်နှင့် ရေးဆွဲထားသော နှင်းဆီပွင့်ပုံကြီး ကို နံရံတွင် အံ့အားသင့်စွာတွေ့လိုက်ရ၏။ ထိုစဉ် သူမဟန်းဖုန်းသော ထပ်မြည်လာပြန်၏။

"တီတလီ. . တီတလီ. . "

"ဟလို"

"တွေ့တယ်မဟုတ်လား တိမ်လွှာ"

ပယင်း ဘာမှပြန်မပြောဘဲ အသံကိုသာ နားထောင်နေ၏





"ပန်းချီပုံလေ. . နှင်းဆီပုံကြီး မဟုတ်လား"

ပယင်း မဲ့ပြုံးပြုံးလိုက်ရင်း. .

"နင့်ကို တစ်ယောက်ယောက်ပြောပြထားလို့ ဖြစ်မှာပေါ့"

"ငါကိုယ်တိုင် ဆွဲခဲ့တာပါ တိမ်လွှာ"

ပယင်း ဒေါသထွက်သွားကာ. .

"ငါ့ကို တိမ်လွှာလို့ခေါ်မနေနဲ့၊ နင်ပြောနေတာတွေ ငါလုံးဝ မယုံဘူးမှတ်ပါ၊ ဒီဖုန်းကို နောက်လုံးဝမဆက်ပါနဲ့"

ပြောပြီး တိမ်လွှာ ဖုန်းပိတ်ပစ်လိုက်၏။ ဒီအတိုင်းဆို ဖုန်း နံပါတ်ပြောင်းကိုင်မှ ဖြစ်တော့မည်။

မေမေလည်း အိပ်နေပြီမို့ သဲစုခိုင်ဆီသွားကာ. . သူ့အ ကြောင်းထပ်မေးမှ ဖြစ်တော့မည်။ သူ မေးစရာဆိုလို့ သဲစုခိုင် တစ် ယောက်တည်း ကျန်တော့သည် မဟုတ်ပါလား. . .။

အိမ်တွင်လည်း မနေချင်တော့၍ ကားသော့ယူကာ ထွက်ခဲ့ လိုက်သည်။ ရဲမိုး သင်ပေးထား၍ သူကားမောင်းတတ်နေပြီဖြစ် သည်။ အိမ်တံခါးပိတ်ကာ ကားဆီသို့ သူမလျှောက်လာလိုက်သည်။

ကားတံခါးဖွင့်မည်အလုပ်. .

"အမလေး!. . "

ကားထဲ. . မိန်းမတစ်ယောက် ထိုင်နေတာတွေ့ပြီး ပယင်း လန့်ဖျပ်ကာ မြက်ခင်းပေါ် ဖင်ထိုင်လျက် လဲကျသွားတော့သည်။ နောက်ဆုတ်ရင်း အားယူပြန်ထကာ ကားထဲကြည့်မိသည်။ ဘယ်သူ မှ ရှိမနေတော့. . .

သူမ တော်တော်နှင့် ကားပေါ် မတက်ရဲသေး. .။ [illegible] ရှုတ်ရင်း ကားတံခါးဖွင့်ကာ ဝင်ထိုင်လိုက်၏။ ဤတွင် [illegible]



www.burmeseclassic.com

www.burmeseclassic.com



မှ မဖြစ်တော့သဖြင့် သဲစုခိုင်ရှိရာဆီ မောင်းထွက်လာလိုက်သည်။

သဲစုခိုင်အိမ်ရောက်တော့ ပယင်း မောရလေပြီ။

သဲစုခိုင် စိတ်ဖောက်ပြန်သွားသဖြင့် စိတ်ရောဂါဆေးရုံသို့ မနေ့ကပဲ တင်လိုက်ရကြောင်း သိရသည်။ သူငယ်ချင်းလေးယောက်ထဲမှာ သဲစုခိုင်က သက်ရှိထင်ရှားဆိုတော့ ပုံထဲမပါတဲ့ ပျောက်နေတဲ့ တစ်ယောက်က တိမ်လွှာပဲ ဖြစ်လိမ့်မည်။

ပယင်း ချက်ချင်းပင် သဲစုခိုင်ရှိရာ ရွာသာကြီးဆီသို့ လိုက်သွားရန် ဆုံးဖြတ်လိုက်တော့သည်။







# အခန်း (၉)

မနက်ခင်းက မိုးလေကင်းစင်ကာ ကြည်လင်သာယာလျက်ရှိသည်။ တစ်ခါမှ မရောက်ဖူးသည့်အပြင် အဖော်လည်းမပါသည့်အတွက် ဘတ်စ်ကားဂိတ်များတွင် ကားကိုရပ်၍မေးမြန်းရင်းတရွေ့ရွေ့ခရီးဆက်ခဲ့သည်။

ရွာသာကြီးသွားမည့် ဘတ်စ်ကားနောက်မှ ပယင်းတအိအိနှင့်လိုက်ရင်း ရောက်လာခဲ့သည်။ ထို့နောက် ဆေးရုံထဲဝင်ကာ . အင်ကွာရီတွင် စုံစမ်း၍ သဲစုခိုင်နှင့်တွေ့လိုကြောင်း စာရေးပေးရသည်။ ဆရာဝန်၏ ခွင့်ပြုချက်နှင့်အတူ . လူနာထိန်းသူနာပြုတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဆောင်ရာနောက်သို့ လိုက်ခဲ့ရ၏။

စိမ်းလွှန်းလှသည့် စိတ်ကျန်းမာရေးဆေးရုံအသွင်အပြင်

စိတ်ဝင်စားစရာ တစ်ပုံတစ်ပင်နှင့် ပယင်းအားကြိုဆိုနေသည်။

ခြေအနေဆိုးလွန်းသူ ဝေဒနာရှင်များအတွက် အချုပ်ခန်းဆန်

တစ်ယောက်ခန်းလေးများကို တွေ့ရတော့ စိတ်ထဲမသိုးမသန့်

သည်။ ဒါကြောင့်လည်း ဟိုးတုန်းက အရူးထောင်ဟု ခေါ်ခဲ့ကြ

ပဲဖြစ်မည်။ တိုက်ပိတ်ခံထားရသည့် ဝေဒနာသည်များ၏ အော်

သံက ပယင်းအား အလန့်တကြားဖြစ်စေ၏။

"သဲစုခိုင်က ဘာဖြစ်တာလဲ၊ အခြေအနေရော ကောင်း

လားဟင်"

ပယင်းအမေးကို လိုက်ပို့သည့် ဝန်ထမ်းလေးက. .

"အင်း ဘယ်လိုပြောရမလဲတောင် မသိဘူး၊ သူဟာတ

ကြောက်တဲ့ရောဂါလို့ ပြောရမလားပဲ၊ သူက. . ရေခွက်ထဲက

ကြည့်ပြီး. . ကြောက်တယ်. . ကြောက်တယ်ပဲ အော်အော်နေ

လေ"

အားလုံးနှင့်တူညီစွာ သဲစုခိုင်လည်း ရေနှင့်နှောင့်ယှက်

ခံနေရပါလားဟု သိလိုက်ရ၏။ အခန်းတစ်ခုနားအရောက် တာ

က အခန်းတံခါးဖွင့်ပေးရင်း. . .

"ကျွန်တော်အပြင်မှာ ရှိနေမယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"

ပယင်း အခန်းထဲဝင်လိုက်သည်တွင် နောက်က တံခါး

သံ 'ဂျိန်း'ဆိုသောအသံကြီးကြောင့် တစ်ကိုယ်လုံး တုန်တက်သွား

ဘာပစ္စည်းမှ မရှိသလောက် ရှင်းလင်းနေသည့်အခန်းထဲ မိန်း



လေးတစ်ယောက် သူ့ကိုကျောပေးပြီး ထိုင်နေသည်။

စားပွဲတစ်လုံးနှင့် ကုလားထိုင်နှစ်လုံးသာရှိသည့် အခန်း အပြင်အဆင်က ရိုးစင်းလွန်းနေ၏။ ပယင်း သဲစုခိုင်အနီးသို့ တစ်လှမ်းချင်းတိုးလာခဲ့သည်။ သူ့ရှေ့တည့်တည့်မှ ခုံလွတ်တွင် ဝင်ထိုင်လိုက်သည်။ သဲစုခိုင်က. . လုံးဝမကြည့်၊ အခြေအနေကို ပယင်း အချိန်အတန်ကြာ အကဲခတ်နေလိုက်၏။ သူမ၏ မျက်နှာဆံက ဂဏာမငြိမ်၊ ဟိုဟိုဒီဒီ လိုက်ကြည့်နေသလို ချာချာလည်နေသည်။ ခဏနေတော့ သူမအကြည့်က ပယင်း ထံရောက်သွားပြီး. .

"အား. . နင်. . နင်. . ငါ့ဆီမလာနဲ့"

ထိုင်ခုံ နောက်ပြန်လဲကျသွားအောင်ပင် သဲစုခိုင် ကြောက်လန့်သွားသည်။ ပယင်းကိုမြင်သည်နှင့် အရမ်းကြောက်လန့်နေ၏။

သဲစုခိုင်အမြင်အာရုံထဲ ခြောက်ခြားစရာပုံရိပ်တွေ မြင်နေရသလိုမျိုး ဖြစ်လာသည်။ လက်ချောင်းတွေ ကုတ်ကွေးလာကာ. . သူငယ်အိမ်မှာလည်း မျက်ဖြူစိုက်သလို ဖြစ်လာသည်။ တစ်ကိုယ်လုံး နတ်ပူးသလို တုန်တက်သွား၏။

ထို့နောက် ခေါင်းကို တဗျင်းဗျင်းကုတ်ဖွဲ့ရင်း 'ကြောက်တယ် ကြောက်တယ်. . ငါ့ဆီမလာနဲ့'ဟုလည်း ပြောနေသေးသည်။

ပယင်း ဘာလုပ်ရမှန်းမသိတော့. . .

ထိုစဉ်မှာပင် သဲစုခိုင် ဇက်ပိုးအုပ်ခံလိုက်ရသလို ငိုက်ကျ သွား၏။ သို့သော် ချက်ချင်းပင် ခေါင်းပြန်ထောင်လာသည်။ မျက်လုံး တွေ နီရဲနေသလို မျက်နှာပုံစံကလည်း ပြောင်းသွား၏။ ပယင်းကို သေချာစွာစိုက်ကြည့်နေ၏။

"နင်. . ငါ့ကိုမသတ်ခဲ့င်. . ငါလက်ဦးမှု ရသွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့အော်ဟစ်ပြောဆိုကာ ပယင်းအနား တိုးကပ်လာပြီး လည်ပင်းညှစ်တော့သည်။

"နင့်ကိုသတ်မယ်. . သတ်မယ်"

ထင်မှတ်မထား၍ အငိုက်မိသွားသည့် ပယင်းမှာ သဲစုခိုင်၏ အားပါလှသော လက်နှစ်ဖက်ကြားတွင် မလူးသာမလွန့်သာ ဖြစ်နေရှာသည်။

ဒီနေ့ဇာတ်သိမ်းပဲဟုသာ သဘောပိုက်ရင်း ရဲမိုးကို ခေါ်ခဲ့ရလျှင် ကောင်းသားဟု နောင်တရနေမိသည်။ သို့သော်. . ပယင်းကံကောင်းသွား၏။ အပြင်မှစောင့်နေသော ဝန်ထမ်းနှင့် သူနာပြုနှစ်ဦး ရောက်လာကာ သဲစုခိုင်အား ဝိုင်းဝန်းထိန်းချုပ်ကြသည်။

ထိုအချိန်တွင်းမှာပင် ပယင်းအာရုံထဲ အဖြစ်အပျက်တချို့ကို ပြန်လည်မြင်ယောင်လာလေသည်။ ကျောင်းအားရက် ပယင်းအိမ်တွင် ပယင်း၊ ယမုံ၊ ပိုးအိနှင့် သဲစုခိုင်တို့ မုန့်စားရင်း စကားတွေပြောနေကြခြင်းဖြစ်၏။

ထိုအုပ်စုထဲ ခေါင်းဆောင်က ပယင်း ဖြစ်နေ၏။ အထက်တန်းကျောင်း တက်စဉ်ကတည်းက ခင်မင်ရင်းနှီးခဲ့ကြသည့် သူတို့အုပ်စု အခုတိုင် အတွဲမပျက်ကြ။ တက္ကသိုလ်တက်တော့ မေဂျာကွဲသွားသော်လည်း ပယင်းအိမ်မှာ ဆုံကြစမြဲဖြစ်သည်။

ဒုတိယနှစ်တက်ခါစ ကျောင်းအားရက်တွင် သူတို့ဆုံတွေ့နေကြခြင်းဖြစ်၏။ ငါးယောက်အုပ်စုဖြစ်သော်လည်း ဒီတစ်ခေါက်မှာ တစ်ယောက်လျော့နေသည်။

"ဟဲ့. . တိမ်လွှာ ဘာလို့မလာတာလဲ"

"သူ့အမေနဲ့ ငါးရောင်းနေတာ နေမှာပေါ့"





"မကုန်တဲ့ငါးတွေ ခေါင်းရွက်ပြီး လိုက်ရောင်းနေတာပါဟာ"

ပိုးအိ၏မှတ်ချက်ကြောင့် သူတို့လှိုက်လှိုက်လှဲလှဲ ရယ်ဖြစ်ကြ၏။

"လာမယ့် ဗုဒ္ဓဟူးက ငါ့မွေးနေ့ဟဲ့"

"ဟယ် ဟုတ်သားပဲ. . နင့်မွေးနေ့ ဒီလထဲမှာဆိုတာတော့ သိတယ်၊ ရက်ကိုသာအတိအကျမသိတာ"

ပိုးအိက. .

"ပယင်း ဘာလုပ်မှာလဲ. . ပြော"

"အဟင်း ငါစဉ်စားထားတဲ့ နေရာတစ်ခုကိုသွားမယ်၊ ပြီးရင် ကြိုက်တဲ့ဆိုင်မှာ အဝကျွေးမယ်ဟာ"

အားလုံး သဘောကျသွား၏။

ထိုအဖြစ်အပျက်အခိုက်အတန့်လေးကို ဖျတ်ခနဲမြင်ယောင်ပြီးနောက် ပယင်း ပစ္စုပ္ပန်ကာလသို့ ပြန်ရောက်လာသည်။ ထိုအချိန်တွင် သဲစုခိုင်မှာ သူနာပြုများ ချုပ်နှောင်ထိန်းသိမ်းခြင်းကို ခံရနေပြီဖြစ်သည်။

ပယင်းမှာလည်း. . လည်ပင်းညှစ်ခံထားရသည့် ဒဏ်ရာကြောင့် အသက်ရှူကြပ်ပြီး ချောင်းဆိုးကာ မောဟိုက်နွမ်းနယ်နေ၏။ တာဝန်ရှိသူတွေက သဲစုခိုင်အား သူ့အခန်းထဲပြန်ပို့ရန် ဆွဲခေါ်သွားကြသည်။

သူမ ရဲမိုးအား သတိရသွား၏။ အချိန်က (၁၁)နာရီခွဲသာရှိသေး၍ ကျောင်းမှာပဲရှိနေသေးနိုင်သည်ဟုတွေးကာ ဖုန်းလှမ်းဆက်လိုက်၏။ ကင်(န်)တင်းမှာစောင့်နေပါ အခုလာခဲ့မည်ဟု ချိန်းတော့. . . စောင့်နေမည်ဟု အဖြေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆုံနေကျဆိုင်ရှေ့ ကားထိုးရပ်လိုက်သည်တွင် ဆိုင်ထဲမှ ရဲမိုး တ လက်ကိုဝှေ့ရမ်းပြပြီး ခုံတစ်လုံးအသင့်ပြင်ကာ စောင့်ကြိုနေသည်။

"ဘယ်ကပြန်လာတာလဲ ပယင်း"

"အရှုးထောင်က. . ."

"အဟင်း. . ဟင်း. . ပယင်းက နောက်နေပြန်ပြီ"

"ဟုတ်တယ်. . ၊ သဲစုခိုင် ရူးသွားလို့လေ၊ အဲဒါ သူ့ကို သွားတွေ့ပြီးပြန်လာတာ. ."

"ဟင်!. . ."

ဘာဆက်မေးရမှန်း မသိတော့၍ ရဲမိုး ပါးစပ်အဟောင်းသား ဖြစ်သွားတော့သည်။

၅ ၅ ၅ ၅





သမီးဖြစ်သူ ကားမောင်းထွက်သွားသည်ကို ဒေါ်သန္တာ အိမ်ပေါ်ပြတင်းမှ လှမ်းကြည့်နေသည်။ ပယင်းကို နားမလည်နိုင်ဖြစ်နေတာ ကြာခဲ့ပြီ၊ မှတ်မှတ်ရရဆိုလျှင် ပြီးခဲ့သည့် သမီးမွေးနေ့က သူ့သူငယ်ချင်းတွေနှင့် အပြင်သွားပြီး ပြန်လာကတည်းကဖြစ်သည်။

ထိုနေ့က တစ်ကိုယ်လုံး ရေတွေစိုရွှဲပြီး အထိတ်တလန့်ပုံစံနှင့် ပယင်းပြန်ရောက်လာခဲ့ခြင်းဖြစ်သည်။ သူ့ကိုလည်း မခေါ် စဖူး အမေ. . အမေ. . ဟုခေါ်ကာ အဆက်အစပ်မရှိသော စကားတွေကို လျှောက်ပြောနေ၏။

ဘာတွေဖြစ်ခဲ့သလဲဆိုတာလည်း မေးလို့မရ၊ နွေးနွေးထွေးထွေး အဝတ်အစားတွေ လဲအပြီးမှာပင် ကိုယ်တွေခြစ်ခြစ်တောက်ပူကာ အဖျားတက်လာခဲ့သည်။ ထို့အတွက် ဘာမှမေးမနေတော့ဘဲ ဆေးတိုက်ပြီး စောင်ခြုံပေးကာ အိပ်ခိုင်းခဲ့၏၊ အဖျားတက်ပြီး

www.burmeseclassic.com



ကယောင်ကတန်းတွေ ပြောနေသည်မို့ ဒေါ်သန္တာ စိုးရိမ်ပြီး တစ်ညလုံး ပြုစုစောင့်ရောက်ခဲ့ရသည်။

နဖူးပေါ် ရေစိုဝတ်တင်ပေး၊ ရေပတ်တိုက်ပေးနှင့် အသည်းအသန်ပြုစုပေးမှ ကိုယ်ပူကျတာ အိပ်ပျော်သွား၏။ နောက်တစ်နေ့ နေကောင်းသွားမှ မေးမြန်းကြည့်တော့. . ပယင်း ဘာမှမပြောနိုင်တော့၊ မွေးနေ့ကအဖြစ်အပျက်တွေကို စဉ်းစားမရတော့ဟု ဆိုလာသည်။

သားအမိဆက်ဆံရေးသည်လည်း အနည်းငယ် အေးစက်သွား၏။ ထိုမှုမှက ပယင်း၏ အမူအကျင့်တွေလည်း ပြောင်းလာခဲ့သည်။ အနေအထိုင်၊ ဝတ်စားဆင်ယင်ပုံနှင့် အစားအသောက်က အစ. . ဟိုအရင်က ပယင်းနှင့်မတူတော့. . .

သမီး၏ကားလေး မြင်ကွင်းထဲမှ ပျောက်သွား၍ ပြတင်းပေါက်နားမှထွက်လာပြီး ဆေးသောက်ဖို့ပြင်ဆင်သည်။ ခုတလော ဒေါ်သန္တာ ကျန်းမာရေးက မကောင်းလှ၊ ယုံကြည်ခဲ့သည့် တိုင်းရင်းဆေးကလည်း မတိုးသလိုဖြစ်နေသည်။ ဆေးမှုန့်များ ပါးစပ်ထဲ ပက်သွင်းပြီး ရေနှင့်မျှောချလိုက်စဉ်. . .

"အုံ. . အဟွတ်. . ဟွတ်. . "

ရေသီးပြီး ဒေါ်သန္တာ ချောင်းတဟွတ်ဟွတ် ဆိုးလာသည်။ ဒီတစ်ခါချောင်းဆိုးတာ အတော်လေးပြင်းထန်၏။ မရပ်မနားဆိုးနေသဖြင့် အမောပင်ဆို့လာသည်။ သလိပ်တွေ ပါးစပ်ထဲ ပြည့်လာ၍ ထွေးထုတ်လိုက်ရာ သွေးများပါလာလေပြီ။

သွေးအန်အောင် ချောင်းဆိုးနေသဖြင့် ဒေါ်သန္တာ မျက်စိတွေ ပြာဝေလာသည်။ ဆေးရုံဆေးခန်းမပြခဲ့၍ ရင်ဘတ်ပါအောင့်ပြီး





အမောဖောက်နေသဖြင့်. . သေရမှာတော့ ကြောက်နေမိသည်။

ချောင်းဆိုးတာ အနည်းငယ်ခြားသွားချိန်တွင် သတိထားပြီး ရေတစ်ငုံသောက်လိုက်၏။

ထွေးခံတစ်လုံး ခုတင်အောက်ထည့်ထားပြီး ခုတင်ပေါ် လှဲအိပ်လိုက်သည်။ ရောဂါဆိုးဝါးလာသဖြင့် တောင်တွေးမြောက်တွေး,တွေးရင်း သွားလေသူခင်ပွန်းသည်ကိုပင် မြင်ယောင်မိသည်။ ထိုအခါ သူမကိုလာခေါ်သလို မြင်လာသည်မို့ အလန့်တကြားနှင့် ထိုအာရုံကို မောင်းထုတ်ပစ်ရ၏။

ထိုစဉ်မှာပင် ရင်ထဲမခံမရပ်နိုင်အောင် ယားကျိကျိဖြစ်လာကာ မရပ်မနားချောင်းဆိုးလာပြန်သည်။ အခြေအနေမကောင်းသည်မို့ ပယင်းကို ဖုန်းဆက်ပြန်ခေါ်ရန်ပင် စိတ်ကူးမိသည်။ အားတင်းတောင့်ခံနေစဉ်မှာပင် ပျို့တက်လာ၍ ထွေးခံကိုလှမ်းဆွဲပြီး အန်ချလိုက်ရာ. . ထွေးခံထဲ သွေးတွေချည်း တွေ့လိုက်ရသည်။

အလွန်ဆိုးဝါးသည့် ဝေဒနာကိုခံစားနေရသည်မို့ အသက်ပါသွားတော့မလားပင် ထင်ရသည်။

ထိုအချိန်တွင် ခုတင်ဘေးတွင် လာရပ်သော အရိပ်တစ်ခုကို တွေ့၍ လှည့်ကြည့်လိုက်သည်။

"အဟွတ်. . အဟွတ်. . ဟင်. . သမီး၊ ဘာကျန်ခဲ့လို့ ပြန်လာတာလဲ. . အဟွတ်. . "

အိပ်ခန်းထဲရောက်နေသည့်ပယင်းကို ရုတ်တရက်တွေ့၍ ဒေါ်သန္တာ တအံ့တဩမေးလိုက်သည်။

"အခု. . မေမေ့ဘေးမှာရောက်နေတာ ပယင်းအစစ်ပါ. . မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"အတွတ်. . အဟွတ်. . သမီးက မေမေ့သမီးပဲလေ၊ အတု အတော့အစစ်တွေမှ မရှိတာ. . အဟွတ်"

"မေမေ စကားသိပ်မပြောနဲ့တော့. . ၊ မေမေ့မှာ အချိန်သိပ်မရှိတော့ဘူး၊ ဘုရားတရားကိုသာ အာရုံပြုထားပါ၊ မေမေ့ရဲ့ နောက်ဆုံးအချိန်လေးကို ရောက်နေပြီ"

မျက်လုံးတွေ ဝေဝါးနေသည့်ကြားထဲ. . သူ့သမီးအစစ်ပါဟူသော ပယင်းကို အားယူကြည့်မိသည်။ အသားအရည် ဖြူဖတ်ဖြူရော်နှင့် တစ်ကိုယ်လုံး ရေနူးထားသည့် အသားအရည်မျိုးနှင့်. .

"မေမေ သက်သာသလိုသာနေပါ"

မျက်တွင်းညိုနေသော ပယင်းကိုကြည့်ရတာ ဆန်းတော့ဆန်းနေသည်။ တစ်ယောက်ထဲ အားကိုးရာမဲ့ဖြစ်နေစဉ် သမီးပြန်လာ၍ ဝမ်းသာရမည့်အစား ဒေါ်သန္တာ သွေးလန့်သလို ဖြစ်လာ၏။ ပယင်းက ခုတင်ပေါ်တက်၍ ဒေါ်သန္တာအားသိုင်းဖက်ကာ ထွေးပွေ့ရင်း. . .

"စိတ်ကိုလျှော့ထားလိုက်ပါတော့ မေမေ၊ သမီးရောက်လာပြီပဲ၊ မေမေ့ဝေဒနာတွေအားလုံး သက်သာပြီး နေလို့ထိုင်လို့ ကောင်းသွားမှာပါ"

ဒေါ်သန္တာက သမီးဖြစ်သူကို မယုံနိုင်သလိုကြည့်ရင်း. . တဖြည်းဖြည်း ငြိမ်သက်သွားသည်။ ပယင်းလည်း သူ့အမေကိုစိုက်ကြည့်ရင်း မျက်နှာတစ်ချက် ညှိုးသွားသည်တွင်. . ဒေါ်သန္တာဇာက်ကျိုးကျသွားတော့၏။

"မေမေ!!. . ."

ကျယ်လောင်သော အသံနက်ကြီးဖြင့် အော်ခေါ်လိုက်သံ





ကြောင့် အိမ်ကြီးတစ်ခုလုံး ပွဲတင်ထပ်သွားတော့သည်။ ထိုစဉ်. . အသက်မရှိတော့ပြီဖြစ်သော ဒေါ်သန္တာ့ကိုယ်ထဲမှ ဝိညာဉ်လို အရိပ်တစ်ခု တိုးထွက်သွား၏။ ထိုအချိန်လေးမှာပဲ တရွေ့တစ်တောင်နှင့်တူသော ပယင်းဆိုသည့် မိန်းကလေးမှာ ဒေါ်သန္တာ့ကိုယ်ထဲသို့ ဝိညာဉ်သဖွယ် တိုးဝင်ကာ ခန္ဓာကိုယ်နှင့် တသားတည်းဖြစ်သွားလေတော့၏။



www.burmeseclassic.com







# အခန်း (၁၀)

အကွက်ဖော်ကာ စိုက်ပျိုးထားသည့် ရောင်စုံပန်းများပေါ် လိပ်ပြာလေးတွေပျံဝဲနေပုံက ကြည့်လို့အလွန်ကောင်းလှသည်။ မျက်စိရှေ့ ကန်ရေပြင်ပေါ် ဖြတ်သန်းတိုက်ခတ်လာသည့် လေအရှိန်ကြောင့် လှိုင်းကြက်ခွပ်လေးတွေ ဖြစ်ပေါ်နေသည်။ ထိုလှိုင်းကြက်ခွပ်တို့အပေါ် နေရောင်ဖြာကျနေသဖြင့် ရေပြင်က လတ်လတ်ထနေလေ၏။

ကန်တော်ကြီး ကရဝိတ်ပန်းခြံအတွင်းမှ သဘာဝရှုခင်းပုံ

www.burmeseclassic.com



ကြည့်တာ ပယင်း စိတ်သက်သာရာရနေသည်။ ဒီရက်ပိုင်းအတွင်း ထိတ်လန့်ချောက်ချားစရာတွေ စိတ်ဖိစီးစရာတွေ များလွန်းလှသဖြင့် အပန်းဖြေလို့ရအောင် ဒီကိုလာတာ အတွေးမှန်သွားပြီဖြစ်သည်။

ရည်မှန်းချက်ကြီးပြီး အနာဂတ်ကောင်းကို ပိုင်ဆိုင်ဖို့ ကြိုးစားချင်စိတ်ရှိသည့် ရဲမိုးလည်း သူ့စီမံကိန်းတွေ ခဏသိမ်းပြီး ပယင်းအား အဖော်လုပ်ပေးနေရသည်။ ပယင်းက ရှုခင်းကြည့်နေသလို ရဲမိုးက ပယင်းကိုကြည့်နေ၏။

"ကြည်နူးနေတဲ့ ပယင်းမျက်နှာလေးကို မြင်ရတာ စိတ်ချမ်းသာလိုက်တာကွာ"

"ပယင်းလည်း အားလုံးကို စိတ်ချမ်းသာစေချင်ပါတယ်. . ဒါပေမဲ့"

"တော်ပါတော့ ပယင်းရယ်၊ ဒီအချိန်မှာ ပယင်းရဲ့ စိတ်ဒုက္ခတွေကို ခဏမေ့ထားပါလား"

"နင်ဘာလို့ ငါ့အပေါ် ဒီလောက်ကောင်းနေရတာလဲ"

"ငါ နင့်ကို သိပ်ချစ်နေမိလို့ပေါ့ ပယင်းရယ်"

ကန်ရေပြင်ကို ငေးနေသည့် ပယင်း. . . ရဲမိုးအား ချာခနဲလှည့်ကြည့်လိုက်သည်။ ရဲမိုး မျက်ဝန်းတွေက ရီဝေစိုစွတ်နေ၏။ ပယင်း ရင်မဆိုင်ရဲတော့သလို မျက်လွှာချလိုက်ရ၏။ ရဲမိုးလည်း သတ္တိတွေ အထူးအထွက်တိုးအောင် မွေးမြူရင်း. . ပယင်း ဘက်သို့ ခြောက်လက်မလောက် ထပ်မံတိုးကပ်လာ၏။

ကိုယ့်သောကနှင့်ကိုယ်မို့. . . ယောက်ျားနှင့်မိန်းမကြားမှ သဘာဝတရားကို မေ့လျော့နေခဲ့သည်။ ရဲမိုး ဖွင့်ဟလာမှ ထိုကိစ္စတို့ အမှတ်မထင် သတိရလာသည်။





အားကိုးတကြီး တိုင်ပင်ကာ ရင်းရင်းနှီးနှီးဆက်ဆံခဲ့သည်တမိန်းမနောက်ပိုး ဇာတ်ခင်းသလို၊ ဒါမှမဟုတ် ရေလာအောင် မြောင်းပေးသလိုများ ဖြစ်နေခဲ့ပြီလား။ ဘယ်လိုပဲဖြစ်ဖြစ် ယောက်ျားလေးက မိန်းကလေးကို ပရိုပို့စ်လုပ်တာ စိတ်ဆိုးစရာတော့မဟုတ်. . .

"ငါ့ကို စိတ်ဆိုးသွားပြီလား. . ပယင်း"

"နင့်ပုံစံအနေအထားက မိန်းကလေးတွေ ရင်ခုန်စရာ အခြေအနေမျိုးပါ၊ ဒါပေမဲ့. . ငါ့မှာက သောကအထုပ်အပိုးတွေနဲ့ အတိတ်ပျောက်ရှာပုံတော်ဖွင့်နေရတာလေ၊ ပျော်စရာ မျှချင်ပေမယ့် ဒုက္ခတော့ ဖဲ့မပေးချင်ဘူး ရဲမိုးရယ်"

"ငါက နင့်ရဲ့ စိတ်ခံစားမှုကို မသိတဲ့လူမှ မဟုတ်တာ၊ အချစ်ဆိုတာ ပျော်ရွှင်မှုတစ်ခုတည်းနဲ့ တည်ဆောက်လို့ရတာမှ မဟုတ်တာပဲလေ"

မျှော်လင့်ချက်များ စာနာမှုများနှင့် စကားထပ်ဆိုလာတော့ ပယင်း အရည်ပျော်ကျလုလု ဖြစ်သွားသည်။ သို့သော် လွတ်ချင်ချင်ဖြစ်နေသည့်စိတ်ကို ဦးနှောက်ချုန်းနှင့်အုပ်ကာ ထိန်းသိမ်းရင်း. . .

"ငါဘယ်သူလဲဆိုတာ သိရတဲ့ တစ်နေ့မှာ နင့်အချစ်ကို စဉ်းစားပေးမယ်လို့ ကတိပေးပါတယ်၊ ငါ ဒီလောက်ပဲပြောပါရစေတော့နော်. . ."

ရဲမိုး သက်ပြင်းရှိုက်ရင်း. .

"ရပါတယ်ဟာ၊ နင် ငါ့ဆွဲကြိုးလေး ဆွဲထားတာကိုပဲ ပီတိဖြစ်လို့မဆုံးပါ ပယင်းရယ်"

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



**အိမ်**ကိုစောစောပြန်ခဲ့ဟု အမြဲလိုမှာတတ်သည့် မမေ့စကားကို အလေးအနက်ထားသည့်အနေနှင့် ပယင်းအိမ်သို့ ဦးတည်ပြန်လာခဲ့သည်။ အချိန်က ညနေငါးနာရီ မထိုးသေးသလို အလင်းရောင်လည်း အားကောင်းနေဆဲဖြစ်သည်။ အချိန်စောသေးသဖြင့် ကားကိုရေဆေးရန် စိတ်ကူးရသွားသည်။ မဆေးမကြောဘဲ မောင်းနေခဲ့တာ ဘယ်လောက်တောင် ကြာခဲ့ပြီမသိ. . ကားအဖြူရောင်ထ ညိုညစ်ညစ်ပင်ဖြစ်နေပြီ။

ထိုစိတ်ကူးကြောင့် အိမ်ရှေ့ဆင်ဝင်အောက်အထိ မမောင်းတော့ဘဲ ရေဘုံဘိုင်အနီးတွင် ရပ်ထားလိုက်သည်။ ကားပေါ်မှဆင်းပြီး ရှုပ်ထွေးလိမ်ကောက်နေသည့် ရေပိုက်ကို ရှင်းလင်းဆွဲဆန့်နေစဉ် မျက်ဝန်းထောင့်ထဲ. . ကားရွှေ့လာတာ မြင်လိုက်သည်။

"ဟာ!. ."

အမှတ်မထင် လှည့်ကြည့်မိသည်တွင် ဆံပင်ဖားလျားနှင့်





မိန်းမတစ်ယောက် ကားပေါ်ထိုင်နေတာတွေ့ရသလို ကားကလည်း တစ်လိမ့်ချင်းလိမ့်ပြီး အရှိန်ရလာကာ သူမထံဦးတည်လာနေတာကို အထိတ်တလန့် မြင်လိုက်ရ၏။

ပယင်း ပိုက်ကိုလွှတ်ချပြီး အလန့်တကြားနှင့် နောက်သို့ဆုတ်သည်။ ကားက တအားကို နီးကပ်လာနေပြီမို့ ကားခေါင်းကို လက်ထောက်ကာ အားစိုက်တွန်းရင်း မတိုက်မိအောင် ကြိုးစားရတော့သည်။

ကားဝိတ်နှင့် လူ့အားမမျှသည့်အတွက် ပယင်း တဖြည်းဖြည်း နောက်ဆုတ်ပေးနေရသည်။ နောက်ဆုံး မခံနိုင်တော့သဖြင့် ပယင်း မြက်ခင်းပေါ်သို့ ခုန်ထွက်ရင်း ရှောင်လိုက်ရသည်။

"ဒုန်း!. ."

ကားက အုတ်ခုံကို ဝင်ဆောင့်ကာ ရပ်သွား၏။ သို့သော်. . ကားပေါ်မှာ ဘယ်သူမှမရှိတော့၊ သေချာအောင် ကားတံခါးဖွင့်ပြီး အထဲဝင်ကာရှာဖွေသော်လည်း လူမပြောနှင့် ပုရွက်ဆိတ်တစ်ကောင်ပင်ရှိမနေသည့်အတွက် ပယင်း လန့်သွားသည်။ ကားကအနည်းငယ် ပွန်းသွားရုံမှအပ အပျက်အစီးမရှိသဖြင့် ဒီအတိုင်းထားခဲ့ကာ အိမ်ထဲဝင်ခဲ့၏။

အိမ်ထဲအရောက်တွင် လှလှပပ ပြင်ဆင်ဝတ်စားထားသည့် သူ့အမေ ဒေါ်သန္တာကို တွေ့လိုက်ရသဖြင့် အထူးအဆန်းပါလားဟု တွေးမိပြီး. . .

"မေမေ. . ညနေဘက်ကြီး ဘယ်သွားမလို့တုန်း"

"မသွားပါဘူး. . စောစောက အိမ်ရှေ့မှာ ဒုန်းဆိုပြီး အသံကြားတယ်၊ ဘာဖြစ်နေတာတုံန်း. ."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သန္တာ့အသံက လိုတာထက်ပို၍ မာနေသည်။

"ဘာမှမဖြစ်ပါဘူးမေမေ၊ ကားက ဟမ်းဘရိတ်မဆွဲမိလို့ လိမ့်သွားတာပါ"

"ကဲ. . ကဲ. . ထမင်းစားမလား"

"စားမယ်၊ ဗိုက်ဆာနေပြီ မေမေရဲ့"

"ဒီနေ့တော့. . နင့်. . အဲ. . သမီးအကြိုက်တွေပဲ ချက်ထားတယ်"

"မေမေ. . မေမေ့အသံက ဘယ်လိုဖြစ်နေတာလဲ"

"ဪ. . ဪ. . အသံဝင်နေလို့ပါ သမီးရယ်"

မေမေ့အခြေအနေက ရုတ်တရက် ထူထူထောင်ထောင်ဖြစ်လာတာကို ပယင်းအံ့ဩဝမ်းသာနေ၏။ တိုင်းရင်းဆေးများကိုလည်း နည်းနည်းအထင်ကြီးသွားသည်။ ထမင်းစားပွဲထိုင်ရင်း မေမေ ပြင်ဆင်ပေးတာတွေ ကြည့်မိတော့ ပယင်း မျက်နှာပျက်ပြီး ရှုံ့မဲ့သွားရသည်။

"အမဲအူသုပ်ရယ်၊ အမဲသားနှပ်ရယ် ချက်ထားတယ်. . . စားလေ သမီးရဲ့"

မေမေ ရွှန်းရွှန်းဝေပြောနေသလောက် ပယင်း အင်းမလုပ် အဲမလုပ်ဖြစ်နေ၏။ သူမ အမဲသားကို အမုန်းဆုံး၊ ညှီရသည့်အထဲ အနံ့ကပြင်းလွန်းသည်။ စားပြီး လက်ဆေးလျှင်တောင် ဆပ်ပြာတမတိုး၊ လက်မှာအနံ့စွဲကျန်နေသည်မို့ ပယင်း အမုန်းဆုံးဟင်းအဖြစ် သတ်မှတ်ထားခြင်းဖြစ်သည်။

မေမေက သူ့အကြိုက်ချက်ထားသည်ဟုဆိုနေ၏။ ပယင်း ငိုင်တိုင်တိုင် ဖြစ်သွားသည်။ ဒေါ်သန္တာက ဟင်းတွေကိုခပ်ပြီး ထမင်း





ပန်းကန်ထဲ ထည့်ပေးနေ၏။

"စားလေ"

"မေမေရော စားပြီးပြီလား"

"ပြီးပြီ. . ချက်ပြီးပြီးချင်းပဲ စားလိုက်တာ"

ပယင်း မတတ်သာတော့ဘဲ ဇွန်းခရင်းကိုင်ကာ ထမင်းကို မထိတထိစားရတော့၏။ အမဲသားကို ဇွန်းနှင့်ထိုးဖဲ့ပြီး ဇွန်းခက်ရင်း အစုံနှင့် နှင်ရသည်။ စူးရှရှအနံ့နှင့် ခပ်ပြင်းပြင်းအရသာကြောင့်. . ပယင်း ကြက်သီးထသလို တွန့်တက်သွားတော့၏။

"စား. . စား၊ မေမေ မီးပူသွားတိုက်လိုက်ဦးမယ်"

"ဟုတ်. ."

ထိုအခိုက်မှာ ပယင်းရင်ဘတ်က ဆွဲကြိုးကို မေမေ မြင်သွားပြီး. . .

"ဒီဆွဲကြိုးက ဘယ်သူပေးတာလဲ"

"ဟို. . သူငယ်ချင်းတစ်ယောက် မွေးနေ့လက်ဆောင်ပေးတာပါ"

"ဪ"

ဆွဲကြိုးကို အသေအချာကြည့်ပြီး မေမေထသွားသည်နှင့် ပယင်း ထမင်းမစားတော့။ ပန်းကန်ကို ဘေစင်ပေါ်တင်အခိုက်. .

"ဝေါ့. . အု. ."

စားပြီးသားတွေ ပျို့တက်လာကာ အန်ချလိုက်တော့၏။

အန်တာမှ အဆက်မပြတ် အန်နေမိသည်။ စောစောတုန်းက စားထားသည့် အဖတ်များ ပြန်ထွက်မလာဘဲ ရေတွေချည်းအန်ထွက်နေ၏။

ပယင်းအဖြစ်ကို ဒေါ်သန္တာ အားရဝမ်းသာပြုံးစွာနှင့် တခါး



www.burmeseclassic.com

www.burmeseclassic.com



ကြားမှ ချောင်းကြည့်နေလေသည်။

ပယင်း မျက်လုံးပြူးမျက်ဆံပြူးနှင့် မျက်ရည်ထွက်အောင် ခံစားနေတာကိုကြည့်ပြီး ဒေါ်သန္တာ အကျေနပ်ကြီးကျေနပ်သွားကာ မဲ့ပြုံးပြုံးရင်း ခြေသံလုံလုံလှမ်းကာ ထွက်သွားတော့သည်။

ထမင်းစားခန်းမှ ပယင်း ထွက်လာစဉ် ဒေါ်သန္တာ မီးပူတိုက်နေရာမှ လှမ်းမေးပြန်သည်။

"ဟဲ့. . ပယင်း စားတာမြန်လှချည်လား၊ စားမကောင်းဘူးလား"

"ဟင့်အင်း မေမေ၊ သမီးစားပြီး အန်နေလို့"

ဒေါ်သန္တာနှုတ်ခမ်းတွန့်ရုံ ပြုံးရင်း. .

"တော်သေးတာပေါ့. . မသေသေးတာ"

ခနဲ့ပြောလေး တိုးတိုးပြောလိုက်၏။

မေမေ ပုံစံတမျိုးဖြစ်နေတာတော့ ပယင်း ရိပ်မိနေသည်။ ပယင်း မေမေ့ရှေ့မှ အမြန်ဆုံးထွက်လာခဲ့ သည်။ ဒေါ်သန္တာလည်း ပယင်း ကျောပြင်ကို လှမ်းကြည့်ရင်း လေသံတိုးတိုးနှင့်. . .

"ဟွန်း. . ကောင်မ. . သူ့ကိုယ်သူ ဘယ်သူမှန်းတောင် မသိသေးဘူး၊ ကြည့်ကြသေးတာပေါ့"

ပယင်းလည်း ကိုယ့်အခန်းပြန်ရောက်သည်နှင့် အဝတ်အစားများချွတ်ပစ်ပြီး ရေချိုးခန်းဝင်ခဲ့၏။ ရေဖြည့်ပြီးသားကန်ထဲ ဆပ်ပြာရည်ထည့်ကာ အမြှုပ်ထအောင် ရေကိုလှုပ်ခတ်လိုက်သည်။

ဆပ်ပြာမြှုပ်အပြည့်ဖြစ်လာမှ တစ်ကိုယ်လုံး ဆင်းစိမ်လိုက်၏။ Bathtub အစွန်းကို ခေါင်းမှေးတင်ကာ ဆပ်ပြာမြှုပ်များနှင့် ချေးတွန်းသည်။ ချေးတွန်းရင်း လက်ဖျံမှ ဒဏ်ရာအစင်းနှစ်ခုကို





ပွတ်သပ်ကြည့်နေမိသည်။

ဘယ်တုန်းက ရခဲ့မှန်းမသိသော အမာရွတ်အတွက် ထပ်စဉ်းစားမနေတော့ဘဲ မျက်လုံးမှိတ်ကာ မှေးနေလိုက်စဉ်. . အတွေးထဲ အတိတ်ကအကြောင်းတို့ ဖြည်းဖြည်းချင်း ပေါ်လာနေသည်။

"ဟဲ့!. . တိမ်လွှာ၊ မြန်မြန်သယ်လာခဲ့လေဟာ"

သူ့အသံကို ပယင်းပြန်ကြားနေရသည်။

ကောင်မလေးတစ်ယောက် ကျောပိုးအိတ်ငါးလုံးကို မနိုင်မနင်းသယ်ကာ တလှုပ်လှုပ်နှင့် လျှောက်လာနေ၏။

"အဲဒါတွေ ငါ့ကားပေါ် သွားတင်ထားလိုက်"

"အင်း"

"ဟုတ်ကဲ့လို့ ပြောလေ"

"ဟုတ်. . ဟုတ်ကဲ့"

အတော်ဝေးသေးသည့်နေရာမှ ကားရှိရာသို့. . တိမ်လွှာဆိုသည့်ကောင်မလေး ဆက်လျှောက်သွားသည်။ တစ်ယောက်မှ ကူညီဖို့ မစဉ်းစားကြ၊ ထိုအဖြစ်ကိုကြည့်ပြီး လှောင်ပြောင်ဟားတိုက်ရယ်နေကြသေးသည်။

ကျောပိုးအိတ်တွေ ကားထဲထည့်ပြီး တိမ်လွှာ ပြန်ရောက်လာသည်။ ညောင်းညာဟန်နှင့် သူ့ပခုံးသူ ထုနေရှာ၏။

ပယင်းက. .

"ဟင်. . နင့်ကျောပိုးအိတ်ရော"

"ကား. . ကားထဲကိုထည့်လိုက်ပြီ"

"ဟာ. . နင်သိပ်ဝေးတာပဲ၊ ငါတို့လေးယောက်ရဲ့ ကျောပိုးအိတ်ပဲ ထားခိုင်းတာလေ၊ နင့်အိတ်နင် သွားပြန်ယူ ဘာလဲ. . တား

www.burmeseclassic.com



ကြည့်လိုက်ပြီး ကပ်စီးဦးမလို့လား၊ မရဘူး. . ငါ့ကားက လေးယောက်ပဲ ဆန့်တာ၊ ငါတို့နဲ့ သူငယ်ချင်းဖြစ်ချင်ရင် နင့်ဘာသာလမ်းလျှောက် ပြန်တော့. . ."

တိမ်လွှာ အထွန့်မတက်၊ ကားဆီပြန်သွားရှာသည်။ ဒါကို ကြည့်ပြီး ပယင်းတို့အုပ်စု ဟားတိုက်ရယ်ကြပြန်၏။ တိမ်လွှာဆိုသူ လေးလည်း ပြန်မလာတော့. . ၊ သူ့ကျောပိုးအိတ်သူလွယ်ပြီး ပြန် သွားတော့သည်။

အာရုံထဲ မြင်ကွင်းတချို့ ပေါ်လာပြန်သည်။ ထိုမြင်ကွင်းထဲ ၌ တိမ်လွှာက သူ့ကိုမုန့်တစ်ဘူးပေးနေသည်။ တိမ်လွှာကို ပယင်းတို့ အုပ်စုက သူငယ်ချင်းအဖြစ် လက်ခံလိုက်ပုံရသည်။

"နင်စားချင်တယ်ဆိုလို့ ငါဝယ်လာတာ"

ပီဇာမုန့် လှမ်းပေးရင်း တိမ်လွှာက ပြော၏။

"ငါ့ ငါးရက်စာမုန့်ဖိုးကို စုပြီးဝယ်လာရတာ"

"ကျေးဇူးပဲ. . ."

ပယင်းက ဝတ်ကျေတန်းကျေပြောပြီး ပီဇာမုန့်ကိုလှမ်းယူ လိုက်၏။ တိမ်လွှာက ပယင်းဘေးခုံတွင် ဝင်ထိုင်ကာ. .

"နင့်ကို တကယ်အားကျမိတယ် ပယင်းရယ်၊ မိဘကလည်း ချမ်းသာ၊ အပေါင်းအသင်းကလည်းများ၊ အားလုံးပြည့်စုံနေတဲ့ နင့် ဘဝမျိုးကို ငါတော့ ဘယ်တော့မှရနိုင်မှာ မဟုတ်တော့ပါဘူး၊ အမေ က ငါးရောင်းပြီး ရှာရတော့ ငါတို့နပ်မှန်အောင်ပဲ စားနိုင်ပါတယ် ပယင်းရယ်"

တိမ်လွှာ စကားတွေအများကြီး ပြောနေသော်လည်း ပယင်း က သူ့ကိုခပ်တည်တည်နှင့် လှည့်ကြည့်ကာ. .





"လူဖြစ်လာရင်တော့ ရှာစားရမှာပေါ့၊ ဘယ်သူမှ နင့်ကို အလကား တင်ကျွေးထားမှာမဟုတ်ဘူးလေ"

တိမ်လွှာ စကားအကောင်းပြောနေသော်လည်း. . သူ့ကို ဘယ်တော့မှ အကောင်းမမြင်၊ ငါးစိမ်းသည်မ သမီးဆိုပြီး ဝိုင်းနှိမ်ကြ ၏။

"တိမ်လွှာ နင်ထိုင်ချင်သပဆိုရင် ငါ့ဘေးမှာလာမထိုင်နဲ့. . ဟိုခုံမှာသွားထိုင်ချေ၊ နင့်ကို သူငယ်ချင်းအဖြစ် လက်ခံတယ်ဆိုပေမယ့် နင်နဲ့ငါက အဆင့်အတန်းချင်း တူတာမဟုတ်ဘူးလေ"

ပယင်း လှောင်ပြောင်ရယ်မောရင်း ထိုင်ခုံမှထသွားတော့ ၏။ တိမ်လွှာ မျက်နှာငယ်လေးနှင့် ကျန်ခဲ့၏။ ထိုပုံရိပ်ကိုပြန်မြင်ပြီး ပယင်း သူ့ကိုယ်သူ စက်ဆုပ်သွားသည်။ ပယင်းဆိုတာ သူများကို ဒီလိုပဲ အနိုင်ကျင့်တတ်တဲ့သူလား. . .

"မဟုတ်ဘူး. . အဲဒါ ငါမဟုတ်ဘူး၊ ငါဒီလောက်စိတ်ထား မယုတ်မာဘူး၊ ငါဒီလိုလည်း လုပ်ခဲ့မှာမဟုတ်ဘူး. . ."

ပယင်း ရေချိုးခန်းထဲမှ ထွက်လာကာ ကိုယ့်စိတ်ကိုယ်ထိန်း ရင်း အသက်မှန်မှန်ရှူနေရသည်။ အတော်ကလေးကြာမှ နေသာ ထိုင်သာ ရှိသွား၏။ ထိုစဉ် အခန်းထဲ ဒေါ်သန္တာဝင်လာပြီး. .

"ဘာတွေတစ်ယောက်တည်း အော်နေတာလဲ ပယင်း"

"ဘာမှမဟုတ်ပါဘူး မေမေ"

ဒေါ်သန္တာကိုကြည့်ရင်း ရင်ညွန့်ဆီ အကြည့်ကရောက်သွား သည်။

"ဟင်!. ."

ဆွဲကြိုးတစ်ကုံး. . ။ ရဲမိုး ပေးထားသည့် ဆွဲကြိုးလေး။

www.burmeseclassic.com



သူရေချိုးတုန်း ချွတ်ခဲ့သည့် ပလက်တီနန်ဆွဲကြိုးလေး. . ။

ပယင်း၏ အကြည့်ကို သတိပြုမိသော ဒေါ်သန္တာက. . .

"အဲ. . ပြောဖို့မေ့နေလိုက်တာ သမီးရယ်၊ ဒီဆွဲကြိုးလေးကို ကြည့်ပြီး မေမေ အရမ်းသဘောကျတာနဲ့ ခဏယူဝတ်ထားတာ"

မေမေက ရှင်းပြရင်း ဆွဲကြိုးဖြုတ်ဖို့ ဟန်ပြင်သည်။

"မေမေ. . ဖြုတ်မနေပါနဲ့တော့၊ မေမေပဲဆွဲထားလိုက်ပါ"၊

"တကယ်လား. . သမီး၊ မေမေ ယူလိုက်တော့မယ်နော်"

ပြောပြီး ဒေါ်သန္တာ အခန်းပြင် ပြန်ထွက်သွား၏။

အခန်းပြင်အရောက်. . .

"ဒီဆွဲကြိုးက ရဲမိုး ငါ့ကိုပေးတာ၊ ရဲမိုးကိုပါ ဒီကောင်မ ဖြတ်လုသွားတယ်၊ နင့်ကိုသတ်ရမှ ကျေနပ်နိုင်မယ်. . တိမ်လွှာ"

ပယင်း မအိပ်သေးဘဲ အယ်(လ်)ဘမ်စာအုပ်ကိုပြန်ရှာပြီး တိမ်လွှာ၏လိပ်စာကို ကူးသည်။ အတိတ်ကိုရှာဖို့ လမ်းစတစ်ခု ထပ်တွေ့၍ အားတက်ရပြန်တော့သည်။







# အခန်း (၁၁)

ကြည့်မြင်တိုင် ထီးတန်းလမ်းထဲသို့ ပယင်း၏ ကားလေး မောင်းဝင်လာခဲ့သည်။ လိပ်စာပါအိမ်နံပါတ်ရှေ့ ရပ်ပြီး မေးမြန်းစုံစမ်း၏။ ပတ်ဝန်းကျင်က. . ဒီအချိန်ဆို တိမ်လွှာ၏အမေ ဒေါ်သူဇာတစ်ယောက် ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးတွင် ရှိနေလိမ့်မည်ဟု ညွှန်ပြကြသဖြင့် စံပြငါးဈေးသို့ လိုက်ရပြန်သည်။

ဒေါ်သူဇာကို အရင်ကမြင်ဖူးသလား၊ မမြင်ဖူးဘူးလားဆိုတာ မသေချာသည့်အတွက် ငါးသည်တွေကို မေးမြန်းရ၏။ သုံးလေး



www.burmeseclassic.com

www.burmeseclassic.com



ငါးသောက်မေးကြည့်မှ ဒေါ်သူဇာ့ဆိုင်ကိုတွေ့သည်။ အရင်ဆုံး. . မလှမ်းမကမ်းမှ ရပ်ကြည့်ပြီး အကဲခတ်ရ၏။

ဒေါ်သူဇာဆိုသူ အမျိုးသမီးကြီးကို သူမြင်ဖူးနေသလို ခံစားနေရ၏။ တကယ့်ကို ရင်းရင်းနှီးနှီး သိကျွမ်းခဲ့သည်ဟု ထင်နေ၏။ ဘယ်လိုပဲဖြစ်ဖြစ် နောက်ဆုံးလက်ကျန် သဲလွန်စကို မိမိရရဆုပ်ကိုင်မှဖြစ်မည်။ ပယင်း ဆုံးဖြတ်ချက်ချပြီး ဒေါ်သူဇာထံ လျှောက်လာခဲ့သည်။

မနက်ပိုင်းဈေးရောင်းချိန် ပြီးသွားပြီမို့ ဒေါ်သူဇာ ဆိုင်သိမ်းနေပြီ။ ပယင်း ဆိုင်ရှေ့ရပ်လိုက်တော့ ဒေါ်သူဇာ မော့ကြည့်လာ၏။

"ငါးမရှိတော့ဘူး ကလေးမရဲ့. . ကုန်သွားပြီ"

"သမီး ငါးဝယ်ဖို့လာတာ မဟုတ်ပါဘူး၊ သမီး. . တိမ်လွှာ့သူငယ်ချင်းပါ ဒေါ်ဒေါ်"

"ဟင်!. . သမီး. . သမီးလေးကို ရှာတွေ့ပြီလား"

"မတွေ့သေးပါဘူး ဒေါ်ဒေါ်"

"သမီးလေးကို တွေ့အောင်ရှာပေးကြပါကွယ်"

ပယင်းကိုကြည့်ပြီး ဒေါ်သူဇာ ပျာပျာသလဲပြော၏။

"သမီး တွေ့အောင်ရှာပေးမှာပါ ဒေါ်ဒေါ်"

ပယင်းက အတင်းတောင်းဆိုသဖြင့် ပယင်း၏ ကားနှင့်ပင် အိမ်သို့ လိုက်ပို့ပေးသည်။ ကားပေါ်တွင် ငါးညှီနံ့က ဝေ့ဝဲနေ၏။ သို့သော်. . ပယင်း ထိုအနံ့နှင့် အသားကျနေသလို ခံစားနေရ၏။

ဒေါ်သူဇာ ဖိတ်ခေါ်သဖြင့်. . အိမ်ပေါ်ထိ ပယင်း လိုက်ခဲ့သည်။ လှေကားကျဉ်းကျဉ်းလေးအတိုင်း ခြောက်လွှာအထိတက်ခဲ့ရ၏။ အခန်းထဲရောက်တော့ ဒေါ်သူဇာက အားနာစွာနှင့် ကော်ဖီ





တစ်ခွက်ဖျော်ကာ ညှော်ခဲ့သည်။ ဆယ်ပေxပေသုံးဆယ်လောက်သာ ရှိမည့် အခန်းကျဉ်းထဲ ပေါချောင်ကောင်းပစ္စည်းများနှင့် ပြည့်နှက်နေသည်။ နံရံတွင်တော့ တိမ်လွှာ၏ ငယ်ဘဝပုံများနှင့် ပထမနှစ်စတာ ဓါတ်ပုံတစ်ပုံရှိနေ၏။

ထိုဓါတ်ပုံကိုကြည့်ပြီး အဖက်မတန်သလို ဆက်ဆံခဲ့တာတွေ အနိုင်ကျင့်ခံတာတွေ မှိုချိုးမျှစ်ချိုးပြောခဲ့တာတွေ ပြန်ပြီးသတိရလာပြန်သည်။

"အားနာလိုက်တာကွယ်. . အိမ်မှာက ဘာမှအဆင်သင့်မရှိဘူး၊ တိမ်လွှာ ပြန်မလာတဲ့နောက်ပိုင်း ဒေါ်ဒေါ်လည်း ဖြစ်သလိုပဲစားနေလိုက်တော့တယ်"

"ရပါတယ်ဒေါ်ဒေါ် ကိစ္စမရှိပါဘူး"

ပယင်း ဒေါ်သူဇာမျက်နှာကို ကြည့်ရမှာ အားနာသဖြင့်. . ကော်ဖီကိုသာ ငုံ့သောက်နေလိုက်၏။ ဒေါ်သူဇာက သမီးဖြစ်သူ၏ ဓါတ်ပုံကို လှမ်းကြည့်ရင်း. . .

"ပထမနှစ်အောင်တော့ ငါ့သမီးပညာတတ်ကြီးဖြစ်ဖို့ နီးလာပြီဆိုပြီး အားတက်လိုက်ရတာ၊ ခုတော့ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းမသိဘူး၊ လင်နောက်ပဲလိုက်သွားတာလား၊ လူကုန်ကူးခံလိုက်ရတာပဲလား၊ သေပဲသွားသလားဆိုတာ မသိရပါဘူးကွယ်"

"ဒါဆို ရဲကလည်း ဘာသတင်းမှမပေးဘူးပေါ့"

"လူပျောက်စုံစမ်းစဲနဲ့ပဲ အချိန်တွေကြာနေတာလေ"

ပယင်း ဒေါ်သူဇာကိုကြည့်ပြီး သနားလာ၏။ မုဆိုးမဘဝနှင့် သမီးကို စောင့်ရှောက်ခဲ့တာ အိုကြီးအိုမအရွယ်မှာ ပြန်ပြီးအားကိုးလို့ရှိပဲ ဖြစ်လိမ့်မည်။ ခုတော့ သမီးဖြစ်သူက စာမလာသတင်းမကြား



www.burmeseclassic.com

www.burmeseclassic.com



ဆိုသကဲ့သို့ ဆုံးစမြုပ်စ ပျောက်လို့နေခဲ့ပြီ။

ပယင်းတွေးရင်း အကျင့်ပါနေသော လက်သည်းခွံကို ကိုက်နေမိသည်။ ဒေါ်သူဇာက ပယင်းကိုကြည့်ပြီး. .

"သမီးကို ရောက်ကတည်းကကြည့်နေတာ. .၊ သမီးလေး တိမ်လွှာ နေပုံထိုင်ပုံ၊ ပြောပုံဆိုပုံနဲ့ တစ်ပုံစံထဲပဲ. .၊ အခု သမီးလက်သည်းကိုက်နေတာကအစပေါ့၊ မျက်နှာပုံစံ မတူပေမယ့် သမီးပြန်ရောက်နေသလို ခံစားရတယ်ကွယ်"

အပြန်လမ်းတလျှောက် တိမ်လွှာ့အကြောင်းကို တွေးလာမိသည်။ ခုချိန်ထိ ပြန်ရှာမတွေ့ပုံထောက်လျှင်. . အကြောင်းတစ်ခုခုကြောင့် သေသွားတာပဲဖြစ်လိမ့်မည်ဟု ပယင်းတွေးမိသည်။

၅ ၅ ၅ ၅





ကိုး စားချင်သည့် ရဲမိုးကို အားနာကာ ပယင်း အချိန်ပြည့် လိုက်တက်ပေးခဲ့သည်။ သို့သော်. . သူမခေါင်းထဲ စာတွေမရောက် အတွေးပေါင်းစုံနှင့်သာ ချာချာလည်နေ၏။

စာသင်ချိန်ပြီးသွားတော့မှ ပယင်းစိတ်တွေ ပေါ့ပါးသွားသည်။ ကင်(န်)တင်းတွင် ထိုင်မိကြမှ ပယင်းအသံ ထွက်လာ၏။

"ဒီဘာသာရပ်သာ ဆက်ပြီးလေ့လာရမယ်ဆိုရင်. . နောက်ဆုံးနှစ်မရောက်ခင် ရူးသွားလိမ့်မယ်ထင်တယ် ရဲမိုးရယ်"

"ဟားဟားဟား. . ပြောတော့မယ် ပယင်းရယ်၊ ဒါကစိတ်ဝင်စားစရာကောင်းပါတယ်၊ ပယင်းစိတ်ရှုပ်နေတဲ့အချိန်မို့ပါ. ."

ပယင်းလည်ပင်းဆီ ရဲမိုး အကြည့်ရောက်သွား၏။ ဘာမှမဝတ်ထား၍ သက်ပြင်းခိုးရှိုက်လိုက်သည်။

"ဆွဲကြိုးဘာလို့ မဆွဲလာတာလဲ၊ မကြိုက်လို့လား ပယင်း"

"အဲ. . အဲလိုမဟုတ်ပါဘူး၊ ရေချိုးဖို့ချွတ်ထားရင်းနဲ့ မေ့လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာ"

"ဟုတ်လား. . တော်သေးတာပေါ့၊ ဒါနဲ့. . ပယင်းတို့လေး ယောက် တွဲရိုက်ထားတဲ့ပုံ ရှိသေးလား"

ပယင်းခေါင်းညိတ်ပြီး ကျောပိုးအိတ်ဖွင့်ကာ စာအုပ်တစ်အုပ်ကြားမှ ထုတ်ယူပေးလိုက်၏။ ရဲမိုး ဓါတ်ပုံကိုသေချာကြည့်ပြီး. .

"ပယင်းတို့လေးယောက်ကို ဘယ်သူ ဓာတ်ပုံရိုက်ပေးတာလဲ"

ပယင်း လက်သည်းခွံလေးကိုက်ကာ စဉ်းစားရင်း. .

"ဒီဓာတ်ပုံထဲမှာမပါတဲ့ တိမ်လွှာ ရိုက်ပေးတာပဲဖြစ်ရမယ်၊ သဲစုခိုင် ဒီအကြောင်းတွေ အကုန်သိလိမ့်မယ်၊ သူ့ကို သွားတွေ့ချင်တယ် ရဲမိုး၊ အရင်တစ်ခါက သူသောင်းကျန်းနေလို့ ဘာမှမမေးခဲ့ရဘူး. . ."

"ဒီအချိန်ကြီး မသွားပါနဲ့လား ပယင်းရယ်"

"မသွားလို့ မဖြစ်ဘူး၊ တိမ်လွှာ့အကြောင်းကို သိရမှဖြစ်မယ်၊ ရတယ် ငါတစ်ယောက်ထဲပဲ သွားတော့မယ်"

ပယင်းက စိတ်မြန်လက်မြန် ဖြစ်နေသည့်အတွက်. .

"ကဲ. . ကဲ. . နင်သွားချင်နေမှတော့ လိုက်ပို့ပေးရမှာပေါ့၊ တစ်ယောက်ထဲတော့ မသွားပါနဲ့ ပယင်းရယ်"

ပယင်းကြည်နူးကျေနပ်စွာနှင့် ခေါင်းညိတ်ပြလိုက်၏။

ထိုအချိန်တွင် စိတ်ကျန်းမာရေးဆေးရုံက သဲစုခိုင်မှာ. . . သူမအခန်းထဲ အကြောက်လွန်ကာ အော်ဟစ်သောင်းကျန်းနေလေသည်။ ထို့အတွက် သူ့အခန်းနားမှ အခြားလူနာများပါ သည်းမခံနိုင်တော့ဘဲ သောင်းကျန်းနေကြ၏။





လူနာထိန်းနှင့် တာဝန်ကျဝန်ထမ်းများက သဲစုခိုင်အား အခန်းပြောင်းရန်. . ချုပ်နှောင်ကာ ခေါ်ထုတ်သွားကြသည်။

"ကျွန်မကို တစ်ယောက်ထဲ မထားကြပါနဲ့. . တောင်းပန်ပါတယ်. . ကျွန်မကြောက်လို့ပါ၊ ကျွန်မကို သူလာသတ်လိမ့်မယ်"

မည်သို့ပင်ပြောဆိုစေကာမူ အခြားလူနာများ အနှောင့်အယှက်မဖြစ်စေဖို့အတွက် အလုံပိတ် တစ်ယောက်ခန်းတွင် သူမကို ထည့်ထားလိုက်ကြသည်။ ဤတွင်လည်း သဲစုခိုင်က တံခါးကိုထုရိုက်ပြီး လွှတ်ပေးဖို့ ပြောဆိုသောင်းကျန်းနေပြန်သည်။

လူနာထိန်းများလည်း တာဝန်ခံဆရာဝန်အား အခြေအနေပြောပြ၍ ချုပ်နှောင်ထားဖို့ ခွင့်ပြုမိန့်တောင်းတော့သည်။ ဆရာဝန်လည်း သဲစုခိုင်အား လာရောက်ကြည့်ရှုပြီး ချုပ်ထားရန် ခွင့်ပြုချက်ပေးလိုက်သည်။

နောက်ဆုံးတော့ သူမအား စိတ်ငြိမ်ဆေးထိုးကာ ခြေလက်များကို ခုတင်နှင့်တွဲပြီး တုပ်နှောင်ထားလိုက်ကြလေတော့သည်။

"ကျွန်မကို တစ်ယောက်ထဲ မထားခဲ့ကြပါနဲ့. . ကြောက်လို့ပါ၊ ကျွန်မကို သူလာသတ်လိမ့်မယ်. . ကြောက်တယ်. . ကြောက်တယ်"

အကြိမ်ကြိမ် တီးတိုးတောင်းပန်ပြောဆိုရင်း သဲစုခိုင် မောလာတော့၏။ ထိုအချိန်တွင်မှ အခန်းထဲ ထူးခြားမှုတွေ ဖြစ်ပေါ်လာသည်။ အလုံပိတ်အခန်းထဲ လေတွေတဟူးဟူး တိုက်လာ၏။

သူမအကြောက်ဆုံးအချိန်ကို ရောက်လာပြီဆိုတာ သူသိနေသည်။ လှုပ်မလှုပ်နိုင်သော်လည်း မျက်လုံးက ကြီးတန်းတောင်မော့ကြည့်ကာ ရှာဖွေနေ၏။ သူမ အထိတ်တလန့် မျှော်လင့်ထားသည့်

www.burmeseclassic.com



အတိုင်း အခန်းထောင့်တွင် မိန်းမတစ်ယောက် ရပ်နေတာကို တွေ့သွားသည်။

"ဟင်. . သွား. . သွား. . မလာနဲ့. . မလာနဲ့၊ နင် သေရတာ ငါ့ကြောင့်မဟုတ်ဘူး၊ ငါ့ကိုမသတ်ပါနဲ့. . ငါ့ကိုခွင့်လွှတ်ပေးပါ"

ရေတွေစိုရွှဲပြီး ဆံပင်ဖားလျားနှင့်ဝိညာဉ်က ခေါင်းရမ်းပြသည်။

"ကယ်ကြပါ. . ကယ်ကြပါ၊ ကျွန်မကို တိမ်လွှာသတ်တော့မယ်. . လာကြပါဦးရှင်"

သဲစုခိုင် ဘယ်လိုပဲတောင်းပန်တောင်းပန် တာဝန်ရှိသူတွေ မကြားနိုင် မသိနိုင်တော့။ အငြိုးကြီးသည့် သရဲမက မလှုပ်နိုင် မရှားနိုင်သည့် သဲစုခိုင် ခုတင်ပေါ်သို့ တက်လာနေချေပြီ။ ဖားလျားချထားသော ဆံပင်ကြားမှ ထိုမိန်းမမျက်နှာကို သဲစုခိုင် အသေအချာမြင်လိုက်ရသည်။

"ဟင်!. . နင်. . နင်. . ပ. . ပယင်းပါလား. . "

ရေစိုမိန်းမက သဲစုခိုင်လည်ပင်းကို ဖမ်းဆုပ်ကာ ပါးစပ်မှလည်း ရေတွေသွန်ချလိုက်တော့သည်။ သဲစုခိုင်ပါးစပ်ထဲ ရေတွေဒလဟော ဝင်သွားကာ အကြောဆွဲပြီး အသက်ထွက်သွားလေ၏။ ထိုအခါမှ ကျေနပ်သွားဟန်တူသည့် ဝိညာဉ်က ဟားတိုက်ရယ်မောနေတော့သည်။

ပယင်းနှင့်ရဲမိုးတို့ ညနေခြောက်နာရီလောက်မှ ရွာသာကြီးသို့ ရောက်လာကြသည်။ ပယင်းက တာဝန်ရှိသူများအား အကျိုးအကြောင်းပြောပြကာ သဲစုခိုင်နှင့် တွေ့ခွင့်တောင်းသည်။

"စိတ်မကောင်းပါဘူး၊ သူဆုံးသွားတာ နာရီဝက်ရှိသွားပါပြီ"





"ရှင်!. . . "

ခဲလေသမျှ သဲရေကျဆိုသလို ဖြစ်သွား၏။

နောက်ဆုံး သတင်းအရင်းအမြစ်လည်း အသက်ဆုံးသွားပြီဆိုတာ သိရပြီးနောက် ပယင်း အဆုံးစွန်ထိ ထိတ်လန့်တုန်လှုပ်သွားတော့သည်။ သူတို့ ငါးယောက်အုပ်စုမှာ သုံးယောက်က အသက်ဆုံးသွားရပြီဖြစ်သလို တစ်ယောက်က သတင်းအစအန မကြားရသည်မို့ သက်ရှိထင်ရှားကျန်ရစ်သူက ပယင်းတစ်ယောက်ထဲသာ ကျန်တော့၏။

"ဒါ. . ဒါဆို ပယင်းအလှည့် ရောက်လာတော့မှာလား"

"ဒီလောက်လည်း စိုးရိမ်မနေပါနဲ့ ပယင်းရယ်၊ ဥပဒါန်ကြောင့် ဥပါဒ်ရောက်နေပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com







# အခန်း (၁၂)

## နောက်

တစ်နေ့. . .

"အင်းယားကန် ကြက်ကျွန်းကိုသွားမယ်"

"ဘာသွားလုပ်မလို့လဲ ပယင်းရဲ့"

"ပယင်းမွေးနေ့မှာ အဲဒီကိုသွားတယ်လို့ ယမုံပြောဖူးတယ်"

သို့နှင့် သူတို့ ထွက်လာခဲ့ကြသည်။ ကြက်ကျွန်းတို့ သွားလို့ လာလို့ ရနေသေး၍ အဆင်ပြေသွားသည်။ ပယင်းတို့ဘက်သို့တောင် ရောက်ခဲ့ကြသေးသည်မဟုတ်လား။ အဆင်ပြေသည့်တော်

www.burmeseclassic.com

www.burmeseclassic.com



နေရာတွင် ကားရပ်ပြီး ဆင်းလျှောက်ခဲ့ကြ၏။

အင်းယားအလှက. . ရှုမောမဆုံး သာယာလှပနေသည်။ တန်စပ်တွင် ကျောက်တုံးကျောက်ခဲပုံကြီးများကို တွေ့ရသည်။ ကန်၏မြေထိန်းနံရံ မပြိုအောင်ကျောက်တုံးများနှင့် နံရံစီထားသည့် လက်စလက်နများ ဖြစ်ဟန်တူ၏။

"ချော်လဲမယ် သတိထားနော်"

ပယင်းကို လှမ်းထိန်းပေးရင်း လျှောက်လာခဲ့၏။ ကန်စပ်ရှိ ကျောက်တုံးကြီးတစ်တုံးပေါ် နှစ်ယောက်သား ထိုင်လိုက်ကြရင်း ရိုးတ သူဝယ်လာသော ရေသန့်ဘူးကိုဖောက်ကာ ပယင်းကို လှမ်းပေးရင်သည်။

"ပယင်းမောနေပြီ သောက်လိုက်ဦး"

ပယင်း ရေဘူးကိုလှမ်းယူရင်း သောက်ရန်ပြင်စဉ်မှာပင်. . အနားမှ သစ်ငုတ်ကြီးကို တွေ့သွားကာ. . .

"ဟင်. . ဟိုသစ်ငုတ်ကြီးက ဓာတ်ပုံထဲမှာပါတဲ့ သစ်ငုတ်ကြီးပဲ"

သူတို့နှစ်ယောက်. . သစ်ငုတ်ကြီးရှိရာသို့ ရောက်လာကြသည်။ ဓာတ်ပုံထဲက ဖရိန်အတိုင်း ရဖို့ဆိုလျှင် ဓါတ်ပုံရိုက်သူက ကန်စပ်နားမှ ရိုက်ယူမှဖြစ်မည်ဟု သုံးသပ်မိကြသည်။

ခုချိန်ထိ ပယင်း ဘာကိုမှမမှတ်မိသေး၊ ကမ်းပေါ်မှာ သဲလွန်စ မတွေ့သည့်အတွက် ရေပြင်ဘက်သို့ မျက်နှာမူလိုက်သည်။

ရေပြင်ကို စူးစူးစိုက်စိုက်ကြည့်ရင်း. . ပယင်း ဦးနှောက်ထဲ အလုပ်ပေးနေ၏။ ထိုအခိုက်အတန့်မှာပင် အတွေးအာရုံထဲ ဆင် လက်သွားပြီး ပုံရိပ်တချို့ မြင်ယောင်လာ၏။





သဲစုခိုင်၊ ပယင်းနှင့် ယမုံတို့ အပင်ရှေ့မှာရပ်ပြီး လက်ယပ်ခေါ်နေသည်။ ချက်ချင်းပင် ပိုးအိဝင်လာကာ လေးယောက်စုံသွားတော့၏။

"ကဲ. . ရိုက်လို့ရပြီ တိမ်လွှာ"

တိမ်လွှာက ရေပြင်ကို ကျောပေး၍ တန်စပ်တွင်ရပ်ပြီး. . သူတို့အုပ်စုအား ကင်မရာနှင့်ချိန်ကာ ရိုက်ပေးနေသည်။

တကယ်တန်းထွက်လာတော့လည်း ရေဘူး၊ ကော်ပိုအိတ်၊ ကင်မရာ စသည်တို့ကို တိမ်လွှာတစ်ယောက်ထဲ သယ်ခဲ့ရသည်။ ခုလည်း သူတို့လေးယောက် ပို့(စ်)မျိုးစုံနှင့် အိုက်တင်ပေးနေကြတာကို တိမ်လွှာကသာ ဒိုင်ခံရိုက်ပေးနေရရှာသည်။ တိမ်လွှာ့ပုံကိုတော့ အမှတ်တရရိုက်ပေးဖို့ ဘယ်သူမှစိတ်မကူးကြ. . .

ဓါတ်ပုံရိုက်လို့အားရတော့ ကန်စပ်မှာတစ်ယောက်ထဲ ထိုင်နေသည့် တိမ်လွှာ့ထံ ပယင်းရောက်သွား၏။ ကျန်မိန်းကလေးများကတော့ ကင်မရာထဲမှ ရိုက်ထားသည့်ပုံများကို ပြန်ကြည့်နေကြသည်။

"တိမ်လွှာ. . ၊ နင် ငါတို့နဲ့ ဒီကိုလိုက်လာတာ နင့်အမေကို ပြောခဲ့သေးလား"

တိမ်လွှာ ခေါင်းရမ်းပြ၏။

"ကဲ. . ထပါအုံး တိမ်လွှာရယ်"

အမိန့်ပေးသံကြောင့် တိမ်လွှာထလာသည်။ ပယင်းက တိမ်လွှာ၏ ပခုံးနှစ်ဖက်ပေါ် လက်တင်ပြီး ပြုံးလိုက်ရင်း. .

"နင် ရေကူးတတ်တယ် မဟုတ်လား"

ပယင်းအမေးကို တိမ်လွှာအနည်းငယ် ကြောင်သွား၏။

"ကူး. . ကူးတတ်. . . ပါ. . ."



www.burmeseclassic.com

www.burmeseclassic.com



တိမ်လွှာ စကားပင်မဆုံးလိုက်. . .၊ ပယင်းက သူမအား အရှိန်ပြင်းပြင်းနှင့် ရေထဲဆောင့်တွန်းချလိုက်တော့သည်။

တိမ်လွှာ ရေထဲပြုတ်ကျသွား၏။ ချက်ချင်းပြန်ပေါ်မလာ။ ယမုံတို့သုံးယောက်လည်း ပယင်းနားရောက်လာပြီး တိမ်လွှာ၏ အပြစ်တို့ သဘောကျစွာ ဟားတိုက်ရယ်နေကြ၏။ အတန်ကြာမှ တိမ်လွှာ ပြန်ပေါ်လာသည်။ တိမ်လွှာ ရေကူးတတ်၍ တော်သေးသည်။ တိုယ်ဖော့တာ ရေပေါ်,ပေါ်နေ၏။

ထိုအချိန်တွင် တိမ်လွှာ့ကိုသာ အာရုံစိုက်နေသော ပယင်းအား ရေကူးတတ်သည်အထင်နှင့်. . ယမုံ၊ ပိုးအိ၊ သဲစုခိုင်တို့ တစ်ယောက်ကိုတစ်ယောက် လက်တို့ရင်း အသံတိတ်တိုင်ပင်ကာ. . .

“ဟက်ပီးဘတ်ဒေး. . ပယင်း”

ဟု သံပြိုင်အော်ရင်း. . ပယင်းအား ရေထဲတွန်းချလိုက်ကြလေသည်။

ပယင်း ရေနစ်နေခဲ့ပြီ။ သေမှာကြောက်သည့်ဇောနှင့်. . အတင်းရုန်းကန်ကူးခတ်မှုကြောင့် ရေပေါ် ခဏပြန်ပေါ်လာ၏။ အထိတ်တလန့်မျက်ဝန်းနှင့် ဝရုန်းသုန်းကားလှုပ်ရှားရင်း. . .

“ငါ. . ငါ. . ရေမကူးတတ်ဘူး”

အလန့်တကြား အော်ပြောပြီးနောက် ပယင်း ရေထဲပြန်မြုပ်သွားသည်။ ထိုအခါမှ ကန်စပ်ကသုံးယောက် ဘာလုပ်ရမှန်းမသိဖြစ်ကာ မျက်စိမျက်နှာ ပျက်ကုန်ကြသည်။

ပယင်းရှိရာဆီ တိမ်လွှာ ကူးခတ်သွား၏။

ရေကြည်နေသည်မို့ ရေမွှန်းကာ အလန့်တကြား ရုန်းကန်နေသည့် ပယင်းကိုတွေ့သွားသည်။ တိမ်လွှာ အတင်းဆွဲပြီး





ရေပေါ် တွန်းတင်ပေးလိုက်၏။ ပယင်းလည်း အသက်ဘေးကြောင့် ဘာကိုမှ သတိမပြုမိတော့. . .

သူ့ကိုလာကယ်သော တိမ်လွှာ့ကိုယ်ပေါ် ကုတ်ကပ်တက်၍ တိမ်လွှာ့ပခုံးပေါ် ခြေနှင့်အားစိုက်နင်းကာ. . ရေပေါ်ထိုးတက်ဖို့ ကြိုးစားသည်။ ခြေထောက်ဖြင့် ပခုံးကို နင်းတက်သွားသော အရှိန်ကြောင့် တိမ်လွှာရေအောက်သို့ အရှိန်နှင့်ကျသွား၏။ ဖြစ်ချင်တော့ ရေအောက်ကြမ်းပြင်ရှိ ကျောက်တုံးနှစ်ခုကြား တိမ်လွှာ့ခြေထောက် ညပ်သွားလေ၏။ တိမ်လွှာ ဘယ်လိုမှရုန်းမရဘဲ ဖြစ်သွားသည်။

အကြောက်လွန်နေသည့် ပယင်းလည်း ရေပေါ်ကိုမတက်နိုင်ဖြစ်နေသည်။ ကန်စပ်မှ ဝိုင်းကြည့်နေကြသည့် မိန်းကလေးအုပ်စုမှာလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေ၏။

ရေအောက်ပြန်ကျလာသော ပယင်းလက်ကို တိမ်လွှာလှမ်းဆွဲကာ အကူအညီတောင်းရှာသည်။ ပယင်းကလည်း အတင်းရုန်းကာ ရေပေါ်ပြန်တက်ဖို့ ကြိုးစား၏။

ဤတွင်. . တိမ်လွှာ၏ လက်သည်းများနှင့် ပယင်းလက်ကို ကုတ်ဆွဲမိသလိုဖြစ်သွားကာ သွေးများဖြာ၍ အစင်းကြောင်းကြီး ဖြစ်သွား၏။ ပယင်းကတော့ သူလွတ်မြောက်ဖို့ကိုပဲ ကြိုးစားနေ၏။

ပယင်း. . တိမ်လွှာ့ခေါင်းကိုတက်နင်းကာ တွန်းကန်ရင်း ရေပေါ် ပြန်တက်သည်။ သို့သော် ရေမကူးတတ်သော ပယင်းလည်း ရေအောက်သို့ ပြန်ကျသွားလေတော့သည်။

ပစ္စက္ခအချိန်မှာတော့. . ကန်ပေါ်တွင်ရပ်နေသော ပယင်း ပျောက်ဆုံးနေသည့် မှတ်ဉာဏ်အပိုင်းအစများကို မှတ်မိသွားပြီဖြစ်သည်။ သူတို့အုပ်စု ဘာဖြစ်ခဲ့ကြသလဲဆိုသည့် အကြောင်းအရာ

www.burmeseclassic.com



အလုံးစုံကို ပြန်လည်သိမြင်ခဲ့ပြီမို့. . ပယင်း ရေပြင်ကိုစိုက်ကြည့်ပြီး စိတ်ပိုင်းဖြတ်လိုက်ဟန်နှင့် ရေထဲ ဒိုင်ဗင်ထိုးချလိုက်တော့၏။

"ဗွမ်း. . ."

အခုတော့. . သူက ရေကူးတတ်နေပြီပဲ. . .။

"ဟာ. . ပယင်း. . ပယင်း"

ရဲမိုး အလန့်တကြားလှမ်းအော်သည်။ ပယင်းက ရေနက်ထဲ ငုပ်ဆင်းကာ ရှာဖွေကြည့်သည်။ သဲတွေ၊ အမှုန်တွေ ဝေယက်ထနေသဖြင့် ရေအောက်မှာ သဲသဲကွဲကွဲ ဘာကိုမှမမြင်ရ. . .

ထိုအခိုက် သူ့ပန်းကို တစ်စုံတစ်ခု လာထိသဖြင့် လှည့်ကြည့်လိုက်တော့ တိမ်လွှာဖြစ်နေတာ တွေ့လိုက်ရ၏။ တိမ်လွှာက ခုချိန်ထိ ပုံမပျက်သေး၊ တိမ်လွှာ၏ သက်မဲ့ခန္ဓာအား ဖက်ထားလိုက်ပြီး ရင်ထဲက တီးတိုးတောင်းပန်နေမိသည်။ သူရေပေါ် ပြန်တက်ဖို့ စိတ်ကူးမရတော့. . .

ထိုအချိန်မှာဘဲ သူ့လက်မောင်းတစ်ဖက်ကို ဆွဲယူဆုပ်ကိုင်ကာ ရေပေါ် ဆွဲတင်တာကို ခံလိုက်ရသည်။ ဘယ်သူလဲဟု စူးစမ်းနေစရာမလို. . . ဒါ ရဲမိုးပဲဖြစ်မည်။

ရေပေါ် ပေါ်လာသည်နှင့် ရဲမိုးက ရေနစ်သူဆယ်ယူနည်းအတိုင်း မေးစေ့အောက်မှ သိုင်းဖက်ကာ ကမ်းဆီသို့ပြန်ကူးခဲ့၏။ မြေကြီးပေါ် ခြေနင်းမိတော့ နှစ်ယောက်လုံး ခြေကုန်လက်ပန်းကျကာ ချောင်းတဟွတ်ဟွတ် ဆိုးနေကြသည်။ ပယင်းမှာ အသက်ရှူဝသည်နှင့် ရေပြင်ကိုကြည့်ကာ ရှိုက်ငိုတော့သည်။

"ဒါတွေအားလုံး ငါ့အမှားတွေပါ တိမ်လွှာရယ်၊ ငါ့ကြောင့်နင် သေခဲ့ရတာ၊ ငါ့ကိုခွင့်လွှတ်ပါနော်. . အဟင့်. . ဟီး"





ပယင်း ရင်ဖွင့်စကားတွေပြောရင်း ရှိုက်ငိုနေတာကို ရဲမိုး အသာလွှတ်ပေးထားလိုက်၏။ အတန်ကြာအချိန်ပေးပြီးမှ. . .

"ငိုနေလို့မပြီးဘူး ပယင်း၊ ရဲကိုအကြောင်းကြားရမယ်"

"တိမ်လွှာ့အမေဆီကိုပါ အကြောင်းကြားပေးပါ ရဲမိုးရယ်"

ကျောပိုးအိတ်ထဲမှ ဖုန်းထုတ်၍ ရဲမိုး အလုပ်ရှုပ်သွားတော့၏။ နှစ်နေရာသုံးနေရာလောက် လှမ်းဆက်သွယ်ပြီး ထိုင်စောင့်နေခဲ့ကြသည်။ မိနစ်(၂၀)လောက်အကြာမှာ ရဲကားတစ်စီး အရင်ဆုံးရောက်လာ၏။

အလောင်းကိုဆယ်ယူအပြီး တိမ်လွှာ့အလောင်းက ပုံမပျက်သေးတာကို အားလုံးတွေ့ကြရသည်။ ရဲအချင်းချင်း ပြောနေတာကို ပယင်းတို့ အတိုင်းသားကြားနေရ၏။

"အလောင်းက ဘာလို့မပျက်ဆီးသေးတာလဲ"

"အင်းယားရေက ပြောင်းသွားတာကြာပြီလေ၊ အဓိက,တာတော့ 'အာဆင်းနစ်'ပျော်ဝင်မှုနှုန်း များနေတာပဲ၊ အာဆင်းနစ်ရဲ့ သတ္တိက ရုပ်အလောင်းတွေကို မပျက်ဆီးစေဘူးလေ၊ အင်းယားကန်ထဲမှာ ဘာငါးမှမရှိတော့တာဘဲကြည့်လေ၊ သက်ရှိတွေ မရှင်သန်နိုင်တော့တာကြာပြီ"

ထို့နောက် ဒေါ်သူဇာရောက်လာကာ သမီးအလောင်းကို ကြည့်ပြီး ဝမ်းနည်းပက်လက်ဖြစ်တော့သည်။ ကိစ္စအားလုံး ပြီးသွားပြီမို့ ပယင်းတို့လည်း လမ်းခွဲကာပြန်လာခဲ့ကြတော့၏။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်မှောင်မည်းနေသည့် ခြံကြီးအတွင်း ပယင်းဝင်လာခဲ့သည်။ ညော့ခန်းဆီမှ မီးရောင်လေးကို လှမ်းမြင်နေရ၏။ မေမေ အိပ်နေပြီလားတော့ မပြောတတ်. . ၊ အိမ်ထဲမှာလည်း လုံးဝတိတ်ဆိတ်နေ၏။ သတိထားပြီး ပိတ်လိုက်သည့်ကြားက တံခါးသံက အတော်ကျယ်ကျယ်လေး မြည်သွားသည်။

မေမေလန့်မနိုးအောင် ခြေသံလုံလုံနင်း၍ အိမ်ထဲဆက်ဝင်လာခဲ့၏။ ပယင်း အခန်းဝနားအရောက်. . .

"ပယင်း ဘယ်တွေသွားနေတာလဲကွယ်၊ အိမ်ပြန်နောက်ကျလိုက်တာ၊ မေမေ သမီးကို စောင့်နေတာကွဲ့. . "

ဒေါ်သန္တာက လက်ကမ်းပေးသဖြင့် မေမေ့ရင်ခွင်ထဲ ပယင်းပြေးဝင်ကာ ဖက်ထားလိုက်သည်။ ဒေါ်သန္တာကလည်း ပြန်လည်ဖက်တွယ်ပြီး ပွတ်သပ်ပေးနေ၏။

"ဟင်. . မေမေ့ကိုယ်တွေ အေးစက်နေပါလား"





"ဟုတ်တယ်. . သမီး၊ မေမေ သိပ်နေမကောင်းဘူး ဖြစ်နေတယ်"

ပယင်း သူ့အမေမျက်နှာကို လှမ်းကြည့်တော့ အသားအရည် ဖြူဖတ်ဖြူရော်နှင့် ပြာနှမ်းနေ၏။

"တောင်းပန်ပါတယ် မေမေရယ်၊ အရေးကြီးကိစ္စလေးရှိလို့ နောက်ကျသွားတာပါ။ မေမေ စိတ်ပူနေမယ်ဆိုတာ သိသိကြီးနဲ့. . ကိုယ့်ကိစ္စပဲကိုယ် အာရုံစိုက်နေတာ တစ်ကိုယ်ကောင်းဆန်သွားသလား မသိဘူး၊ နောက်ဆို. . သမီးထွက်ချင်သလို ထွက်မနေတော့ပါဘူး၊ မေမေ့အတွက် အချိန်ပေးမယ်. . သားအမိနှစ်ယောက် ပျော်ပျော်ရွှင်ရွှင် အတူနေကြမယ်၊ မေမေ စိတ်ချမ်းသာအောင်. . ပြောစကားလည်း နားထောင်ပါတော့မယ်"

"မေမေကဖြင့် စိတ်ပူလိုက်ရတာကွယ်. . . "

ဖက်တွယ်ထားသည့် သားအမိနှစ်ယောက်မှာ. . ပယင်းက ကြည်နူးစွာ မျက်ရည်ဝဲနေသလောက်. . ဒေါ်သန္တာ့မျက်နှာထားက လေသံနှင့်မလိုက်အောင် ခက်ထန်နေသည်။

"အခု အားလုံးပြီးသွားပါပြီ မေမေရယ်၊ သမီးအတိတ်ကို ပြန်သတိရနေပါပြီ"

"ဘာပြီးသွားတာလဲ သမီး၊ အခုမှစမှာလေ သမီးရဲ့. . "

မေမေ့ စကားကို နားမရှင်းသဖြင့် ပယင်း ကြည်နူးမှုတွေတန့်သွားပြီး ကိုယ်ကိုခွာကာ မေမေမျက်နှာကို အကဲခတ်၏။ ဒေါ်သန္တာမျက်နှာက တင်းမာခက်ထန်နေသည်။ ဒေါ်သန္တာ့အမူအရာကြောင့် ပယင်း အံ့အားသင့်သွား၏။

မေမေက သူ့ကိုစေ့စေ့ကြည့်ရင်း မဲ့ရွဲ့ပြနေသည်မို့. . .



www.burmeseclassic.com

www.burmeseclassic.com



"မေမေ သမီးကို စိတ်ဆိုးနေတာလား"

"မေမေ. . ဟုတ်လား၊ နင့်ကိုနင်တောင် ဘယ်သူမှန်း မသိသေးဘူးလား တိမ်လွှာ၊ ရေထဲမှာ နင်အရင် သေသွားတာပါ၊ နောက်မှ ငါရေမွန်းပြီး ဝိညာဉ်နဲ့ခန္ဓာ ကွာသွားတာ. .၊ အဲဒီအချိန်လေးမှာပဲ ငါ့ခန္ဓာကိုယ်ထဲကို နင့်ဝိညာဉ်က ဝင်လိုက်တာလေ၊ အခု ငါ့ခန္ဓာကိုယ်နဲ့ နင်လူလုပ်နေတာ. . သိရဲ့လား တိမ်လွှာရဲ့"

ဒေါ်သန္တာပြောရင်း မျက်နှာတစ်ချက်မဲ့လိုက်၏။

"ငါကမှ ပယင်းအစစ်ပဲ တိမ်လွှာ"

သူမက တကယ်ပဲ တိမ်လွှာတဲ့လား. .၊ တစ်နေ့လုံး ပင်ပန်းထားသည့်ဒဏ်နှင့် ယိုင်လဲကာ ဖင်ထိုင်လဲကျသွား၏။

"ကဲ. . ဘယ်လိုလဲ ငါ့နေရာမှာ နေရတာ သိပ်သဘောကျနေသလား၊ ခုလိုဖြစ်အောင်လုပ်တဲ့ ဟိုကောင်မတွေကိုလည်း လက်စားခြေပြီးပြီဆိုတော့. . . ဒီတစ်ခါ နင့်အလှည့်ပဲလေ. . ."

ပယင်း ခေါင်းကိုသာ တွင်တွင်ခါယမ်းနေ၏။

"ငါ့ခန္ဓာကိုယ်ကို နင့်ကို တစ်သက်လုံး ပေးထားလိမ့်မယ်များ နင်ထင်နေသလား"

"မဟုတ်ဘူး. . မဟုတ်ရပါဘူး၊ ကျွန်မ ဘယ်သူလဲဆိုတာ အခု သိပါပြီ ပယင်းရယ်"

အဖြစ်က နှစ်ယောက်လုံးရေနစ်ပြီး အသက်ပျောက်ခဲ့စဉ်မှာ ပယင်း၏ခန္ဓာထဲ တိမ်လွှာ၏ဝိညာဉ် ဝင်သွားကာ ရေကူးပြီး ကန်ဘောင်ပေါ် ပြန်တက်လာခြင်းဖြစ်သည်။ ထို့ကြောင့်လည်း ပယင်းနှင့် ပတ်သက်သည့်အတိတ်ကို သတိမရတာ ဖြစ်ပေမည်။

"ကဲ. . ငါ့ခန္ဓာကိုယ်ကို ပြန်လိုချင်ပြီ တိမ်လွှာ"



ထိုသို့ပြောပြီး ဒေါ်သန္တာတစ်ကိုယ်လုံး တုန်ခါလှုပ်ရမ်းသွားကာ အမူအရာတွေပါ ထူးခြားလာ၏။ ရုတ်တရက်ပင် ကိုယ်ကိုကိုင်းပြီး အန်ချလိုက်ရာ ရေတွေဒလဟော အန်ချလာ၏။ မရပ်မနားအန်ထုတ်လိုက်ပြီးနောက် ဒေါ်သန္တာ ဗိုင်းခနဲ ပစ်လဲသွားတော့သည်။

ဒေါ်သန္တာကိုယ်ထဲမှ ပယင်း၏ဝိညာဉ် ထွက်သွားတာပဲ ဖြစ်လိမ့်မည်။ လဲကျသွားပြီးနောက် အခြေအနေတွေ ငြိမ်သက်လို့သွားသည်။ ပယင်းလည်း ဒေါ်သန္တာ့အား စူးစိုက်ကြည့်ရင်း အကဲခတ်နေရသည်။ အချိန်အတန်ကြာသည်အထိ မလှုပ်တော့မှ သက်ပြင်းချနိုင်တော့၏။

အတိတ်တလန့်ညတွေ ကုန်ဆုံးပါစေဟု. . ဆုတောင်းရင်း ထရပ်ဖို့ကြိုးစားလိုက်သည်။ ထိုစဉ်မှာပင် ရေတွေလှုပ်ခတ်သံကို ကြားလိုက်ရ၏။

အသံကြားရာလှည့်ကြည့်တော့ ဒေါ်သန္တာအန်ထုတ်ခဲ့သည့် ရေကွက်ထဲမှ လက်တစ်ဖက် ထိုးထွက်လာတာ တွေ့နေရသည်။ ဆုတောင်းမပြည့်နိုင်တော့မှန်း သူမ သိလိုက်သည်။

ရေကွက်ထဲမှ လက်တစ်ဖက်အပြင် ခေါင်းပါ ထိုးထွက်လာသည်။ ပြီးတော့. . နောက်လက်တစ်ဖက်၊ ပြီးတော့. . တစ်ကိုယ်လုံး ထိုးထွက်လာသူက ပယင်းကိုယ်တိုင်ပင် ဖြစ်နေသည်။

ပယင်း၏ဝိညာဉ်က ပယင်း၏ကိုယ်ခန္ဓာရှိရာသို့ တစ်လှမ်းခြင်း လျှောက်လာနေပြီ။ ရေစက်လက်ကျနေသဖြင့် သူလာရာလမ်းတလျှောက် ရေကွက်တွေ ထင်ကျန်ရစ်ခဲ့သည်။

ပယင်းက သူမကိုသတ်ပြီး သူ့ခန္ဓာထဲ သူပြန်ဝင်တော့မည်လား. . ဒီလိုတော့ အဖြစ်မခံနိုင်။

www.burmeseclassic.com



ပယင်းသူ့အပေါ် ဘယ်လိုရက်စက်ခဲ့သလဲဆိုတာ သူအသိဆုံးဖြစ်သည်။ ထို့ကြောင့် တိမ်လွှာက ရှိုးကော့စ်မှန်ကို အားနဲ့ရိုက်ခွဲလိုက်၏။

"ခွမ်း!!. . ."

မှန်ကွဲသွားပြီး မှန်စတွေ လွင့်စင်ကျလာသည်။ ထိုမှန်ကွဲများထဲမှ ဓါးတစ်လက်နှင့် ခပ်ဆင်ဆင် မှန်ကွဲစကိုကောက်ယူကာ သူ့လတ်ကို ချိန်ရွယ်လိုက်သည်။ ဝိညာဉ်ပယင်း ခြေလှမ်းတုန့်သွား၏။ ပယင်းကိုယ်ထဲဝင်နေသော တိမ်လွှာက. . .

"နင်မှန်ပါတယ်၊ နင့်ခန္ဓာကိုယ်ထဲ ငါဝင်မနေသင့်ဖူးဆိုတာလေ၊ ငါ့ကိုခွင့်လွှတ်ပါ ပယင်းရယ်"

တိမ်လွှာစကားဆုံးသည်နှင့် ကိုင်ထားသည့် မှန်ကွဲစနှင့်. . လက်ကောက်ဝတ်သွေးကြောကို လှီးဖြတ်ပြစ်လိုက်တော့၏။

"မလုပ်နဲ့. . . မလုပ်နဲ့. . ."

ဝိညာဉ်ဖြစ်နေသော ပယင်း လှမ်းအော်သော်လည်း နောက်ကျသွားခဲ့လေပြီ။ တိမ်လွှာက အပြုံးမပျက်. . .၊ လက်မှသွေးတွေပန်းထွက်နေတာကို ကြည့်ရင်း တဖြည်းဖြည်း မူးမိုက်ရီဝေကာ လဲကျသွားတော့၏။

ထို့နောက်မှာတော့ တိမ်လွှာ့ဝိညာဉ်ပဲ ပယင်းကိုယ်ထဲမှထွက်သွားလေသလား၊ ပယင်းဝိညာဉ်ပဲ သူ့ကိုယ်ထဲ ပြန်ဝင်သွားလေသလားဆိုတာတော့ ဘယ်သူမှမသိနိုင်တော့ချေ. .။








ပယင်းသတိရလာတော့ ပထမဆုံး မြင်ရသည်က အဖြူရောင်မျက်နှာကျက်များသာဖြစ်သည်။ စူးရှသည့်အလင်းတန်းဘက်လှည့်အကြည့်တွင် အရိပ်မည်းတစ်ခုကို မြင်ရ၏။ ထိုအရိပ်က သူမထံတိုးကပ်လာပြီး နွေးထွေးသည့်လေသံနှင့်. . .

"သတိရလာပြီလား ပယင်း"

"ဪ. . ရဲမိုး၊ နင် ဘယ်ကဘယ်လို"

"ညကဖုန်းခေါ်တာ မကိုင်တာနဲ့ စိတ်ပူပြီးလိုက်လာတာ၊ တော်သေးတာပေ့ါ. . အိမ်နားရောက်တော့ အော်သံကြားတာနဲ့

www.burmeseclassic.com



မြဲစည်းရိုးကျော်ပြီး ဝင်ခဲ့တာ. ."

"မေမေ. . မေမေရော"

"ပယင်းအမေ ဆုံးသွားပြီ"

"ဟင်!. ."

ဒါဆို. . အခု သူကရော ဘယ်သူလဲ. . .။

ပယင်း. . ယောင်ပြီး လက်သည်းခွံလေးကို ကိုက်လိုက်မိသည်။

"ပယင်း. . ဒီအကျင့်ကြီး အခုထိမပျောက်သေးဘူးလား"

ဒါဆိုသေချာပြီ။ သူက ပယင်းမဖြစ်နိုင်တော့၊ ပယင်းခန္ဓာနဲ့ တိမ်လွှာပဲ ဖြစ်တော့သည်။ အငှားခန္ဓာနှင့် လောကထဲမှာ ထူးထူးဆန်းဆန်း ရှင်သန်ရဦးမှာပါလားဟု တွေးမိတော့ မောဟိုက်ဟိုက် ဖြစ်သွားသည်။

ပယင်း သူ့ကိုယ်ထဲ ပြန်မဝင်နိုင်ခဲ့ရှာဘူးပေါ့။

ကိုယ့်ကိုယ်ကိုယ်ရှာတွေ့ပြီးနောက်. . . တမ်းတမ်းတတ သတိရမိတာက သူ့အမေ ဒေါ်သူဇာကိုပဲဖြစ်သည်။ သူ့သမီးတိမ်လွှာ အသွင်သစ်နှင့် လောကထဲမှာ ရှိနေဆဲဆိုတာသာသိရင်. . ဘယ်လောက်များ ဝမ်းသာလိုက်လိမ့်မလဲ တွေးကာ. . . ခုပင် ပြေးသွားလိုက်ချင်နေမိသည်။

"ပယင်း အက်ဆီးဒင့်ဖြစ်တာလို့ ပြောထားတာနော်၊ ကိုယ့်ဘာသာ သေကြောင်းကြံတယ်ဆိုရင် ပယင်းအဖမ်းခံရမှာ"

"ပယင်းသဘောပေါက်ပါတယ်"

"ပယင်း. . ."

"ရှင်. . ."





ခေါ်သံက တုန်ယင်ကာ အက်သံပါနေသလို. . ထူးသံကလည်း မပွင့်တပွင့်ဖြစ်နေ၏။ ပယင်းက ရဲမိုးအား မော့ကြည့်သည်။ ရဲမိုးမျက်ဝန်းတွေက အရည်ကြည်လဲ့ကာ စိုစွတ်တောက်ပနေ၏။

အမူအရာကလည်း နွေးထွေးလှိုက်လှဲမှုအပြည့်နှင့် ခုပဲ ထွေးပွေ့ထားတော့မလိုမျိုး ဖြစ်နေသည်။

"ပယင်းကို တစ်ယောက်ထဲထားရတာ စိတ်မချတော့ဘူးကွာ၊ ပယင်းရဲ့ဘဝကို ကိုယ်တာဝန်ယူ စောင့်ရှောက်ခွင့်ပေးပါ"

ပယင်းကိုနှစ်သက်သဘောကျသူက လက်ထပ်ခွင့်တောင်းနေလေပြီ။ တိမ်လွှာ ကျိတ်၍သဘောကျသွား၏။

"ကျောင်းပြီးအောင် မစောင့်တော့ဘူးလား ရဲမိုး"

"ဟင့်အင်း ဒီနှစ်စာမေးပွဲပြီးတာနဲ့ လက်ထပ်မှာ. ."

တိမ်လွှာ ကြည်နူးစွာပြုံးပြီး ခေါင်းညိတ်ပြလိုက်သည်။ ရဲမိုးမျက်နှာဝင်းပ အရောင်လက်သွားကာ အပြုံးပန်းတွေ ဝေသွားသည်။

"ခုတော့. . ဒေါ်သန္တာ. . အဲ. . မေမေ့ နာရေးကိစ္စ စီစဉ်ရဦးမယ်လေ"

"မပူပါနဲ့ ပယင်းရယ်၊ ငါအားလုံး စီစဉ်ပြီးသွားပါပြီ"

ပယင်းက ခုတင်ပေါ်တွင် ထိုင်ရန်ကြိုးစားသည်ကို. . ရဲမိုး ဖေးမကူညီသည်။

"ပယင်းကို ဖက်ထားပါလား. . ."

ရဲမိုး ခေါင်းကို သွက်သွက်ညိတ်ပြကာ ခုတင်ပေါ်တင်မလွဲ ဝင်ထိုင်လိုက်ရင်း ပယင်းအား ထွေးပွေ့ဖက်ထားလိုက်လေတော့၏။

၅.၅.၅.၅



www.burmeseclassic.com

www.burmeseclassic.com



**ဒေါ်**ဘန္ဒာအား ကောင်းမွန်စွာ မီးသဂြိုလ်၍. . အုတ်ဂူလှလှလေး ပြုလုပ်ပေးခဲ့သည်။ ရက်လည်ဆွမ်းသွတ် သံဃာဆယ်ပါးပင့်၍ ပရိက္ခရာအစုံအလင်နှင့် လှူဒါန်းကာ ကုသိုလ်ပြု အမျှပေးဝေခဲ့၏။ ကိစ္စအားလုံးကို ဦးဆောင်ဖြေရှင်းပေးခဲ့သူကတော့ ရဲမိုးသာဖြစ်သည်။

ဝင်ကစွပ်လို အငှားခန္ဓာနှင့် တိမ်လွှာ၏ အဓိကဆန္ဒက. . မိခင်ရင်းဖြစ်သူ ဒေါ်သူဇာအား သွားတွေ့ရန်ဖြစ်၏။ ဟိုစဉ်တုန်းကတော့ ငါးစိမ်းသည်သမီး ဖြစ်ခဲ့တာကို ရှက်ပြီးသိမ်ငယ်ခဲ့ရသည်။ အခုတော့ အခြေအနေက ပြောင်းသွားပြီ။

အမေက. . အမေသာဖြစ်၏။

မနက်လေးနာရီလောက် အမေနေသောလမ်းထိပ်သို့ သူရောက်နေ၏။ အဖေဆုံးပြီးနောက် အမေ ငါးစရောင်းချိန်ကတည်းက ကူညီလုပ်ကိုင်ခဲ့ရသဖြင့် ဒီအချိန်ဆို အမေငါးကြိုထွက်ရတာ





သူသိနေ၏။ ဒါကြောင့်လာစောင့်နေခြင်းဖြစ်သည်။

သိပ်မကြာလိုက် အမေဒန်ဇလုံတွေ၊ ဆွဲခြင်းတွေ မနိုင်မနင်းနှင့် ထွက်လာတာတွေ့သည်။ ကွက်တိချိန်ကိုက်ကာ အမေ့ရှေ့တွင် ကားရပ်ပေးလိုက်၏။

"ကားငှားမလို့လား"

ဂျာကင်နှင့်ဘောင်းဘီဝတ်ပြီး ဦးထုပ်ပါဆောင်းထားသဖြင့် အမေသူ့ကို မှတ်မိပုံမရ. . .

"စံပြငါးဈေး သွားမယ်"

"တက်. . တက်. ."

အသံခပ်အုပ်အုပ်နှင့်ပြောလိုက်ပြီး. . ကားပေါ်မှ ဆင်းကာ နောက်ဖုံးတံခါးကို ဖွင့်ပေးလိုက်၏။ ကားပေါ် ဒန်ဇလုံတွေ၊ ဆွဲခြင်းတွေ ရောက်လာသည်နှင့် ငါးညှီနံ့ကလည်း လှိုင်တက်လာ၏။

နောက်ကျမှာစိုး၍ ကားကိုသွက်သွက် မောင်းလာခဲ့သည်။ အမေ့ဆိုင်နှင့် အနီးဆုံးနေရာအထိ မောင်းဝင်ပေးခဲ့၏။ ဒေါ်သူဇာ ကားပေါ်မှဆင်းပြီး ကားခပေးသည့်အချိန်ကျမှ သူမ ဦးထုပ်ကိုချွတ်လိုက်ရာ. . .

"ဟင်. . သမီး. . ပယင်း"

"ဟုတ်တယ်. . အမေ၊ အမေ့ကိုနောက်ချင်လို့ တမင်မပြောဘဲ လိုက်ပို့ပေးတာ"

သူ့ကို အမေ၊ အမေနှင့် ခေါ်နေတော့ ဒေါ်သူဇာ အံ့ဩနေလေသည်။

တားနေသည့်ကြားက ဇလုံကူသယ်ကာ ငါးကူရောင်းပေးနေ၏။ ဒေါ်သူဇာက မလုပ်ပါနဲ့ပြောလည်း မရ။ ဒါကိုကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သူ့သမီးတိမ်လွှာကို သတိရသွား၏။

ဖွဲ့ကောင်းသည့် ပယင်း၏. . နေ့စဉ်ရက်ဆက် အတင်းဝင်ရောက် ကူညီလုပ်ကိုင်ပေးမှုကြောင့် ဒေါ်သူဇာ ဘာမှမပြောသာတော့. . .

ဆိုင်နီးချင်းများကလည်း သမီးအစားရတဲ့ ဒေါ်သူဇာတို့ ကံကောင်းလိုက်တာဟု ထောပနာပြုကြသည်။

ကြာတော့. . ဒေါ်သူဇာ၏ ပယင်း အပေါ်ဆက်ဆံရေးက ပြောင်းလဲလာ၏။ ပယင်းကိုကြည့်ရင်း သူ့သမီးတိမ်လွှာ ပြန်ရောက်လာသ လို ဒေါ်သူဇာခံစားနေရသည်။ ဒါ ပယင်း၏ ဖွဲ့ခတ်ကြိုးပမ်းမှု အောင်မြင်ခြင်းပင်ဖြစ်သည်။

တစ်နေ့ အခွင့်သာသည်နှင့်. .

"အမေ. . သမီးက ပယင်းမဟုတ်ပါဘူး၊ အမေ့သမီးရင်း တိမ်လွှာပါ"

ပယင်းက ဇာတ်လမ်းကို နောက်ကြောင်းပြန်ကာ အပြည့်အစုံပြောပြလိုက်သည်။

ဒေါ်သူဇာ မျက်လုံးတွေ ချာချာလည်သွား၏။

"ပယင်း အသက်ပျောက်ပျောက်ချင်း. . သမီးဝိညာဉ်က ပယင်းကိုယ်ထဲ ဝင်ခဲ့မိတာ၊ အဲ့ဒါကြောင့် စိတ်ကတော့ အမေ့သမီး တိမ်လွှာ့စိတ်ပေါ့၊ ကိုယ်က ပယင်း ဖြစ်နေတာပါ အမေရဲ့၊ အစကတော့ သမီးကိုယ်သမီးတောင် မမှတ်မိဘူးဖြစ်နေတာ. . ."

"ညည်း. . သရဲကားရိုက်မလို့ ဇာတ်လမ်းထွင်နေတာလား ပယင်း"

ဒေါ်သူဇာ နောက်နေတယ်ပဲထင်ကာ လုံးဝလက်မခံပေ။





"အင်း. . သမီးငယ်ငယ်က အရမ်းချူချာခဲ့တယ်လေ၊ ပြီးတော့ အရမ်းဂျီကျတတ်တယ်၊ ဖေဖေပုခုံးပေါ်ထမ်းပြီး လမ်းလျှောက်ချော့သိပ်မှ အိပ်တတ်တာလေ အမေရဲ့"

ဒေါ်သူဇာ မျက်လုံးပြူးသွား၏။ နောက်မှ မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း. . .

"ဒါတွေက. . ဒေါ်ဒေါ် တိမ်လွှာ့ကို အမြဲပြောနေတဲ့ အကြောင်းတွေလေ၊ ညည်းလည်း တိမ်လွှာ့ဆီက ကြားထားတာနေမှာပေါ့. . ."

"ဒါဆို အမေ့ကျောမှာ ကျပ်ပြားဝိုင်းလောက်ရှိတဲ့ အနီရောင် အမှတ်ကြီးတစ်ခုရှိတယ်၊ အဲ့ဒါ သမီးမှတ်မိတယ်"

ဒေါ်သူဇာက ပယင်းအား တအံ့တသြကြည့်နေသည်။

ပါးစပ်အဟောင်းသားလဲဖြစ်သွား၏။

"ဒါ. . ဒါကလည်း. . တနည်းနည်းနဲ့ သိနိုင်တာပဲ"

"အမေရယ် ပြောရဆိုရခက်လိုက်တာ. . သမီးက တကယ် အမေ့သမီးအရင်းပါ"

ပယင်းကိုယ်နှင့်တိမ်လွှာ အပြင်းအထန် ထပ်မံစဉ်းစားရသည်။

ငယ်စဉ်ကအကြောင်းတွေ ပြန်တွေးကြည့်၏။ အရေးကြီးသောအချက်တစ်ခု စဉ်းစားမိသွားကာ ဝမ်းသာအားရနှင့်. . .

"အမေ. . သမီးမှတ်မိပြီ၊ သမီးသုံးတန်းတုန်းက ဆုပေးပွဲသွားတော့. . အဖွားပေးထားတဲ့ လက်စွပ်လေး ကျပျောက်သွားလို့ အမေရိုက်ခဲ့တာလေ၊ အဲ့ဒီတုန်းက ဒီအိမ်မဟုတ်သေးဘူး၊ အိမ်တိုင်မှာ ကြိုးတုပ်ပြီး. . အမေ သမီးကိုရိုက်ခဲ့တာလေ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သူဇာ ပယင်းကို စိုက်ကြည့်ရင်း မျက်ရည်တွေ ဝဲတက်လာ၏။ မျက်တောင်အဆက်မပြတ် ခတ်ရင်း မျက်ရည်မကျအောင် ထိန်းနေရသည်။

"ဒါတွေက ထူးခြားထင်ရှားတဲ့ အဖြစ်အပျက်တွေလေ၊ နှင်းကို တိမ်လွှာ ပြောပြတာပဲဖြစ်မှာပေါ့။ ကဲ. . သွားပါတော့ ညည်းမြန်မြန်ပါတော့. . ညည်းဘာပြောပြော ငါယုံမှာမဟုတ်ဘူး"

တိမ်လွှာ စိတ်ပျက်လက်ပျက်ဖြစ်သွားသည်။ အမေလက်ခံလာအောင် ဘယ်လိုသက်သေပြရမှန်း မသိတော့. . ။

ဘာပြောပြော လက်မခံသည့်အတွက် စိတ်လျှော့ပြီး အမေ့ကို ကျုံ့ကျုံ့လေးထိုင် ကန်တော့လိုက်၏။

ဒေါ်သူဇာ မျက်နှာလွှဲထားရသည်။

"အမေ လက်မခံဘူးနော်၊ ဒါပေမယ့် သမီးစိတ်မပျက်ပါဘူး ဟိုတုန်းက မုဆိုးမ ငါးစိမ်းသည်ရဲ့ သမီးဖြစ်ရတာ သမီးအရမ်းရှက်ခဲ့မိတယ်၊ အခု အမေ့မေတ္တာကိုရဖို့ သမီးဘယ်လိုလုပ်ရမလဲ၊ သမီး. . ဒီလောက်ပြောနေတာတောင် အမေလက်မခံဘူးနော်၊ ကောင်းပါပြီ အမေ. . သမီး ပြန်ပါတော့မယ်"

ပယင်း ထရပ်လိုက်၏။ ဒေါ်သူဇာ စကားမဟာဘဲ တောက်လျှောက်လိုက်ကြည့်နေသည်။

တံခါးဝနားအရောက်. . ပယင်း လက်သည်းကိုက်ရင်း. . သူ့အမေကို နောက်ဆုံးလှမ်းကြည့်မိသည်။

သူ့သမီးပုံစံနှင့် တစ်ပုံစံတည်းတူနေ၍. . ဒေါ်သူဇာ ဟန်မဆောင်နိုင်တော့. . ၊ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာတော့၏။





ပယင်းရှိရာသို့ တစ်လှမ်းချင်းတိုးကပ်လာကာ အတင်းသိမ်းကျုံး ဖက်ထားလိုက်လေတော့သည်။

"သမီး. ."

ပယင်းလည်း ငါးညှီနံ့သင်းသည့် အမေ့ကိုယ်ကို တအားဖက်တွယ်ထားရှာသည်။ နှစ်ယောက်သား လှိုက်လှိုက်လှဲလှဲပင် ရှိုက်ငိုနေကြ၏။ တင်းတင်းကြပ်ကြပ် ဖက်ထားရင်းနှင့်. . .

"သမီး. . သမီး. . အမေ့သမီးလေး ဒီတစ်သက်ပြန်မတွေ့ရတော့ဘူးလို့ ထင်ထားတာ၊ သမီးပြောပြတဲ့အကြောင်းတွေ အကုန်မှန်ပါတယ်ကွယ်. . အဟင့်. . အဟင့်"

အမေက ပြောလဲပြော ငိုလည်းငိုနှင့် မျက်နှာအနှံ့ နမ်းရှုပ်နေလေတော့၏။

"အခုတော့ အမေဆုံးဖြတ်လိုက်ပြီ၊ ရုပ်ထက် စိတ်က ပိုအရေးကြီးတယ်လို့ အမေခံယူလိုက်ပြီသမီး"

"အမေ. . အမေတကယ်ပြောတာလား၊ ဝမ်းသာလိုက်တာ အမေရယ်၊ သမီးဆိုးခဲ့မိုက်ခဲ့သမျှ အတိုးချပြီး အမေ့ကိုပြုစုမယ်. . သိလား၊ သမီးနဲ့အတူ သမီးအိမ်ကြီးကို လိုက်ခဲ့နော်အမေ"

ဒေါ်သူဇာက နောက်သို့ တစ်လှမ်းနှစ်လှမ်းဆုတ်ကာ. . . တိမ်လွှာ၏ လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်ရင်း တစိမ့်စိမ့်ကြည့်၏။

"ကံတရားက ဆန်းကြယ်လိုက်တာကွယ်. . ၊ သမီးလေး အလောင်းကို ပြန်တွေ့လို့ ရက်လည်လုပ်ပြီး အမျှဝေခဲ့တာ. . တစ်လတောင်မပြည့်သေးဘူး အမေ့ဆီပြန်ရောက်လာတယ်နော်"

"ဟုတ်တယ်အမေ. . သမီးအဖြစ်က သိပ်ဆန်းတာပဲနော်၊ ဘာပဲဖြစ်ဖြစ် သမီးပျော်တယ်မေမေ"



www.burmeseclassic.com

www.burmeseclassic.com




"အမေလည်း ပျော်ပါတယ်ကွယ်၊ အင်း. . . လောကကြီး ဆန်းကျယ်တယ်ဆိုတာထက် ပရလောက,က ပိုပြီးဆန်းတယ်နော်၊ အမေတော့ အရမ်းကြောက်သွားပြီကွယ်၊ အခု ငါးရောင်းတဲ့အလုပ် တို စွန့်လွှတ်ပြီး ကုသိုလ်ကောင်းမှုပဲ လုပ်တော့မယ်"

"ကောင်းတာပေါ့ အမေရယ်"

သေကွဲကွဲပြီးမှ ပြန်ဆုံရသည့် သားအမိ၏ ကြည်နူးမှုကို ဘယ်အလှတရားကမှ တုနှိုင်းယှဉ်ပြိုင် အနိုင်ယူလို့ မရနိုင်တော့. . ။

နှစ်ဘဝစံ. . . ပယင်း သို့မဟုတ် တိမ်လွှာအတွက်တော့ ရှေးဘဝက ဘယ်လိုအကုသိုလ်နှင့် ဘယ်လိုကုသိုလ်ကို ယှဉ်တွဲပြုခဲ့ သလဲဆိုတာ. . ဘုရားရှင်မှတပါး ဘယ်သူမှ သိနိုင်စွမ်းရှိလိမ့်မည် မဟုတ်ပါချေ။ ။




www.burmeseclassic.com